# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


သင်မှီခိုရာ၊ ကျွန်းသာယာကို
မြန်စွာပြုစု ဖန်တီးလော့။
လျင်စွာ လုံးပန်း ပညာစွမ်းကို
မပန်း မမော ပြပါလော့။
ညစ်ကြေး မှုတ်ပစ် ကိလေညစ်တို့
ကင်းလစ်သောခါ သံသရာ၌
မွေးကာ အိုရ ဤဘဝကို
ရဖို့ တစ်ဖန် မရှိပြီ။

မလဝင်
အညစ်အကြေး-၂၃၈
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၂၀)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော် တာဝန်ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ


စာမျက်နှာ-၃


## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ဥပဒေကြမ်းသုံးခု လွှတ်တော်၏အဆုံးအဖြတ်ရယူ


ပြည်သူ့လွှတ်တော်အစည်းအဝေး၊ စာမျက်နှာ-၇


## လုံးခင်း၊ ဖားကန့် ရတနာနယ်မြေရှိ ကျောက်စိမ်းရိုင်းအတိုင်းအဆမဲ့ တူးဖော်မှုမရှိစေရေး အစီအမံများရေးဆွဲ၍ ဆောင်ရွက်လျက်ရှိ


အမျိုးသားလွှတ်တော်အစည်းအဝေး၊ စာမျက်နှာ-၇


# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ပို့ကုန်/သွင်းကုန်ကားများ နေ့စဉ်ကူးသန်းသွားလာလျက်ရှိ



မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ပို့ကုန်/သွင်းကုန် ကားများကို တွေ့ရစဉ်

သတင်းနှင့်ဓာတ်ပုံ-သန့်ဇင် (မူဆယ်)

**မူဆယ် မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ပို့ကုန်/သွင်းကုန် ကားများ နေ့စဉ် ပုံမှန်ဝင်ရောက်လျက်ရှိပြီး နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုမှာလည်း ပုံမှန် အနေအထားရှိကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးတွင် နှစ်နိုင်ငံမှ ကုန်တင်ကားများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရပြီး မြန်မာဘက်မှ ပို့ကုန်အဖြစ် ဆန်၊ ပဲ၊ ပြောင်း၊ သကြား၊ ရော်ဘာ၊ ကြက်သွန်နီနှင့် အသီးအမျိုးမျိုး တစ်ရက်လျှင် ကုန်တင်ကား အစီးရေ ၇၀၄ စီးမှ ၇၁၀ စီးကျော်အထိ ဝင်ရောက်ကြောင်း၊ တရုတ်ဘက်မှ သွင်းကုန်အဖြစ် ဘိလပ်မြေ၊ စက်ယန္တရားအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများ နေ့စဉ်ကုန်တင်ကား အစီးရေ ၃၆၈ စီးမှ အစီး ၃၇၀ ခန့်အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် မြန်မာဘက်မှ ဆန်နှင့် သကြားကားများ ပိုမိုဝင်ရောက်လျက်ရှိကြောင်း၊ အလားတူ တရုတ်ဘက်မှ ကုန်ပစ္စည်းအမျိုးမျိုး တင်သွင်းမှုရှိသော်လည်း ပြေနှင့်မေလအတွင်း၌ ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလျက်ရှိကြောင်း သိရသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ◆





မြန်မာ့အလင်း

# ဆူးစူးရှပင် အပ်နှင့်ထွင်သည် . . .

၁း၁၂၀၀။ မြန်မာနိုင်ငံ၏ ရဲနှင့်ပြည်သူ အချိုးအစားမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။ အဆိုပါ အချိုးအစားအရ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြည်သူ ၁၂၀၀ ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ပေးနေရသည်ဟု ဆိုနိုင်သည်။ ထို့ထက်ပို၍တိကျသော ကိန်းဂဏန်းအရဆိုလျှင် ရဲတပ်ဖွဲ့ဝင် တစ်ဦးက ပြည်သူ ၁၂၇၄ ဦးကို တာဝန်ယူနေရခြင်းဖြစ်ပြီး နိုင်ငံတကာ စံနှုန်းအရ ရဲတစ်ဦးလျှင် လူဦးရေ ၄၀၀ အချိုးသာရှိသင့်သည်ဟုဆိုသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှာ မနိုင်ဝန်ကိုထမ်းနေရသည်ဟု ဖော်ပြပါ ကိန်းဂဏန်းများက ပြောပြနေကြသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ရက် ၁၀၀ စီမံချက်ရေးဆွဲကာ တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေး(ဒဂုံအထူးစီမံချက်)၊ နိုင်ငံရေးအကျဉ်းသား၊ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေရသူများ၊ အမှု ရုပ်သိမ်း၊ ပိတ်သိမ်းရေး၊ ဝန်ဆောင်မှုကို ရှေးရှုသည့် ရဲလုပ်ငန်းစနစ်သို့ အနှစ်သာရတိုးတက်အောင် ဆောင်ရွက်ရေး စသည်ဖြင့် လုပ်ငန်းစဉ်(၄)ရပ် ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ဧရိယာစတုရန်းမိုင် ၄၀၀၀ ခန့် ကျယ်ဝန်း သော တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ ဒသမ ၄ သန်းခန့်ကို ရဲအင်အား ၅၇၀၀ ကျော်ဖြင့် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ရာ ဆိုင်ရာအဖွဲ့အစည်း များ၊ တာဝန်ရှိသူများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများ လိုအပ် သည်။ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက် စည်းရုံးသွားရန် လည်း လိုအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာဇဝတ်ဂိုဏ်းများက လွှမ်းမိုးထား သည့် နယ်မြေမျိုးလုံးဝမရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မေ ၁၀ ရက်တွင် ကျင်းပခဲ့သည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် နှင့်ပတ်သက်သည့် ရှင်းလင်းပွဲတွင် ပြောကြားသွားခဲ့သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အုပ်ချုပ်ရေးယန္တရားက ပြည်သူလူထုကအပ်နှင်းသည့် တာဝန်ကို ဆောင်ရွက်ရန်ကြိုးစားမှာဖြစ်ကြောင်း၊ ယင်းကဲ့သို့ ကြိုးစား သည်ကို ရာဇဝတ်ဂိုဏ်းလိုလူတွေက "ဒီနယ်မြေကိုလာရင် မင်းသေသွား နိုင်တယ်" ဆိုလျှင် ယင်းစိန်ခေါ်မှုက မိမိတို့အတွက် အကြီးဆုံးစိန်ခေါ်မှုဖြစ် ကြောင်း၊ ယင်းစိန်ခေါ်မှုကို မိမိတို့ ရှင်းမှာဖြစ်ကြောင်း ပြတ်ပြတ်သားသား ပြောကြားသွားသည်ကို သတင်းများ၌ တွေ့ရှိရသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီးတွင် အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့အခြေချလာသူများ များပြားလာမှုနှင့် အတူ အမှုအခင်းများလည်း များပြားလာခဲ့သည်။ ခိုးဆိုးလုနှိုက် ဒုစရိုက်မှု များကို တစ်ဦးချင်းကျူးလွန်ရုံသာမက အုပ်စုဖွဲ့၊ ဂိုဏ်းဖွဲ့ကျူးလွန်လာခြင်း ကြောင့် သာမန်ပြည်သူတို့၏ နေ့စဉ်ဘဝများမှာ လုံခြုံမှုကင်းမဲ့လာရသည်။ မူးယစ်ဆေးဝါးမှုများ၊ မြေယာအမှုအခင်းများနှင့် လူဆိုးအုပ်စုများက နယ်မြေအပိုင်စီးကာ တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်လာသည့်အခြေအနေသို့ ရောက်ရှိခဲ့သည်မှာ ကာလအတန်ပင်ကြာခဲ့ပြီဖြစ်ပြီး ယခင်အစိုးရလက်ထက် နောက်ဆုံးသက်တမ်းကာလအတွင်း ဖြိုခွင်းမှုအချို့ ပြုလုပ်ခဲ့သည်။ ရန်ကုန် ကဲ့သို့သော ဒေသကြီးအတွင်း ငြိမ်းချမ်းရေးအဖွဲ့အမည်ခံ ယူနီဖောင်း ဝတ်ထားသူများနှင့် လူဆိုးလူမိုက်ဂိုဏ်းသားများက ၎င်းတို့ပိုင်နယ်မြေ သဖွယ် ခြယ်လှယ်လုပ်ကိုင်နိုင်ခဲ့ကြသည်မှာ တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူ အဖွဲ့အစည်းများက လျစ်လျူရှုခဲ့ခြင်းကြောင့်လားဟု မေးခွန်း ထုတ်ရမည် ဖြစ်သည်။

"လောင်းကစားပြဿနာများ၊ ကျူးကျော်လို လုပ်စားနေသည့် အခြေအနေများ၊ နယ်မြေများအတွင်း ထောင်မှထွက်လာသူများက မြို့ ရွာကို ကိုယ်ကြိုက်သလိုဝင်ပြီး စီမံနေသည့်အခြေအနေမှာ အရေးကြီးသည့် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ကြောင်း" ဝန်ကြီးချုပ်က ထောက်ပြသွား ခဲ့သည်မှာ ပြည်သူအများ ရင်ဆိုင်နေရသည့် ပကတိအခြေအနေကို ထင်ဟပ်လျက်ရှိသည်။ ရာဇဝတ်ဂိုဏ်းများ၊ လူဆိုးလူမိုက်များ၊ ၎င်းတို့၏ အဆက်အနွယ်များ၊ ၎င်းတို့၏ပေးစာကမ်းစာကို ဝမ်းစာသောက်နေသည့် အကျင့်ပျက်သူများ မြန်မာ့လူ့အဖွဲ့အစည်းမှ လုံးဝကင်းစင်ပပျောက် သွားရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန်လိုအပ်သည်။

ဆူးစူးလျှင် အပ်နှင့်ထွင်ရသည်။ အပ်နှင့်ထွင်သင့်သည့်အချိန်တွင် မထွင်ပါက နောင်တွင် ပုဆိန်နှင့်ပေါက်၍ပင်မနိုင်သည့် အခြေအနေသို့ ဆိုက်သွားကောင်း ဆိုက်သွားနိုင်သည်။ မိမိတို့ လူ့အဖွဲ့အစည်းအတွင်းမှ ရာဇဝတ်ဆူးငြောင့်များ ဖယ်ရှားရှင်းလင်းရေးတွင် ပြည်သူအားလုံး ပူးပေါင်း ပါဝင်ကြရန် တိုက်တွန်းလိုက်ရပါကြောင်း။ ။



## အောင်ပွဲ

- လေခွဲတောင်ခတ် ပျံသန်းတတ်ဖို့။
- သီးကင်းပိုးမွှား ရှာဖွေစားဖို့။
- မိုးလေဒဏ်တွက် သိုက်မြုံရက်ဖို့။
- လေးမြားရန်ဘေး ကင်းစင်ဝေးဖို့။
- မွေးခြင်းသေခြင်း မျဉ်းနှစ်မျဉ်းကြား လှုပ်ရှားရုန်းကန် လောကစံကို အန်တုရှေ့ဆက် စိတ်မပျက်သည့် ငှက်ငယ်ကလေးအောင်ပွဲခံ။ ။

ကိုမြင့်ထွန်း(Quality)

# မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအာမခံ ငွေကျပ်သန်းပေါင်း တစ်ထောင်ကျော် မျှော်မှန်းထား

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း အလုပ်သမားများ လူမှုဘဝလုံခြုံရေးအတွက် စောင့်ရှောက်ပေးရန် လူမှုဖူလုံရေးအာမခံ သွင်းငွေနှင့်ပတ်သက်ပြီး ရက် ၁၀၀ စီမံချက်အဖြစ် ငွေကျပ်သန်းပေါင်း ၁၇၉၁ သန်း ရရှိရန် လျာထားကြောင်း လူမှုဖူလုံရေးမှ တိုင်းဒေသကြီးတာဝန်ခံ ဦးလှမြင့်က ပြောသည်။

"လူမှုဖူလုံရေးက အလုပ်သမားတွေရဲ့ လူမှုဘဝ လုံခြုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေပါတယ်။ မှတ်ပုံတင်ထားတယ်ဆိုရင် လူမှုဖူလုံရေး ဆေးခန်း/ဆေးရုံတွေမှာ အခမဲ့ ဆေးကုသခွင့်ရမှာဖြစ်သလို ဆေးကုသမှုခံယူနေချိန်မှာလည်း ခံစားခွင့်တွေရရှိမှာ ဖြစ်ပါတယ်။ ရက် ၁၀၀ စီမံချက်အနေနဲ့ လူမှုဖူလုံရေး အာမခံ ထည့်ဝင်ငွေကိုလည်း လျာထား ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ဌာနအနေဖြင့် လုပ်ငန်းများ အလိုက် ပုံမှန်စစ်ဆေးနေပြီး နယ်မြေ အလိုက် ကွင်းဆင်းကာ ပညာပေး ဟောပြောပွဲများ ပြုလုပ်နေကြောင်း၊ အကျုံးဝင်မှတ်ပုံတင်အလုပ်ဌာန ၈၈ ခု၊ အကျုံးဝင်မှတ်ပုံတင်ရမည့် အလုပ်သမား အသစ် ၃၀၇၀ နှင့် ထည့်ဝင်ကြေးငွေ ကျပ်သန်းပေါင်း ၁၇၉၁ သန်း လျာထား ကြောင်း သိရသည်။ "မှတ်ပုံမတင်ခဲ့ရင် စည်းရုံး ဆောင်ရွက်တဲ့အနေနဲ့ ဒေသ အာဏာပိုင်တွေနဲ့ ပူးပေါင်းလုပ်ဆောင် နေပါတယ်။ အလုပ်သမားတိုင်းက လူမှုဖူလုံရေးမှာ မှတ်ပုံတင်ပြီး အာမခံကြေး ပေးသွင်းရမှာပါ။ ပေးသွင်းထားတဲ့အတွက် လူမှုဘဝလုံခြုံရေးနဲ့ အကျိုးခံစားခွင့်တွေ ရရှိမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ လူမှုဖူလုံရေးဒုတိယဦးစီးမှူး များက နယ်မြေစစ်ဆေးရေးအရာရှိများ အဖြစ် ဆောင်ရွက်ပြီး အလုပ်သမားများ မှတ်ပုံတင်ကြရန်နှင့် မှတ်ပုံတင်ပြီး အလုပ်ဌာနများသို့ လစဉ်သွားရောက်ကာ ကွင်းဆင်းဆောင်ရွက်နေကြောင်း လုပ်ငန်းများအလိုက် အလုပ်သမားအသစ်များ မှတ်ပုံတင်တိုးမြင့်လာရန်နှင့် ထည့်ဝင်ကြေး တိုးမြင့်လာစေရန် ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကယ်ဆယ်ရေးစခန်းများသို့ စားနပ်ရိက္ခာများထောက်ပံ့ရန် WFP မှ မော်တော်ယာဉ်များ လွယ်ဂျယ်မြို့သို့ရောက်ရှိ

**လွယ်ဂျယ် မေ ၁၁**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ(WFP)မှ တာဝန်ရှိသူများသည် မိုးမောက်မြို့နယ်နှင့် မံစီမြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်းများကို ထောက်ပံ့ရန် စားနပ်ရိက္ခာ ၅၆ ဒသမ ၅၅၆ တန် တင်ဆောင်လာသော UN မှ မော်တော်ယာဉ် နှစ်စီး၊ ကုန်တင်ယာဉ်ကြီးခြောက်စီးဖြင့် မေ ၈ ရက်က လွယ်ဂျယ်မြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါအဖွဲ့မှ ဒေါ်တီနူးမိုင်အောင် ဦးဆောင်သောအဖွဲ့သည် စားနပ်ရိက္ခာ ၂၀ ဒသမ ၅၀၆ တန်ကို မံစီမြို့နယ်အတွင်းရှိ လနဇွမ်ဂျာနှင့် ဘွမ်ဆစ်ပါ ကယ်ဆယ် ရေးစခန်းများသို့လည်းကောင်း၊ ဒေါ်ရွယ်လင်းပါ ဦးဆောင်သောအဖွဲ့သည် စားနပ်ရိက္ခာ ၃၆ ဒသမ ၀၅ တန်ကို မိုးမောက်မြို့နယ်အတွင်းရှိ ပါကထောင်၊ အင်န်ခေါန်းပါ၊ ဒွမ်ဘုမ် ကယ်ဆယ်ရေးစခန်းများသို့လည်းကောင်း မေ ၉ ရက်က သွားရောက်ထောက်ပံ့ နိုင်ရန် လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူး ဦးလွင်ဦးက လိုအပ်သည်များကို ကူညီဆောင်ရွက် ပေးကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# ပန်းဘဲတန်းမြို့နယ်၌ အခမဲ့ရွှေပညာဒါနသင်တန်းဖွင့်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ပညာဒါန(အခမဲ့) သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲကို မေ ၉ ရက် နံနက် ၈ နာရီက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ အသင်းနာယက ဦးဘသန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ထွေးတို့က အမှာ စကားပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ရွှေအတု အစစ် ခွဲခြားနည်း၊ ရွှေရောင်းအဝယ်နည်းပညာ၊ ကျောက်မျက်ရတနာပညာရပ်များအပါအဝင် ရွှေလုပ်ငန်းနှင့် ဆက်စပ်သော ပညာရပ်များကို ၁၀ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘော်ဂါသွေး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၉၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၄.၀၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၂၁၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၃၈ |
| တရုတ် | တစ်ယွမ် | ၁၇၉.၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၁.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# မြန်မာ - ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားသံအမတ်ကြီး မစ္စတာ ဗာစီလီ ဘီ ပေါ့စ်ပီ လော့ဗ်နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်များ ချစ်ကြည်ရေးခရီး အပြန်အလှန် သွားရောက်မှုနှင့် ပညာတော်သင်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားသံအမတ်ကြီး မစ္စတာ ဗာစီလီ ဘီ ပေါ့စ်ပီ လော့ဗ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်

## တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၈ / ၂၀၁၆**
**၁၃၇၈ ခုနှစ် ၊ ကဆုန်လဆန်း ၅ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်)**
**တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (င)၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၂ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ဦးစိုးမြင့်ကို တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၉/ ၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်)**
**တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၁ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ဦးသိန်းထွန်းကို တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးမြသန်း | ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဦးခန့်ဇော် | ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်ဝင်းအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး | ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး |
| (ခ) | ဦးကိုကိုနိုင် ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ အလန် မာရှယ် သည် ယနေ့ နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလပ်စ် ကာပယ်သည် မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်သည် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ လက်ရှိအခြေအနေများ၊ ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စများ၊ မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ ပြောင်းလဲမှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံတကာကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကဏ္ဍာလေးရပ်ဖွံ့ဖြိုးရေး အီးယူက နှစ်စဉ် ပေါင်သန်း ၁၀၀ ကူညီပေးမည်

**ရန်ကုန် မေ ၁၁**

ဥရောပသမဂ္ဂ(အီးယူ)အနေဖြင့် ကမ္ဘာတစ်ဝန်း လုံခြုံရေး၊ တည်ငြိမ်ရေး၊ ကြွယ်ဝရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ထူထောင်ရာတွင် မြန်မာနိုင်ငံနှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကို ထောက်ပံ့ကူညီရန် သန္နိဋ္ဌာန်ချထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက ပြောသည်။



**အီးယူသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာ**

"ကျွန်တော်တို့ အီးယူအနေနဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးရေးထောက်ပံ့မှုအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ယူရိုသန်း ၁၀၀၀ (တစ်ဘီလီယံ)ကို အီးယူက လျာထားသတ်မှတ်ပေးထားပါတယ်။ အဓိက ထောက်ပံ့ကူညီပေးမယ့် ဦးစားပေး ကဏ္ဍလေးရပ်အနေနဲ့ကတော့ ကျေးလက်ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ အစာအာဟာရ ဖူလုံရေး၊ ပညာရေး၊ အုပ်ချုပ်ပုံစနစ်၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်အဆင့် စွမ်းရည်တည်ဆောက်ရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု ပံ့ပိုးရေးတို့ပဲဖြစ်ပါတယ်။ ဒီဦးစားပေးကဏ္ဍများမှ အီးယူက ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၊ အရပ်ဘက်လူ့ဘောင်ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတုပြောင်းလဲမှု ကာကွယ်စောင့်ရှောက်ရေး၊ လူသားဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်ထိန်းသိမ်းနိုင်သော စွမ်းအင်၊ ကုန်သွယ်ရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ နယ်ပယ်တွေလည်း ပါရှိမှာဖြစ်ပါတယ် "ဟု အီးယူသံအမတ်ကြီးက ယနေ့ နံနက်ပိုင်းတွင် အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသော အီးယူ ထူထောင်မှု အခမ်းအနားတွင် သတင်းထောက်များအား ပြောသည်။

ဥရောပသမဂ္ဂ(အီးယူ)က မြန်မာနိုင်ငံအား နှစ်စဉ် ပေါင်သန်း ၁၀၀ (အမေရိကန်ဒေါ်လာ သန်း ၁၃၀) ထောက်ပံ့ပေးလျက်ရှိကြောင်း၊ အထက်ပါ ဦးစားပေးကဏ္ဍများအတွက် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ပထမဆုံး ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ကို မြန်မာနိုင်ငံအား ၂၀၁၃ ခုနှစ်တွင် စတင်ပေးခဲ့ရာ ယနေ့အထိ STEP Democracy အစီအစဉ်မှတစ်ဆင့် ဆက်လက် ကူညီပေးလျက်ရှိကြောင်း၊ ပဋိပက္ခကြောင့် ယခင်က ပျက်စီးခဲ့သည့် တိုင်းရင်းသားဒေသများတွင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အရေးများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ရပ်ရွာလူထု ထိန်းသိမ်းကြပ်မတ်ရေးတွင် ရဲဝန်ထမ်း ၄၃၀ နှင့် လူအုပ်စု စီမံခန့်ခွဲရေးတွင် ရဲဝန်ထမ်း ၆၆၀၀ ကျော်ကို နိုင်ငံတကာ၌ ကျင့်သုံးနေသည့် အစဉ်အလာများ၊ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် အလှူရှင်များက လှူဒါန်းထားသည့် ရန်ပုံငွေများကို ပညာရေး၊ အသက်မွေးဝမ်းကျောင်းများနှင့် ကျန်းမာရေး အစရှိသည့်ကဏ္ဍများကို ထောက်ပံ့ကူညီပေးခဲ့ရာ ကျေးလက်နေအိမ်ထောင်စု ၂၀၀၀၀၀ ကို အကြွေးရယူနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၆၀၀၀၀ ကျော်၏ ဝင်ငွေများကို မြှင့်တင်ပေးခြင်း၊ ကလေး ၁၈၅၀၀၀ ထံ အစောပိုင်း ကလေးငယ်ဘဝ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျောင်းသုံးပစ္စည်းများကို ကလေး ၉၀၀၀၀၀ ကျော် ဖြန့်ဝေပေးခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် လူ ၂၀၀၀၀၀ ကျော်ကို သင်တန်းပေးခြင်းစသည့် အစီအစဉ်များကိုလည်း ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**နေပြည်တော် မေ ၁၁**

လက်ရှိအစိုးရလက်ထက် လွှတ်တော်၊ အစိုးရအဖွဲ့တို့တွင် အာဏာခွဲဝေ ကျင့်သုံးမှု၊ အမျိုးသားရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွှတ်တော်တွင်းဥပဒေများ ပြန်လည်ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းများ ဆောင်ရွက်နေကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယ အား ပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် သီရိလင်္ကာလွှတ်တော်ဥက္ကဋ္ဌတို့ ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌တွေ့ဆုံစဉ် **(အောက်ပုံ)** အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံသည် ဘာသာရေး၊ ယဉ်ကျေးမှုတို့ တူညီကြသည့်အပြင် နိုင်ငံရေးဖြတ်သန်းမှုလည်း တူညီကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၄၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီးအနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ယုံကြည်မှုတို့ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲလျက်ရှိကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

သီရိလင်္ကာလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှာ ရှေးယခင်ကတည်းက ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင်တူညီကြကြောင်း၊ ၂၀၁၅ ခုနှစ်မှစ၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ကောင်းမွန်သည့်ဘက်သို့ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် သီရိလင်္ကာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လက်ရှိအုပ်ချုပ်ရေးစနစ်၊ လွှတ်တော်တွင် ဥပဒေပြုရေးဆောင်ရွက်နေမှု၊ လွှတ်လပ်သည့်အဖွဲ့အစည်းများဖွဲ့စည်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယနှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မစ္စတာ ကရူ ဂျယဆူရိယနှင့်အဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# နယ်စပ်ဖြတ်ကျော် ခိုးဝင်ဒုက္ခသည်များအရေးကိစ္စ ဆွေးနွေး

**နေပြည်တော် မေ ၁၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်အား ယနေ့နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ဆက်ဆံရေးမြှင့်တင်ရေးကိစ္စများ၊ အာရှ-ပစိဖိတ် ဒေသတွင်းအခြေအနေများနှင့် နယ်စပ်ဖြတ်ကျော် ခိုးဝင်ဒုက္ခသည်များအရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**ရာဇဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင် ဆရာတော် ဦးဝိသုဒ္ဓနှင့်တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်သန်းနှင့် အဖွဲ့ဝင် ဦးထွန်းဦးတို့ လက်ခံယူစဉ်**
(သတင်းစဉ်)

# ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

**နေပြည်တော် မေ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေး ဦးဆောင်သောအဖွဲ့သည် ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် ပြီးခဲ့သည့်ရက်က ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အထက(၁) ရွှေရတုခန်းမဆောင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းနှင့် ဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲနှင့် ပညာပေးသင်တန်းပို့ချပွဲသို့ လယ်ဝေးမြို့နယ်မှ ပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့ပြီး တက်ရောက်ခဲ့သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လယ်ဝေးမြို့နယ် အထက(၁) ကျောင်းအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစာအုပ်နှင့် မော်တော်ယာဉ်ဥပဒေစာအုပ်များ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေအခက်အခဲဖြစ်သည့်နေရာများသို့ ရေလှူ

**တောင်ကြီး မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့၌ ရာသီဥတုပူပြင်းခြောက်သွေ့၍ ရေတွင်း၊ ရေကန်၊ ချောင်းများ ခန်းခြောက်မှုကြောင့် သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့နေရသော ရပ်ကွက်များ၊ ဘုန်းကြီးကျောင်းများသို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

မေ ၁၀ ရက်တွင် ဟဲဟိုးမြို့ လက်မောင်းကွေးကျေးရွာသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်မှုဖြင့် အမှတ်(၁၈) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(တောင်ကြီး) ရဲမှူး မျိုးဇော်အောင်ဦးစီး၍ တပ်ဖွဲ့ဝင်မိသားစုများက ရေသန့်ဘူးကြီး ၂၀၀၀၊ ရေဂါလန် ၅၀၀၀ နှင့် အလှူငွေကျပ် ၃၃၄၀၀၀ အား အိမ်ခြေ ၁၄၂ အိမ်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်မျိုးနိုင်**



## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်စီ၊ နေပြည်တော် (ရေဆင်း)၊ မုံရွာ၊ မြင်းခြံမြို့ ညောင်ဦးမြို့၊ မကွေးမြို့နှင့်ဂန့်ဂေါမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# အင်ဒိုနီးရှားမှ လူကုန်ကူးခံရသူ ၂၆ ဦး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၁၁**

အင်ဒိုနီးရှားနိုင်ငံမှ လူကုန်ကူးခံရသူ အမျိုးသား ၂၆ ဦးသည် ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ထိုင်းလေကြောင်းလိုင်း အမှတ် (TG-305) ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးနှင့် တာဝန်ရှိသူများ၊ လူကုန်တားရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ IOM (Myanmar) မှ တာဝန်ရှိသူများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌သွားရောက်ကြိုဆိုကြပြီး လူမှုဝန်ထမ်းဦးစီးဌာန အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းတွင် ယာယီလက်ခံစောင့်ရှောက်ရန်ပေးပို့ထားကြောင်း သိရသည်။

ယာယီစောင့်ရှောက်စဉ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးနေသူများ၊ မရှိသေးသူများအတွက် လိုအပ်သည့် ခရီးသွားထောက်ခံစာများဆောင်ရွက်ပေးခြင်းများကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လာရောက်ဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးစစ်ဆေးပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့က လာရောက်ဆောင်ရွက်ပေးခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်ပေးပြီး သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်လူမှုဝန်ထမ်းရုံးများနှင့်ဆက်သွယ်၍ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူးက ပြောကြားသည်။

ယနေ့ပြန်လည်ရောက်ရှိလာသည့် အင်ဒိုနီးရှားနိုင်ငံ ပွန်တီယာနက်မြို့နှင့် အန်ဘွန်မြို့တို့မှ လူကုန်ကူးခံရသူ အမျိုးသား ၂၆ ဦးသည် ရခိုင်ပြည်နယ်မှ ၂၂ ဦး၊ ချင်းပြည်နယ်မှ သုံးဦး၊ တနင်္သာရီမှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**မူးလျှင် မမောင်းနှင့်
မောင်းလျှင် မမူးနှင့်**

# မြန်မာနှင့် သီရိလင်္ကာနိုင်ငံတို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အတွေ့အကြုံများနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးဆွေးနွေး



**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အတွေ့အကြုံများနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးတို့နှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယတို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မည့်အလားအလာများ ရှင်းလင်း




**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အရေးပါမှုများကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်**(ဝဲပုံ)** ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအား ဖွံ့ဖြိုးတိုးတက်လာစေရန် ရေတိုစီမံချက်များနှင့် ရေရှည်ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရေး၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရေး စသည့် ကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မည့် အလားအလာများကိုလည်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သောက်သုံးရေများ ဆက်လက်ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီသောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများသို့ ရေဖြန့်ဝေခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီး၍ မေ ၉ ရက်တွင် လွိုင်ကော်မြို့နယ်အတွင်း ချိုကယ်ကျေးရွာအုပ်စု ဒေါ်မူကလားကျေးရွာနှင့် လွယ်တမူကျေးရွာတို့အား သောက်သုံးရေဂါလန် ၃၂၀၀ ဖြန့်ဝေပေးခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှဦးစီး၍ မေ ၉ ရက်တွင် ကျေးလက်ဦးစီး၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များပူးပေါင်း၍ နတ်မောက်မြို့နယ် ကံကြီးကုန်း၊ လျှော်သောင်၊ ကြွေးထူးကန်၊ ပိတောက်ကုန်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၆၉၂၀ ဖြန့်ဝေလှူဒါန်းပေးသည်။

ထို့နည်းတူ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှဦးစီး၍ မေ ၉ ရက်တွင် မိတ္ထီလာမြို့နယ် ကျေးလက်ဦးစီးမှ ညောင်ပင်လှိုကျေးရွာသို့ သောက်သုံးရေဂါလန် ၃၀၀၀ ဖြန့်ဝေလှူဒါန်းခြင်း၊ မိုးကုတ်မြို့နယ်၊ ပန်လျိုးရေထွက်၊ ပိတ်ဆွယ်ရပ် (၁)၊ (၂)၊ (၃) တို့အား ရေပေးဝေလျက်ရှိသည့် ကိုခိုင်းရေထွက်၊ စဉ့်ကိုင်မြို့နယ် မြို့ဝန်ကုန်းကျေးရွာ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း၊ မိတ္ထီလာမြို့နယ် ကန်ကြီးကုန်းကျေးရွာ ရေဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ သန်းကုန်းကျေးရွာနှင့် လယ်ဗျားကျေးရွာတို့တွင် လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရမည်းသင်းမြို့နယ် ဖိုကုန်းကျေးရွာ ရေတုန်ကင်အသစ်လဲလှယ်ခြင်း၊ ရေဖြူမွန်းခြုံကျေးရွာ အင်ဂျင်ကွန်ပရက်ဆာ အကြီးစားပြုပြင်ခြင်းလုပ်ငန်း၊ ဝမ်းတွင်းမြို့နယ် အောင်သာမြောက်ကျေးရွာ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းတို့ကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှဦးစီး၍ ကျောက်တန်းမြို့နယ် ရွှေပြည်သစ်(ဂါးတဲ)၊ သုံးခွမြို့နယ် မိကျောင်းကန်ကျေးရွာ တွံတေးမြို့နယ် စက်ကလေးကျေးရွာများသို့ မေ ၉ ရက်တွင် ကျေးလက်ဦးစီးနှင့်အလှူရှင်များပူးပေါင်း၍ သောက်သုံးရေဂါလန် ၃၆၀၀ ပေးဝေလှူဒါန်းခြင်း၊ ခရမ်းမြို့နယ် ညောင်ပင်ကြီးကျေးရွာတွင် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ အုန်းပင်ကျေးရွာတွင် မြေသားရေကန်အနက်နှိုက်ခြင်းလုပ်ငန်း၊ တွံတေးမြို့နယ် စက်ကလေးကျေးရွာတွင် မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှဦးစီး၍ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွာပြာကျေးရွာအုပ်စု၊ အောက်ကျင်း၊ အိုးဖိုကုန်း၊ လေ့လုံးတောင်၊ အထက်ကလပ်ချီ၊ ကင်ပွန်းချဉ်၊ ဝါးဘိုးတော၊ ကျွန်းကုန်းကျေးရွာများသို့ ဖြူစင်မေတ္တာအသင်းနှင့် ပူးပေါင်း၍ ရေဂါလန် ၃၆၀၀ နှင့် စက်သုံးဆီ ၂၁ ဂါလန် လှူဒန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ◆ *ရွှေဖုံးမှ*

ကုန်သွယ်ရေးဇုန်ကြီးတွင် သွင်းကုန်ထုတ်ကုန်ကားများ နေ့စဉ်တစ်ရက်လျှင် စီးရေ ၁၀၀၀ ကျော်ဝင်ရောက်လာသော ကုန်တင်ကားများ၏ ကားခစျေးနှုန်းမှာ အတက်ကားခ ကုန်ချိန်တစ်ပိဿာ ကျပ် ၇၀ မှ ၇၅ ကျပ်အထိရရှိ၍ အဆင်းကားခ ကျပ် ၃၀ မှ ၃၁ ကျပ် အထိရရှိခဲ့ကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်း ဝင်ရောက်လာသောကုန်တင်ကားများကို ကားအနည်းအများအပေါ်မူတည်၍ မဲနှိုက်စနစ်ဖြင့် နံနက်ပိုင်းတွင် ၆ နာရီခွဲ တစ်ချိန်၊ ၉ နာရီခွဲတစ်ချိန်၊ ၁၁ နာရီတစ်ချိန်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ၂ နာရီတစ်ချိန်၊ ၃ နာရီတစ်ချိန်ဖြင့် အနည်းဆုံးလိုအပ်လျှင် ငါးကြိမ်မှ ခြောက်ကြိမ်အထိ မဲစနစ်ဆောင်ရွက်ပေးကြောင်းသိရသည်။ အဆိုပါမဲနှိုက်ရာတွင် (Yellow) အဝါရောင်ကျကုန်တင်ကား ၃၀ ရာခိုင်နှုန်းကို ဦးစွာ မဲဖောက်ပေးကြောင်း၊ ၎င်းအဝါရောင်ကုန်တင်ကားများမှာ X-ray တန်းစီ အစစ်ဆေးခံယူရန်အတွက်ဖြစ်ကြောင်း၊ (Red) အနီရောင်ကုန်တင်ကားများကို ဖွင့်ဖောက်စစ်ဆေးရန်အတွက် စင်အောက်ထိုးရပ်တန့်ထားကြောင်းနှင့် (Green) အစိမ်းရောင်ကုန်တင်ကားများကို တာဝန်ရှိဝန်ထမ်းများက စစ်ဆေးလက်မှတ်ထိုးပြီး ကုန်သွယ်ရေး ဇုန်အတွင်းမှ ထွက်ခွင့်ပြုကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ကုန်သွယ်မှုပမာဏမှာ ဧပြီမှ သြဂုတ်လအထိ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၄၇၇ ဒသမ ၉၄၁သန်းရရှိခဲ့ပြီး သွင်းကုန်တန်ဖိုးဒေါ်လာ ၆၈၀ ဒသမ ၇၇၅ သန်းရရှိခဲ့သည်။ ပို့ကုန်သွင်းကုန်နှစ်ခုပေါင်းအနေဖြင့် ၂၁၅၈ ဒသမ ၇၁၆ သန်းအထိ ရရှိခဲ့ကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်း ကွန်ကရစ်ခင်းရန် လျာထားချက်ရှိသောကြောင့် လောလောဆယ် အနေအထားအရ ဇုန်ကြီးအတွင်းအပြင်ရှိ ရွှံ့ဗွက်၊ ချိုင့်ခွက် အမှိုက်သရိုက်များကို ရှင်းလင်းပြုပြင်နေကြောင်း ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# မကွေးမြို့နယ် သက်ရင်းတောကျေးရွာသို့ သောက်သုံးရေများ ပေးဝေလှူဒါန်း

**မကွေး မေ ၁၁**

အယ်နီညိုရာသီဥတုပြင်းထန်မှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း အချို့ကျေးရွာများတွင် သောက်သုံးရေများနည်းပါးခြင်း၊ ခန်းခြောက်ခြင်းတို့ဖြစ်ပေါ်နေသဖြင့် မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့က ယနေ့နံနက်တွင် မကွေးမြို့နယ် သက်ရင်းတော ကျေးရွာအုပ်စု သက်ရင်းတောကျေးရွာတွင် သောက်သုံးရေရှားပါးနေသည်ဟု သိရှိ ရ၍ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ် ယာဉ်တစ်စီးတို့ဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့ဦးဆောင်ပြီး သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါကျေးရွာသည် မကွေးမြို့မှ အရှေ့မြောက်ဘက်၃၃ မိုင်ခန့်အကွာ၌တည်ရှိပြီး အိမ်ခြေ ၁၈၇ လုံး၊ အိမ်ထောင်စု ၁၉၀၊ လူဦးရေ ၈၆၈ ဦး ရှိသည်။ သက်ရင်းတောကျေးရွာ၌ သဘာဝရေကန် လေးကန်၊ ကျောက်ခွေချထားသော လက်ဆွဲရေတွင်းကိုးတွင်း၊ စက်ရေတွင်းတစ်တွင်းရှိကြောင်းနှင့် စက်ရေတွင်းမှာ လွန်ကျိုးနေ၍ ပြုပြင်ဆဲဖြစ်ကြောင်း သိရသည်။

သက်ရင်းတောကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဖြိုးနှင့် ဦးညွှန့်ဝင်းတို့က ၄င်းတို့ရွာတွင် သုံးစရာရေမရှိအောင် ရေပြတ်လပ်မှု မရှိပါကြောင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များလာရောက်စဉ်က စက်ရေတွင်း မကောင်းသဖြင့် ပြုပြင်ပေးပါရန် တင်ပြခဲ့သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီရွေးချယ်

**ဂန့်ဂေါ မေ ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ရွေးချယ်တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၀ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုယ်စားလှယ်များက ဦးစောလွင်၊ ဒေါက်တာကျော်ငြိမ်း၊ ဦးတင်ထွဋ်၊ ဦးထွန်းထွန်းဦး၊ ဦးမြတ်ကောင်း၊ ဦးမိုးဝင်းနိုင်တို့အား ရွေးချယ်တာဝန်ပေးအပ်ကြသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ကျေးရွာတိုင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ရန် အသင့်အနေအထားရှိရမည်

**ဦးခင်ဝင်း**

ကမ္ဘာပေါ်တွင် စီးပွားရေးကောင်းမွန်သည့် နိုင်ငံကြီးများရှိသကဲ့သို့ စီးပွားရေးမကောင်းသောနိုင်ငံများလည်းရှိနေကြသည်။ လွယ်လွယ်ပြောရလျှင် ဆင်းရဲသောတိုင်းပြည်နှင့် ချမ်းသာသောတိုင်းပြည်ဟု ဆိုနိုင်သည်။ မည်သည့်နိုင်ငံသားမဆို ချမ်းသာ ချင်ကြသည်။ မည်သည့်အစိုးရမဆို ချမ်းသာအောင်လုပ်ပေးချင်ကြသည်။ မလုပ်နိုင်သေး၍သာ ဆင်းရဲတွင်းက မထွက်နိုင်ခြင်းဖြစ်သည်။

ဆင်းရဲတွင်းမှ ထွက်နိုင်အောင် အစိုးရအဆက်ဆက်ကမိမိတို့နည်း မိမိတို့ဟန်ဖြင့် လုပ်ခဲ့ကြသည်။ ထို့ပြင် ပြင်ပမှလည်းအကူအညီများအကန့်အသတ်ဖြင့် ပေးခဲ့ကြသည်။ ဤနေရာတွင် ပေးသူနှင့်ယူသူ သဘောမျှဖို့ကလည်း အရေးပါသည်။ အိမ်ထောင်စုတစ်စု၏ ကောင်းမှုဆိုးမှုအဝဝအတွက် အိမ်ထောင်ဦးစီးဆိုသူက အဓိကတာဝန်ရှိသကဲ့သို့ နိုင်ငံတစ်ခု၏ဆိုးမှုကောင်းမှုအတွက် တရားဝင်တာဝန်အရှိဆုံးမှာ နိုင်ငံတော်အစိုးရ ဖြစ်ပါသည်။ ယခင်ခေတ်အဆက်ဆက် ဆင်းရဲမှုလျှော့နည်းသက်သာရေးအတွက် အားထုတ်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ကြည့်ပါက အစိုးရကလည်းအစိုးရမူ အစိုးရအမြင်နှင့် ဆောင်ရွက်သည်။ ပြင်ပအကူအညီပေးသည့် အဖွဲ့အစည်းများကလည်း သူတို့၏အမြင်၊ သူတို့၏မူများနှင့် ကူညီကြသည်။ ပန်းတိုင်တစ်ခုဆီသို့ လုပ်နည်း လုပ်ဟန် မူကွဲမျိုးမျိုးဖြင့် သီးခြားစီခရီးဆက်ခဲ့ကြသည်။ သေချာပါသည်။ လှမ်းသလောက် ခရီးမရောက်နိုင်ခဲ့ပါ။ ခေတ်ကာလအခြေအနေနှင့်လည်း သက်ဆိုင်ပါသည်။

ခေတ်ကာလအခြေအနေအချိန်အခါသင့်သည့် အနေအထားတွင် ဆင်းရဲမှုလျှော့နည်းစေရေး(ပို၍ထိထိမိမိဆိုရလျှင် ဖွံ့ဖြိုးတိုးတက်ရေး) အတွက်အားထုတ်ကြရာတွင် ယခင်ကရရှိခဲ့သည့် အတွေ့အကြုံများမှသင်ခန်းစာများယူရန် လိုအပ်ပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရသည် တရားဝင်တာဝန်အရှိဆုံးအဖွဲ့အစည်းဖြစ်ပါသည်။ ပြင်ပမှ ကူညီသူများသည် အစိုးရကို 'အား' ဖြစ်စေရန် ဝိုင်းဝန်းပံ့ပိုးပေးရပါမည်။ လမ်းကြောင်းမှန်ရှာဖွေတွေ့ရှိစေရန် ကူညီပေးရမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ဘက်စုံဖွံ့ဖြိုးရေးအားထုတ်မှုဗျူဟာတွင် စီးဝင်ပေါင်းစပ် အားဖြည့်ပေးရန် လိုအပ်ပါသည်။

ဤခွန်အားဖြင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ့်မူကိုယ့်ဟန်ဖြင့် ကောင်းပြီးဖြစ်သော ဖွံ့ဖြိုးရေးဆိုင်ရာဗျူဟာများကို စုစည်းသုံးသပ်၍ နိုင်ငံတော်နှင့် အသင့်တော်ဆုံးသော မူတစ်ခုကို နိုင်ငံတော်မူအဖြစ် ဖော်ထုတ်နိုင်ပါလျှင် လွန်စွာထိရောက်အကျိုးရှိပါမည်။

နိုင်ငံတော်၏ ကျေးလက်ဖွံ့ဖြိုးရေးဗျူဟာရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ သင်္ဘောတစ်စင်းမောင်းနှင်သွားလာမှုနှင့် နှိုင်းယှဉ်ပြောရလျှင် နိုင်ငံတော်အစိုးရသည် သင်္ဘော၏ပဲ့ကိုင်ရှင်ဖြစ်ပါသည်။ ပဲ့ကိုင်သည် လက်ရှိအခြေအနေအရပ်ရပ်ပေါ်မူတည်၍ ရှောင်သင့်သည်ကိုရှောင်၊ ကျော်သင့်သည်ကိုကျော်၊ ရင်ဆိုင်သင့်သည်ကို ရင်ဆိုင်သွားရမည်ဖြစ်ပါသည်။ ပဲ့ကိုင်သည်ရှောင်သင့်သည်ကို ရှောင်နိုင်ရန်၊ ကျော်သင့်သည်ကိုကျော်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချရမည်ဖြစ်သည်။ ဤသို့ပြုလုပ်နိုင်ရန် သင်္ဘောနှင့် လမ်းကြောင်း၏လက်ရှိအနေအထား၊ အချက်အလက်၊ အကြောင်းခြင်းရာများကို မှန်မှန်ကန်ကန်သိရှိထားရန် လိုပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးဗျူဟာ ယန္တရားကြီးကို ပဲ့ကိုင်ရှင်နိုင်ငံတော်အစိုးရမှ မောင်းနှင်ပါသည်။ မောင်းချင်သလိုမောင်း၍မရပါ။ အောက်ခြေမှအသံကိုနားထောင်၍ ပဲ့ကိုင်ရမည်ဖြစ်ပါသည်။ အောက်ခြေသည်သာ လက်ရှိအနေအထားကို အမှန်ဆုံးထင်ဟပ်နိုင်သူများဖြစ်သည်။ အောက်ခြေဟုဆိုရာတွင် မြို့နေတောနေပြည်သူများအားလုံး ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေအထားအရ တောနေပြည်သူများမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် တောနေပြည်သူများ၏ အသံကိုလည်း အလေးထားနားထောင်၍ ပဲ့ကိုင်ရမည်ဖြစ်ပါသည်။

အောက်ခြေ၏အနေအထားအမှန်ကို အောက်ခြေမှ ပြည်သူများကိုယ်တိုင်ဖော်ထုတ်ဆန်းစစ်ပြီး ဦးစားပေးလိုအပ်ချက်အလိုက် အဆင်သင့်ရှိနေရန်လိုအပ်ပါသည်။ ဤသို့ဖြစ်နေရန်အတွက် အစိုးရ(ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန)မှ ရွာသူရွာသားများ ပါဝင်ဆုံးဖြတ်ခွင့်ရရန် ကျယ်ကျယ်ပြန့်ပြန့်နှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်သည့် စွမ်းရည်ပိုမိုရရှိရန် ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။

တစ်ဖန် အစိုးရသည် သူ၏ခြေလက်များဖြစ်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏အားကိုအသုံးချ၍ အောက်ခြေနှင့် ပဲ့ကိုင်ဆက်သွယ်ရေးတာဝန်ကို ယူရမည်ဖြစ်ပါသည်။

နိုင်ငံတော်ပိုင်းဆိုင်ရာ အောက်ခြေအကျဆုံးနေရာမှာ မြို့နယ်အဆင့်ဖြစ်ပါသည်။ မြို့နယ်အဆင့်သည် အစိုးရကိုတာဝန်ခံ၍ အောက်ခြေပြည်သူအတွက် ရပ်တည်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ သို့ဖြစ်၍ မြို့နယ်သည်အထက်နှင့်အောက်ခြေချိတ်ဆက်ရန် အရေးကြီးသည့်နေရာဌာနဖြစ်နေပါသည်။ ပြည်သူများ၏အသံနှင့် ဌာနဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ဝိုင်းဝန်းပံ့ပိုးပေါင်းစပ်ပါဝင်မှုတို့ဖြင့် မြို့နယ်ဖွံ့ဖြိုးရေးဗျူဟာကို တည်ဆောက်ရပါမည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄ ခုနှစ် မတ်လမှစတင်၍ ပြည်တွင်းရှိ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပြည်တွင်းဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများဆောင်ရွက်၍ မဟာဗျူဟာမူဘောင်ကို တည်ဆောက်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာရန်ပုံငွေအဖွဲ့မှ နည်းပညာပံ့ပိုးမှုအဖွဲ့ငယ်တစ်ခုအား နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်တွင် ပူးတွဲဖွင့်လှစ်ပြီး အဖွဲ့အစည်းအသီးသီးက အသုံးပြုသည့် ဖွံ့ဖြိုးရေးဆိုင်ရာဗျူဟာများကို တောင်းယူ၍ လေ့လာဆန်းစစ် သုံးသပ်ပြီး မြန်မာနိုင်ငံနှင့် သင့်တော်မည့်ဗျူဟာကို ဖေါ်ထုတ်လျက်ရှိပါသည်။ သင့်တော်မည့် ဗျူဟာဆိုသည်မှာမြန်မာနိုင်ငံ၏ ကျေးရွာပေါင်း ၆၃၉၉၉ ရွာအား အချိန်ကုန်ငွေကုန်လွယ်ကူစေမည့် လုပ်နည်းကိုင်နည်းဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကပထမဦးစွာကျေးရွာဖွံ့ဖြိုးရေးစီမံချက်လမ်းညွှန်နှင့် လက်စွဲစာစောင်ကိုပြုစုပြီး ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်များမှ ကျေးရွာတစ်ရွာစီတွင် ၂၀၁၅ ခု မတ်လတွင် စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ရရှိသည့်အတွေ့အကြုံပေါ်မူတည်၍ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့မှ ရွာ ငါးရွာစီတွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ရလဒ်အဖြစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်မူကြမ်း ၁၀ ခုရရှိခဲ့ပါသည်။ ရေးဆွဲခဲ့သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များမှာ ငါးနှစ်စီမံချက်ဖြစ်ပါသည်။

လမ်းညွှန်နှင့် လက်စွဲပထမမူကြမ်းများကို ပြုပြင်သင့်သည်ကိုပြုပြင်၊ ဖြည့်စွက်သင့်သည်ကိုဖြည့်စွက်၍ မွမ်းမံတည်းဖြတ်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ ကိုယ်စားပြု ဦးတည်ကျေးရွာ ၁၆၀ ကို ရွေးချယ်၍ ရှေ့ပြေးစီမံချက်အဖြစ် ဆက်လက်စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှေးပြေးစီမံချက်အဖြစ် မြို့နယ် ၃၄ မြို့နယ်မှ ကျေးရွာ ၁၇၀ ကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးသားပြုစုရာတွင် ပါဝင်ကူညီခဲ့ပြီးနောက် ယင်းစီမံချက်များအားစတင်၍ လက်တွေ့စမ်းသပ်အကောင်အထည်ဖော်နိုင်ရန် ၂၀၁၅ ဘဏ္ဍာနှစ်ရန်ပုံငွေမှ တစ်ရွာလျှင် သိန်း ၅၀ ပံ့ပိုးခဲ့ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ပေါ်အခြေခံပြီး ရန်ပုံငွေသုံးစွဲရေးအစီအစဉ်ကို ဦးစားပေးအလိုက် ရေးဆွဲ၍ သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခဲ့ကြပါသည်။ ဦးစီးဌာနမှ နည်းပညာဆိုင်ရာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများကို ပံ့ပိုးပေးခဲ့ပါသည်။ ငါးနှစ်စီမံချက်အကောင်ထည်ဖော်ရာတွင် ဤနှစ်စဉ်ရန်ပုံ ငွေသုံးစွဲရေး အစီအစဉ်စနစ်သည် နှစ်စဉ်ပြန်လည်ရေးဆွဲရမည်ဖြစ်ပြီး အစဉ်ချိတ် ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်စဉ်လိုအပ်သည့် ညှိနှိုင်းမှုများပြုလုပ်ပြီး အချောသတ်ပြုပြင်မှု များ လုပ်ဆောင်နေရပါမည်။

လက်ရှိအနေအထားတွင် ကျေးရွာလူထုမှရွေးချယ်တင်မြှောက်ထားသည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကဦးဆောင်၍ ကျေးရွာပေါင်း ၁၇၀ တွင် လုပ်ငန်းပေါင်း (၂၁၅)ခုကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ဤကျေးရွာများသည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို ဆစ်ပိုင်းအကောင်အထည်ဖော်သည့် နှစ်စဉ်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းဆိုင်ရာ လုပ်နည်းအဆင့်ဆင့်များ၊ ဝယ်ယူရေးနည်းလမ်းများ၊ မှတ်တမ်းမှတ်ရာထားရှိခြင်းများနှင့် လုပ်ငန်းစိစစ်သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်းတို့ကိုလက်တွေ့လေ့ကျင့် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ထိုနည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဝန်ထမ်းများသည်လည်း ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းမှသည် နှစ်စဉ်ဘဏ္ဍာငွေ အဆိုပြု တောင်းခံသုံးစွဲ၍ လုပ်ငန်းအကောင်အထည်ဖော်ခြင်းများကို ကျန်ရှိသည့်ကျေးရွာများအား ဆက်လက်လမ်းညွှန် သင်ပြပေးနိုင်စွမ်းများရှိလာပြီဖြစ်သည်။

ထို့ပြင်ရွာသူရွာသားများပါဝင်၍ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်စာတမ်းပြုစုခြင်းကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာရှိပညာတတ်လူငယ်များပါဝင်၍ ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။ ဤနည်းအားဖြင့် တစ်နိုင်ငံလုံးရှိကျေးရွာများအားလွှမ်းခြုံ၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များဖြင့် ရေရှည်ဆောင်ရွက်မည့်အစီအစဉ်ဖြစ်ပါသည်။

တစ်နိုင်ငံလုံးရှိကျေးရွာပေါင်း ၆၃၉၉၉ ကို အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဆောင်ရွက်ပြီးစီးနိုင်မည့် စီမံချက်ရေးဆွဲရေးဗျူဟာကိုလည်း ရေးဆွဲပြီးဖြစ်၍ စတင်အကောင်ထည်ဖော်ရန် ပြင်ဆင်လျက်ရှိပါသည်။ ဤသို့ တစ်ကြိမ်ဆောင်ရွက်ပြီးပါက နောင်တွင်နှစ်စဉ် ဖြည့်စွက်၊ ပြင်ဆင်၊ ညှိနှိုင်းရုံဖြင့် ကျေးရွာတိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင်ရန်အတွက် အသင့်အနေအထားရှိနေမည်ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ကျေးရွာ၏ ပြဿနာအခက်အခဲများကို ဖော်ထုတ်ဖြေရှင်းရုံသာမက ရရှိလာသည့် ဖြစ်ထွန်းမှုများကို ဆက်လက်ဖွံ့ဖြိုးအောင်ဆောင်ရွက်မည့်အစီအစဉ်များပါ ပါဝင်ခြင်း၊ ကျေးရွာ၏ထည့်ဝင်မှုကို တန်ဖိုးထားခြင်း၊ အလွှာစုံမှပါဝင်ခွင့် ဆုံးဖြတ်ခွင့်ရခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကြောင့် ရေရှည်တည်တံ့ရေးအတွက် အာမခံချက်အပြည့်အဝရှိနေပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့်လည်း မိမိတို့ရွာသူရွာသားများအတွက် ရွာမှရွေးချယ်တင်မြှောက်ပေးသော ရွာကိုယ်စားပြုအဖွဲ့အနေနှင့် ကျေးရွာရှိအလွှာပေါင်းစုံမှ ရွာသူရွာသားများနှင့်အတူစီမံချက်အဆိုပြုသည်မှ အကျိုးကျေးဇူးရရှိသည်အထိ ဆောင်ရွက်ခွင့်ရသဖြင့် ဂုဏ်ယူလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ကျေးရွာ၏ ပြဿနာအခက်အခဲများကို ဖော်ထုတ်ဖြေရှင်းရုံသာမက ရရှိလာသည့် ဖြစ်ထွန်းမှုများကို ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်မည့်အစီအစဉ်များပါ ပါဝင်ခြင်း၊ ကျေးရွာ၏ထည့်ဝင်မှုကို တန်ဖိုးထားခြင်း၊ အလွှာစုံမှပါဝင်ခွင့် ဆုံးဖြတ်ခွင့်ရခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကြောင့် ရေရှည်တည်တံ့ရေးအတွက် အာမခံချက် အပြည့်အဝရှိနေ . . .**



## ခရမ်းမြို့နယ် အုန်းပင်ကျေးရွာ၌ သောက်သုံးရေကန်တူးဖော်

**ခရမ်း မေ ၁၁**

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ကျေးလက်ဒေသနေပြည်သူများ လာမည့်နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှု ကင်းဝေးစေရန် တိမ်ကောနေသည့် ခရမ်းမြို့နယ် အုန်းပင်ကျေးရွာမှ သောက်သုံးရေကန်ကြီးကို မေ ၁၀ ရက်မှစတင်၍ တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အုန်းပင်ကျေးရွာသည် ခရမ်းမြို့နယ်အပိုင် မုတ္တမပင်လယ်နှင့်နီးစပ်ပြီး နွေရာသီရောက်တိုင်း သောက်သုံးရန်ရေချိုရှားပါးကာ စက်ရေတွင်းများတူးဖော်ရာတွင်လည်း ရေငန်သာထွက်ရှိ၍ သောက်သုံးရေအခက်အခဲနှင့် နှစ်စဉ်ကြုံတွေ့နေကြောင်း သိရသည်။

အဆိုပါသောက်သုံးရေကန်ကြီး တူးဖော်ပြီးစီးပါက ရေချိုပိုမိုသိုလှောင်ထားရှိနိုင်၍ လာမည့်နွေရာသီတွင် ရေချိုအတွက်စိတ်အေးနိုင်ပြီး ကန်တူးဖော်ရာမှထွက်ရှိသည့်မြေသားများကို အမက စာသင်ကျောင်းလမ်းနှင့် ပတ်ဝန်းကျင် အနိမ့်ပိုင်းများကို ဖို့ပေးမှုများကြောင့် မိုးရာသီတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် သွားလာမှု အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ဥပဒေကြမ်းသုံးခု လွှတ်တော်၏အဆုံးအဖြတ်ရယူ

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ရောဝတီမြစ် အရှေ့ဘက်ကမ်းတာ (ကွမ်းသီးတစ်ပင်တာ) ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေတွင် ခွဲဝေရရှိပြီးဖြစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဖြေကြားခဲ့သည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) လက်ပံတန်းမြို့နယ်အတွင်းရှိ ကြံ့ခိုင်မှုအားနည်းနေသော ရောဝတီရေကာတာနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ကျိုးပေါက်သွားခဲ့သော မြစ်မခရေကာတာတို့အား ၂၀၁၆ ခုနှစ် မိုးမကျမီ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းချက်အပေါ် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ မြစ်မခမြစ် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း ရေဘေး ကာကွယ်ရေးတာများဖြစ်သော ခမုံ-ညောင်ပင်သာတာ၊ ခမုံ-ဆင်လမ်းတာ၊ ကျီးပင်ဆိပ်-အိုးဘိုတန်းတာ၊ မြင်ကဝကျောက်အိုင်တာနှင့် ဖိုးကတိုးတာ ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မူလခွင့်ပြုရန်ပုံငွေတွင် ခွဲဝေရရှိပြီးဖြစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီးက ၂၀၁၅ ခုနှစ် ဇူလိုင်လလယ်ခန့်မှစ၍ မိုးရေချိန်စံချိန်သစ်ရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း (ကိုမန်)၏ အရှိန်ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မိုးညိုမြို့နယ်ရှိ ရောဝတီမြစ် အရှေ့ဘက်ကမ်းတာသည် စိုးရိမ်ရေမှတ်အထက် ၆'ပေခန့် ကျော်လွန်မြင့်တက်ခဲ့ပြီး တာတမံတွင် ထူးပေါက်များပေါက်ခြင်း၊ တာအိတာလျှောခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အတူ ရောဝတီမြစ်၏ မြစ်ခွဲတစ်ခုဖြစ်သော မြစ်မခမြစ်၏ အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းမှ ရေဘေးကာကွယ်ရေးတာများတွင်လည်း မြစ်ရေမှတ်များမှာ စိုးရိမ်ရေမှတ်များထက် ပိုမိုကျော်လွန် မြင့်တက်ခဲ့သဖြင့် အရေးပေါ် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း။

ရေဘေးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သော်လည်းမြစ်မခအနောက်ဘက်ကမ်း တာဖြစ်သော အသရော်အိပ်လဟာတာမှာ တာထိပ်ပေါ်ရေကျော်ပြီး ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ကျိုးပေါက်ခဲ့သည့် အသရော်အိပ်လဟာတာအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် အခိုင်အမာ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းဖြင့် ထည့်သွင်းဖြေကြားခဲ့သည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပစဉ်

ဆက်လက်၍လည်း ဒုတိယဝန်ကြီးက ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ)ဒေါ်ရှားမီး မေးမြန်းသည့် မြောင်းချောင်းဆည်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မြောင်းချောင်း ရေလွှဲဆည်နှင့် ရေပေးမြောင်းသည် ကလေးမြို့နယ် တောင်ဘက်ရှိ ရွာစည်ရွာသာ၊ မြောက်စည်း၊ တောင်စည်း၊ ကျော်ရွာ၊ ခုံတိုးမြို့သာ ကျေးရွာအုပ်စုတို့မှ လယ်ဧက ၄၀၀၀ ကျော်အား မိုးစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း။

၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် ရေလွှဲဆည်နှင့် ရေပေးမြောင်းထိပ် ရေတံခါးပျက်စီးသွားပြီး ရေပေးမြောင်းအတွင်း သဲနုန်းများ ပို့ချခဲ့သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြောင်းချောင်းရေပေးမြောင်းအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေလွှဲဆည်နှင့် ရေပေးမြောင်းထိပ်ရေတံခါးမှာ ပြုပြင်အသုံးပြုရန် မသင့်လျော်တော့သဖြင့် ယခင်ရေပေးမြောင်း ထိပ်ဝမှ အထက်ပေ ၄၀၀ ခန့်တွင် ပြောင်းရွှေ့တည်ဆောက်ပြီး ရေပေးဝေနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေလွှဲဆည်နှင့် မြောင်းထိပ်ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားခွဲဝေပြီးဖြစ်ပါ၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် ဥပဒေကြမ်း သုံးခုအား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကို အသိပေးကြေညာခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လုံးခင်း၊ ဖားကန့် ရတနာနယ်မြေရှိ ကျောက်စိမ်းရိုင်းအတိုင်းအဆမဲ့တူးဖော်မှုမရှိစေရေး အစီအမံများရေးဆွဲ၍ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

လုံးခင်း၊ ဖားကန့် ရတနာနယ်မြေရှိ ကျောက်စိမ်းရိုင်း သယံဇာတများကို သားစဉ်မြေးဆက် အသုံးပြုနိုင်ရေး၊ အတိုင်းအဆမဲ့ ကျောက်စိမ်းတူးဖော်မှု မရှိစေရေး၊ မြေစာပုံ ပြိုကျပြီး မြေစာပိသည့် ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အစီအမံများရေးဆွဲ၍ အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မေ ၁၁ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြေကြားစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် သတ်မှတ်လုပ်ကွက်(အသစ်)၊ ဖော်ထုတ်လုပ်ကွက် (အသစ်)၊ အကျိုးတူလုပ်ကွက် (အသစ်)များကို ကျောက်မျက်ကုမ္ပဏီအဟောင်း၊ အသစ်များသို့ ထပ်မံလုပ်ကိုင်ခွင့်ချပေးခြင်း မပြုဘဲ ကျောက်စိမ်းရိုင်း သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကို ကန့်သတ်သွားမည်ဖြစ်ကြောင်း၊ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် လုပ်ကိုင်ခွင့်ရ လုပ်ကွက်ဧရိယာ အကျယ်အဝန်းအလိုက် အသုံးပြုရမည့် စက်ယန္တရား၊ မြေသယ်ယာဉ်အရေအတွက်နှင့် ဝန်ဆောင်မှုကို သတ်မှတ်ခဲ့ပြီး ယာဉ်၊ စက်ယန္တရားများ အလွန်အကျွံသုံးစွဲမှု မရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၂၃ ရက်အထိ စစ်ဆေးခဲ့ရာ ယာဉ်၊ ယန္တရား ၁၀၂၈၂ စီး အနက် ၆၁၀၉ စီးကို အဆင့်မြင့် နည်းပညာများဖြင့် ပြုလုပ်ထားသော ယာဉ်အသုံးပြုခွင့်လက်မှတ်များ ထုတ်ပေး၍ ယာဉ်၏ မြင်သာသောနေရာတွင် တပ်ဆင်အသုံးပြုခြင်းကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်ကစတင် ဆောင်ရွက်ခဲ့ကြောင်း၊ ပိုလျှံယာဉ်၊ ယန္တရား ၄၁၇၃ စီးကို လုပ်ငန်းခွင်တွင် အသုံးမပြုရေး တားမြစ်ဆောင်ရွက်ခဲ့ကြောင်း။

မြေစာပုံနေရာများ သတ်မှတ်၍ စနစ်တကျ မြေစာစုပုံခြင်းနှင့် စွန့်ပစ်ပြီးသော မြေစာပုံများ စနစ်တကျ ထိန်းချုပ်ခြင်းကို လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် မြေစာများစနစ်တကျ စွန့်ပစ်စုပုံရန်အတွက် မြေစာပုံနေရာ ၁၂ နေရာ သတ်မှတ်ထားရှိပြီးဖြစ်ကြောင်း၊ သတ်မှတ်မြေစာပုံများတွင် ကုမ္ပဏီများက စနစ်တကျ စွန့်ပစ်မှု ရှိ၊ မရှိ၊ မြေစာပုံများအနီး တရားမဝင်ပုံကျတဲများ ဆောက်လုပ်နေထိုင်ခြင်း ရှိ၊ မရှိ၊ မြေစာပုံများ ပြိုကျမှုအန္တရာယ်ဖြစ်ပွားနိုင်ခြင်း ရှိ၊ မရှိ စသည့်အခြေအနေများကို မြို့နယ်မြေစာစွန့်ပစ်မှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့နှင့် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဥရုချောင်း၏ မြစ်ကြောင်းထိန်းသိမ်းကာကွယ်ရေးအတွက် ချောင်း၏ ဝဲယာလုံလောက်သော အကွာအဝေးကို တိုင်းတာသတ်မှတ်ရန်၊ ဒေသ၏ သဘာဝနှင့် လူမှုပတ်ဝန်းကျင်ခံနိုင်ရည်ရှိမှုတို့ကို ဆန်းစစ်သုံးသပ်ရန်နှင့် ကျောက်စိမ်း တူးဖော်မှုများကြောင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများအား စိစစ်ရန်တို့အတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် တတိယအဖွဲ့အစည်းတစ်ခုကို တာဝန်ပေးအပ်စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်အရ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ ဆက်လက်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ရေးဆွဲထားရှိပြီးဖြစ်သည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကချင်ပြည်နယ် လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ၌ ကျောက်စိမ်းတူးဖော်မှု ကန့်သတ်ခြင်း၊ မြေစာစွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို သက်ဆိုင်ရာကုမ္ပဏီများက စနစ်တကျဆောင်ရွက်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အစီအမံများရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အစီအမံများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသားမရှိဆင်းရဲသား ပြည်သူများအပေါ် ကျူးကျော်သူများဟု စွပ်စွဲကာ တရားရုံးအမိန့်ဒီဂရီမပါရှိဘဲ နေအိမ်များကို အကြမ်းဖက်အင်အားသုံးပြီး ဖျက်ဆီးဖယ်ရှားခဲ့သည့်အတွက် ပြည်သူများ အစုလိုက်အပြုံလိုက် အခြေပျက်၊ အနေပျက်၊ ဘဝများပျက်စေသည့် လုပ်ရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့များမှ အဘယ်ကြောင့် တားဆီးအရေးယူခြင်း မပြုခဲ့သည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အစိုးရပိုင်မြေများမှ ကျူးကျော်သူများ ဖယ်ရှားရှင်းလင်းမှုနှင့် ပတ်သက်ပြီး ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ (၂၁/၁)တွင် တစ်စုံတစ်ယောက်သောသူကို ဤဥပဒေအရ အစိုးရမြေမှ နှင်ထုတ်ရာတွင် အခွန်တော်အရာရှိသည် ထိုသူနှင့် ထိုမြေတွင် လက်ရှိ



ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့် မေးမြန်းစဉ်

နေထိုင်သော အခြားသူ တစ်စုံတစ်ယောက်ရှိခဲ့လျှင် ထိုသူအား ထိုမြေမှ ထွက်ခွာသွားစေရန်နှင့် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း ၌ အစိုးရပိုင်ပစ္စည်း မဟုတ်သော ထိုမြေပေါ်ရှိ အခြားပစ္စည်းများ ဖယ်ရှားရန် အမိန့်တစ်ရပ်ကို ထုတ်ပြန်နိုင်ကြောင်း၊ ယင်းအမိန့် မိတ္တူတစ်စောင်ကို ထိုမြေပေါ်တွင် မြင်သာသည့်နေရာ သို့မဟုတ် ထိုမြေပေါ်ရှိ အဆောက်အအုံတစ်ခုတွင် ကပ်ထားရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ယင်းဥပဒေ၏(၂၂/၂)တွင် အမိန့်တွင် ဖော်ပြထားသော သတ်မှတ်ထားသည့် အချိန် ကုန်လွန်သွားသည့်နောက် ထိုမြေကို လက်ရှိရယူထားသူ သို့မဟုတ် ထိုမြေပေါ်တွင် ဆက်လက်နေထိုင်သူမည်သူကိုမဆို အခွန်တော်အရာရှိက ၎င်း၏အမိန့်အား တားဆီးခြင်း သို့မဟုတ် ခုခံခြင်းမပြုနိုင်ရန် ရည်ရွယ်၍ ၎င်း၏ ဖမ်းဝရမ်းဖြင့် ဖမ်းဆီးခြင်းခံရမည့်အပြင် အခွန်တော်အရာရှိက သင့်မြတ်သည်ဟု ထင်မြင်သည့်အတိုင်း တရားမထောင်၌ ကျခံရမည်ဖြစ်ကြောင်း။

ထိုအမိန့်တွင် သတ်မှတ်ထားသည့် အချိန်ကုန်လွန်ပြီးနောက် အစိုးရပိုင်ပစ္စည်းများမှအပ အခြားပစ္စည်းတစ်ခုသည် ထိုမြေပေါ်၌ ကျန်ရှိနေလျှင် အရာရှိက ပစ္စည်းကို ဖယ်ရှားနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်၊ လမ်းညွှန်ချက်များအရ သက်ဆိုင်ရာ အခွန်တော်အရာရှိများက ဥပဒေနှင့်အညီ အမိန့်ထုတ်ပြန်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းခြင်းတို့ဖြစ်ပါကြောင်း၊ ယင်းကိစ္စရပ်အတွက် တရားရုံး ဒီဂရီအမိန့် ရယူဆောင်ရွက်ရန်မလိုဘဲ လုပ်ငန်းစဉ်တစ်ခုလုံးကို သက်ဆိုင်ရာ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ တိုင်းဒေသကြီး

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# လွှတ်တော်၏ဂုဏ်သိက္ခာကိုထိပါးစေသော ရေးသားပြောဆိုမှု ရှောင်ကြဉ်ကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြောကြား

**နေပြည်တော် မေ ၁၁**

လွှတ်တော်၏ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသော ရေးသားပြောဆိုမှုများကို ရှောင်ကြဉ်ကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော် ကိုယ်စားလှယ်များအား ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြောကြားလိုက်သည်။

ရခိုင်ပြည်နယ် စစ်ဘေးရှောင်ဒုက္ခသည်များအတွက် အကူအညီပေးရန် ကိစ္စနှင့်စပ်လျဉ်းသည့် အရေးကြီးအဆို တင်သွင်းခွင့်မရသဖြင့် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက လွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ ကန့်သတ်ချက်များကို လိုက်နာခြင်းမရှိဘဲ ပြည်တွင်းပြည်ပ မီဒီယာများကို ထုတ်ဖော်ပြောကြားခဲ့ခြင်း၊ ၎င်း၏ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖော်ပြခဲ့ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အရေးကြီးအဆို ဆွေးနွေးမည့်အကြောင်းအရာတွင် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးကို အခြားနည်းလမ်းဖြင့် ဖြေရှင်းရန်ကြိုးပမ်းရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲစကားဝိုင်းတွင် ပါဝင်လာနိုင်ရေး ဖိတ်ခေါ်သည့်နေရာတွင် အင်အားကြီးသည်၊ ငယ်သည်၊ သက်တမ်းရင့်သည်၊ နုသည် စသည့် ခွဲခြားဆက်ဆံမှု မဖြစ်သင့်ကြောင်း၊ အာဃာတနှင့်ဖြစ်စေ၊ စစ်ရေးအကျိုးအမြတ်ပေါ်တွင် အခြေခံပြီးဖြစ်စေ ခွဲခြားဆက်ဆံခြင်း၊ ဖယ်ချန်ထားခြင်း မလုပ်သင့်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ဒေသခံများ ဒုက္ခရောက်နေရခြင်းကို အဆုံးသတ်စေမည့် ရေသောက်မြစ် AA တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အား ငြိမ်းချမ်းရေးဆွေးနွေးပွဲစကားဝိုင်းသို့ ဖိတ်ခေါ်ရန်ဖြစ်ကြောင်း စသည့် အချက်များ ပါဝင်နေကြောင်း လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ယင်းအချက်များသည် အဆိုနှင့်ပတ်သက်၍ ကန့်သတ်ထားသည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသောအဆို မဖြစ်စေရ၊ လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသောကိစ္စတစ်ရပ်ရပ်နှင့် သဘောချင်းတူညီသည့်ကိစ္စမပါရှိစေရ စသည့် အချက်များနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

"လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ စစ်ဘေးရှောင်ဒုက္ခသည်တွေအတွက် နိုင်ငံတော်က အကူအညီပေးဖို့ကို မကူညီစေလို၍ မဟုတ်ပါ၊ ဒီအဆိုဟာ အမျိုးသားလွှတ်တော်အတွင်း ဆုံးဖြတ်ပြီးတဲ့ကိစ္စရပ်နဲ့ သဘောထားချင်း တူညီနေတာလည်း တွေ့ရပါတယ်၊ စစ်ဘေးရှောင်ဒုက္ခသည်တွေအတွက် နိုင်ငံတော်က အကူအညီပေးနိုင်ဖို့ တိုက်တွန်းကြောင်းအဆိုဟု ခေါင်းစဉ်တပ်ထားသော်လည်း အဆိုမှာပါရှိတဲ့ ဆွေးနွေးချက်တွေဟာ AA လက်နက်ကိုင်အဖွဲ့ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပါဝင်ခွင့်ပြုဖို့ လွှတ်တော်က ဆုံးဖြတ်ပေးဖို့ဆိုတဲ့ အနှစ်သာရကို ဦးတည်ထားတာတွေရှိရပါတယ်"ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌက "လက်နက်ကိုင်တိုက်ပွဲဖြစ်လို့ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပါဝင်ခွင့်ရအောင် လွှတ်တော်က ဆုံးဖြတ်ပေးရမယ်ဆိုရင် အခြားလက်နက်ကိုင်အဖွဲ့တွေကလည်း အခုလိုတိုက်ပွဲတွေဖြစ်ပွားပြီး လွှတ်တော်သို့ အဆိုတင်သွင်းတောင်းဆိုလာရင် ပြည်ထောင်စုအရေးက ရင်လေးဖွယ်ရာဖြစ်ပါတယ်"ဟုလည်း ဆိုသည်။

ယင်းကိစ္စအပေါ် အဆိုရှင် ဒေါ်ခင်စောဝေက "ဥက္ကဋ္ဌပြောသွားတဲ့အပေါ်ဘာမှ ပြောစရာမရှိပါဘူး၊ ဥက္ကဋ္ဌအနေနဲ့မှန်ပါတယ်၊ ကျွန်မအနေနဲ့လည်း မှန်တယ်လို့ ယူဆတယ်။ ကျွန်မဟာ ပြည်သူ့ကိုယ်စားလှယ် တစ်ဦးဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ အခက်အခဲ၊ ပြည်သူ့တွေရဲ့အသံ၊ ပြည်သူတွေရဲ့ဆန္ဒကို လွှတ်တော်အတွင်းကို သယ်ဆောင်ဖို့ရှိပါတယ်။ ကျွန်မအနေနဲ့ ပြည်သူတွေကို သွားရောက်တွေ့ဆုံတဲ့အခါမှာ ဒီကိစ္စကို အရေးကြီးအဆိုတင်မယ်လို့ ကတိပေးခဲ့တယ်၊ မလိုတာတွေကို ဖျက်ပေးပါမယ်၊ စစ်ဘေးရှောင်အတွက်ပဲ သီးသန့်အဆိုတင်မယ်ဆိုတော့လည်း လက်မခံဘူး၊ ဒီအဆို မတင်သေးဘူးလား။ ဘယ်တော့တင်မလဲဆိုတဲ့ မေးမြန်းမှုတွေရှိတဲ့အတွက် ဒါကို ပြည်သူတွေသိအောင် တင်ပြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကိုရော၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုရော စစ်ဘေးရှောင်ဒုက္ခသည်တွေကို ကူညီပံ့ပိုးဖို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး လက်မှတ်ရေးထိုးပြီးတော့ ဒီကနေ့ (မေ ၁၁ ရက်) မှာပဲ ပို့မှာဖြစ်ပါတယ်"ဟု ဒေါ်ခင်စောဝေက ပြောသည်။

လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် အဆိုတစ်ရပ်ကို လက်ခံခွင့်ပြုရန် သင့်၊ မသင့် စဉ်းစားသည့်အခါ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိလျှင် သော်လည်းကောင်း၊ အဆို တင်သွင်းပိုင်ခွင့်ကို အလွဲသုံးစားပြုသည်ဟုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သည်ဟု သော်လည်းကောင်း၊ လွှတ်တော်၏ လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟု သော်လည်းကောင်း ယူဆလျှင် ယင်းအဆို သို့မဟုတ် ယင်းအဆို၏ အစိတ်အပိုင်းကို ခွင့်မပြုရဆိုသည့် နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ယခုအရေးကြီးအဆိုအား ခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်**

# နိုင်ငံသားတို့၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိဘဲ ဖိနှိပ်သည့်ဥပဒေမျိုးမဖြစ်စေရန် အထူးလိုအပ်

**နေပြည်တော် မေ ၁၁**

နိုင်ငံသားတို့အနေဖြင့် စနစ်တကျ ဆန္ဒဖော်ထုတ်ခွင့်ရှိစေရန် ဤဥပဒေကို ပြဋ္ဌာန်းရာ၌ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိဘဲ ဖိနှိပ်သည့်ဥပဒေမျိုးမဖြစ်စေရန် အထူးလိုအပ်ပါကြောင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် **ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးက ၂၀၁၆ ခုနှစ် မေ ၅ ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ တည်ဆဲငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ပြုလုပ်လိုပါက သက်ဆိုင်ရာ မြို့နယ်ရဲစခန်းသို့ ခွင့်ပြုချက် တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိမှသာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်သည် နိုင်ငံသားတို့၏ မူလအခွင့်အရေး ဖြစ်သည်နှင့်အညီ မိမိတို့၏ အခွင့်အရေးကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်သည့် ဥပဒေ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး

**"အသိပေးတင်ပြချက်ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းမပြုရန် ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းကိုဆိုသည်"** ဟု ပြင်ဆင်ရေးဆွဲခဲ့သည်။

ထို့ပြင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် တရားစွဲဆိုရာတွင် မလိုလားအပ်ဘဲ အချိန်ကြန့်ကြာမှုမရှိစေရန်အတွက် ပြင်ဆင်သည့်ဥပဒေ၏ အပိုဒ် ၂၀ တွင် **"မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို သက်ဆိုင်ရာတရားရုံးသို့ ၁၅ ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်"**ဟု ပြင်ဆင်ခဲ့သည့်အပြင် တရားရုံးတစ်ရုံးထက်ပို၍ တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်စေရန်အတွက် အပိုဒ် ၂၁ တွင် **"ဤဥပဒေအရတရားစွဲဆိုရာတွင် ဆက်စပ်မြို့နယ်များ ပါဝင်နေပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းဖြစ်လျှင် ပြစ်မှုကိုစတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်တရားရုံးကသာ စီရင်ပိုင်ခွင့်ရှိသည်"**ဟု ပြင်ဆင်ခဲ့သည်။

**သူရဇော်**

# အမျိုးသားလွှတ်တော် စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း(Debate) အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၁**

နေပြည်တော် အမျိုးသားလွှတ်တော် အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းတည့် ၁၂ နာရီတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို **"မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ၏ လက်ငင်းရင်ဆိုင်နေရသော ပြဿနာများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ စာရေးဆရာ မောင်သံဒိုင်(ဘောဂဗေဒ)က အပြန်အလှန်ဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ကျော်စိုး တပ်မတော်သားကိုယ်စားလှယ်၊ ဦးခင်မောင်လတ် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ဒေါ်ရွှေရွှေစိန်လတ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ ဒေါ်မြတ်သီတာထွန်း မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ ဒေါ်သီရိရတနာ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)နှင့် ဒေါက်တာကျော်သန်းထွန်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)တို့က **"မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ၏လက်ငင်းရင်ဆိုင်နေရသော ပြဿနာများ"**နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် စာရေးဆရာ မောင်သံဒိုင် (ဘောဂဗေဒ)က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ဘေးရှောင် ဒုက္ခသည်များကို ကူညီစောင့်ရှောက်ပေးရန် အစိုးရကို တိုက်တွန်းကြောင်းအဆိုအား ရခိုင်ပြည်နယ်လွှတ်တော်က အတည်ပြု

**စစ်တွေ မေ ၁၁**

မေ ၁၀ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ဒုတိယနေ့တွင် ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်က တင်သွင်းခဲ့သော စစ်ဘေးရှောင်ဒုက္ခသည်များကို ကူညီစောင့်ရှောက်ပေးရန် အစိုးရကို တိုက်တွန်းကြောင်း အဆိုအား ယနေ့ကျင်းပသော ရခိုင်ပြည်နယ်လွှတ်တော် တတိယနေ့တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

ယင်းအဆိုနှင့်ပတ်သက်၍ စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်



ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇော်ဦး၊ အမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ ပေါက်တောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ထွီး၊ မြောက်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်နှင့် ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံတို့က ပြည်နယ်လွှတ်တော်သို့ ဆွေးနွေးတင်ပြခဲ့ကြသည်။ ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက အစိုးရအဖွဲ့အနေဖြင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များ၊ တိုက်တွန်းချက်များအပေါ် အလေးအနက်ထားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော နေရပ်ကိစ္စတွင် မိသားစုများ၏ လက်ရှိပကတိအခြေအနေကို သေချာစွာ သိရှိနိုင်ရန်၊ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ကွင်းဆင်းစိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်ကျနစွာ စိစစ်ကွင်းဆင်း ဆောင်ရွက်စေလိုပါကြောင်း၊ ကွင်းဆင်းစစ်ဆေးချက်၊ သုံးသပ်ချက်၊ လိုအပ်ချက်များအပေါ်တွင် မူတည်ပြီး အစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များအပေါ်တွင် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြည်နယ်လွှတ်တော်သို့ အကြံပြုတင်ပြသွားခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

# တိုက်ပွဲရှောင် အမျိုးသမီးငယ်များအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် အချို့ဒေသများ၌TNLA နှင့် RCSS လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့မှုများ ဖြစ်ပေါ်နေမှုကြောင့် ရတနာရွှေဂူဘုန်းတော်ကြီးကျောင်းနှင့် ဘော်ကြိုဘုရားကြီးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိခိုလှုံနေကြသည့် တိုက်ပွဲရှောင် အမျိုးသမီးငယ်များအတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကို မေ ၁၁ ရက်က ကယ်ဆယ်ရေးစခန်းများ၌ ကျင်းပသည်။

အစီအစဉ်အရ သီပေါမြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ် ပြည်သူ့ဆေးရုံအုပ်၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်ရွှေတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ပေးပို့လှူဒါန်းခဲ့သော အမျိုးသမီးငယ်များ အတွက်အထောက်အကူ ပစ္စည်း (Digmitykit) များကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌက တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဗြိတိန်နိုင်ငံက ကူညီလျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးအသွင်ပြောင်းရေးဖြစ်စဉ်နှင့် ပညာရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၁၁**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဗြိတိန်သံအမတ်ကြီး မစ္စတာ အန်ဒရူးပက်ထရစ်အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-5 )ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ၏ ကြာမြင့်ပြီဖြစ်သော ကောင်းမွန်သောဆက်ဆံရေး၊ ဗြိတိန်နိုင်ငံကကူညီလျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးအသွင်ပြောင်းရေးဖြစ်စဉ်နှင့် ပညာရေးကိစ္စရပ်များ၊ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းမြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

***အမျိုးသားလွှတ်တော်မှ***

နယ်မြေအတွင်းရှိ အစိုးရပိုင်မြေများအပေါ်မှ ကျူးကျော်တဲများ ဖယ်ရှားရှင်းလင်းမှုကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဖယ်ရှားရှင်းလင်းဆောင်ရွက်မှုအပေါ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပတ်သက်ဆက်စပ် ဆောင်ရွက်ခွင့်နှင့် တားဆီးအရေးယူရန် မရှိသည့်အတွက် ကျူးကျော်နေထိုင်သူများနှင့် တာဝန်အရ ဆောင်ရွက်သူများအကြား တစ်စုံတစ်ရာ ထိခိုက်နစ်နာမှု မရှိစေရန် လုံခြုံရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် **ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် **နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တို့အား အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက **ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် **ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို မေ ၁၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# မော်ချီးဒေသ မြေပြိုမှုအတွက် ရွာအသစ်တည်ဆောက်လှူဒါန်း

**မော်ချီး မေ ၁၁**

ကယားပြည်နယ် မော်ချီးဒေသတွင် ၂၀၁၅ ခုနှစ်အတွင်း မြေပြိုမှုများကြောင့် ဘေးဒုက္ခကျရောက်ခဲ့သည့် ဒေသခံတိုင်းရင်းသားများနေထိုင်ရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရွာအသစ်တည်ဆောက်လှူဒါန်းခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒေသခံတိုင်းရင်းသား အိမ်ထောင်စုပေါင်း ၅၃ စု နေထိုင်နေပြီဖြစ်သည်။

ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ကယားပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ အောက်တိုဘာ ၁၄ ရက် ၂၀၁၅ မှ စတင်ကာ နေအိမ်အလုံး ၆၀၊ စာသင်ကျောင်းဆောင်တစ်ဆောင်၊ စာကြည့်တိုက်တစ်လုံး၊ ရေသိုလှောင်ရန်အတွက် ဂါလန် ၅၀၀၀ ဆံ့တစ်လုံး၊ ဂါလန် ၃၀၀၀ ဆံ့နှစ်လုံးနှင့် နေအိမ်အရောက် ရေပိုက်လိုင်းသွယ်တန်းပေးခြင်း၊ လျှပ်စစ်မီးအတွက် ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ အိမ်သုံးမီတာ ၆၂ လုံးတို့အပြင် ရွာအတွင်း မြေသားလမ်းများဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်းကျော်အသုံးပြု၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဝယ်သူနည်း၍ ပြန်ရောင်းသူများနေသော ရန်ကုန်ရွှေဈေးကွက်

**ရန်ကုန် မေ ၁၁**

ယနေ့ ရန်ကုန်ရွှေဈေးကွက်ဖြစ်သော လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးအတွင်းရှိ ရွှေရောင်းဆိုင်များတွင် ဝယ်ယူသူတို့ အလာနည်းနေပြီး ဝယ်ပြီးသားရွှေထည်များကို ပြန်ရောင်းသူတို့သာများနေကြောင်း ၂၉ လမ်း ရွှေပန်းထိမ်ဆိုင်မှ ဦးအုန်းမြိုင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က "အခုအခြေအနေမှာတော့ ပြည်တွင်းရွှေဈေးကွက်က အခုလိုပဲ အေးလိုက်၊ အရောင်းအဝယ် ကောင်းလာလိုက်နဲ့ အနိမ့်အမြင့် ရှိနေမှာပါပဲ။ အာဆီယံ စီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) ကို မကြာခင်မှာစတော့မှာ ဖြစ်ပါတယ်။ အာဆီယံ ရွှေဈေးကွက်အတွင်းမှာ လွတ်လပ်စွာ ရောင်းဝယ်နိုင်ကြတော့မှာဖြစ်တဲ့အတွက် ရွှေအရောင်းအဝယ် အခုထက် ပိုကောင်းလာနိုင်ပါတယ်" ဟု ဆိုသည်။

၎င်းကပင်ထပ်မံ၍ "အခုအရောင်းအဝယ်ပြုလုပ်နေတဲ့ ကျပ်-ပဲ-ရွေးစနစ်အပြင် ကမ္ဘာသုံးဂရမ်၊ အောင်စစနစ်ကိုပါ ပူးတွဲသုံးတက်ဖို့ လေ့ကျင့်ထားရန်လိုသလို ရွှေရည်ရွှေသွေးကိုလည်း ၉၉ ဒသမ ၉၉၉၉ ရာခိုင်နှုန်းအထိ ထုတ်လုပ်ဖို့လိုလာပါပြီ" ဟု ဆိုခဲ့သည်။



ရန်ကုန်မြို့ ရွှေဆိုင်တစ်ဆိုင်၌ ခင်းကျင်းပြသထားသော ရွှေထည်ပစ္စည်းများအား တွေ့ရစဉ်

မြန်မာ့ရွှေဈေးကွက်မှာ ကမ္ဘာ့ရွှေဈေးပေါ်တွင် မှီနေရသည့်အတွက် ကမ္ဘာ့ရွှေဈေး ကျဆင်းခြင်းနှင့်အတူ မြန်မာ့ရွှေဈေးသည်လည်း လိုက်ပါကျဆင်းတတ်ခြင်းရှိသကဲ့သို့ ကမ္ဘာ့ရွှေဈေးအတက်တွင်လည်း ထပ်တူလိုက်ပါတက်လေ့ရှိကြောင်း သိရသည်။

သင်္ကြန်မတိုင်မီ ဧပြီ ၁၁ ရက်က ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၆၃ ရှိခဲ့ပြီး မြန်မာ့ရွှေ (အခေါက်ရွှေ) တစ်ကျပ်သားလျှင် ငွေကျပ် ၇၈၁၅၀၀ ဈေးဖြစ်နေခဲ့သည်။

သင်္ကြန်အပြီး ယခုနောက်ပိုင်းရက်များအတွင်း အမြင့်ဆုံးဈေးမှာ မေ ၇ ရက်က ကမ္ဘာ့ရွှေဈေး ၁၂၈၇ ဒေါ်လာရှိပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၇၉၅၀၀၀ အထိ ဖြစ်လာသည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးစာရင်းအရ သိရသည်။

ဈေးမြင့်မားလာမှုကို နှုန်းယှဉ်ကြည့်ပါက ကမ္ဘာ့ရွှေဈေးမှာ ၂၄ ဒေါ်လာအထိ မြင့်တက်လာသကဲ့သို့ မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သား ငွေကျပ် ၁၄၅၀၀ အထိ ကွာဟမှုဖြစ်လာသည်ကို လေ့လာတွေ့ရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းစည်းရုံးရေးမှူး ဦးအေးချို က "ရွှေဈေးကွက်က အခုလဆန်းကတည်းက အေးနေတယ်။ လလယ်၊ လကုန်အထိအပြင် ရှေ့လမှာ ကျောင်းတွေဖွင့်တော့မှာဖြစ်တဲ့အတွက် ပိုအေးသွားဖို့ပဲ ရှိပါတယ်" ဟု ဆိုသည်။

မိုးဦးပွင့်ရွှေဆိုင်မှ ဦးသာညွန့်ဟန်က "အခုရက်ပိုင်း တစ်လျှောက်လုံး အသစ်ဝယ်ယူသူထက်၊ ဝယ်ပြီးသားတွေကို လာပြန်ရောင်းကြတာ များတယ်။ ကလေးတွေကျောင်းကိစ္စတဲ့၊ အလယ်အလတ် လူတန်းစားတွေ များပါတယ်" ဟု ဆိုခဲ့သည်။

မေ ၁၀ ရက် နံနက်အဖွင့်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၆၄ ရှိခဲ့ပြီး ညနေဈေးကွက်ပိတ်ချိန်၌ ၁၂၆၅ ဖြင့်ပိတ်သကဲ့သို့ မြန်မာ့ရွှေဈေးကွက်မှာလည်း စဖွင့်ချိန်၌ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၇၈၉၇၀၀ ဖြင့် စဖွင့်ခဲ့သော်လည်း ညနေဈေးကွက်ပိတ်ချိန်၌ ငွေကျပ် ၇၈၉၀၀၀ ဖြင့် အရောင်းအဝယ်ပိတ်ခဲ့ကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

အမြင့်ဆုံးအပူချိန်အနေဖြင့် ရန်ကုန်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

## မေ ၁၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မေ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၂၀၀၀ မှ ၄၃၅၀၀ |
| ၂။ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၃၁၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | နှမ်းသီးထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၈၀၀ မှ ၁၉၂၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၁၅၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၆၅ မှ ၁၆၇၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊တောင်တွင်း၊မြစ်သား၊ အောင်လံ၊ မြင်းခြံ၊ ပခုက္ကူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၀၀ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၀၀ မှ ၃၅၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၀၀ မှ ၃၀၀၀ |
| ၁၂။ | ငရုတ်(ရှည်) | ကျောက်ရဲ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ ဇီယက်နမ်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀ မှ ၃၂၀၀ |
| ၁၃။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း၊ ကျောက်စိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၂၉၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၆၃၀ |
| ၁၅။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၁၄၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# ဒေးတာသည် တရုတ်နှင့် ပိုင်နက်အငြင်းပွားမှုအပေါ် သဘောထားပျော့ပျောင်း



**မနီလာ မေ ၁၁**

ဖိလစ်ပိုင် သမ္မတရွေးကောက်ပြိုင်ပွဲတွင် သမ္မတဖြစ်လာမည့် ရိုဒရီဂိုဒေးတာသည် တရုတ်ဘက်မှ အခြေခံအဆောက်အအုံများအတွက် ဘဏ္ဍာရေးဆိုင်ရာကူညီမှုများနှင့် အခြားလုပ်ငန်းများတွင် ကူညီမှုများပြုသည့်အတွက် အပေးအယူအနေဖြင့် တရုတ်နှင့် ပိုင်နက်အငြင်းပွားမှုကို လျှော့ချမည့်ပုံပေါ်နေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ ဖော်ပြသည်။

ဖိလစ်ပိုင်သည် တောင်တရုတ်ပင်လယ်၌ရှိသော အငြင်းပွားကျွန်းအချုပ်အခြာပိုင်ဆိုင်မှုနှင့် ပတ်သက်သော လုပ်ပိုင်ခွင့်များကို ပေးအပ်မည်မဟုတ်ကြောင်း ဒေးတာက တနင်္လာနေ့ညနေက သတင်းထောက်များကို အလေးအနက် ပြောကြားခဲ့သည်။

ရေပိုင်နက်အငြင်းပွားမှုကို ဖြေရှင်းရန်ဘက်ပေါင်းစုံညှိနှိုင်းမှုများ ပြုလုပ်အဖြေရှာမည်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် အခြေအနေမတိုးတက်လာပါက တရုတ်နှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရေတွက်ပြီးမဲစာရင်း ၉၉ ရာခိုင်နှုန်းအရ ဒါဘူရိုမြို့တော်ဝန် ဒေးတာသည် ထောက်ခံမဲ ၃၈ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့သည်။ ၎င်း၏နောက်တွင် ရိုဇက်ရှိပြီး ထောက်ခံမဲ ၂၃ ဒသမ ၂ ရာခိုင်နှုန်းရရှိထားသည်။ ရိုဇက်၏နောက်တွင် ဂရေစ့်ပိုးရှိပြီး ထောက်ခံမဲ ၂၁ ဒသမ ၇ ရာခိုင်နှုန်းရရှိထားကြောင်း သိရသည်။

ယင်းရလဒ်များသည် လွှတ်တော်ကအတည်ပြုပြီး တစ်လအတွင်း တရားဝင်ဖြစ်မည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ရိုဇက်အနေဖြင့် မရေတွက်ရသေးသည့်မဲများကို ထပ်မံရရှိခဲ့လျှင်တောင်မှ ဒေးတာသည် သေချာပေါက် သမ္မတရာထူးရမည့်သူဖြစ်ကြောင်း သိရသည်။

တာဝန်မှအနားယူသွားသော အကွီနိုသည် နိုင်ငံရေးလက်တံကို မဟာမိတ်နိုင်ငံများဖြစ်သော အမေရိကန်နှင့် ဂျပန်တို့ကဲ့သို့သော နိုင်ငံများထိဆန့်ထားနိုင်ခဲ့ပြီး ယင်းနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်၏ နိုင်ငံရေးမူဝါဒပြောင်းလဲလျှင် တောင်တရုတ်ပင်လယ်အရေး တင်းမာမှုအပေါ် ရှုမြင်သောသဘောထားလည်း ပြောင်းလဲသွားနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

**(အင်န်အိတ်ချ်ကေ)**

# အေးခဲဟင်းသီးဟင်းရွက် အထုပ်ပေါင်း ၂၅၀၀၀၀ ကို ဂျပန်စားသောက်ကုန် ကုမ္ပဏီ ပြန်လည်သိမ်းဆည်း

**တိုကျို မေ ၁၁**

ဂျပန်နိုင်ငံရှိ အေးခဲစားသောက်ကုန် ကုမ္ပဏီတစ်ခုဖြစ်သော နီခီရီသည် ၎င်း၏ အေးခဲဟင်းသီးဟင်းရွက် ကုန်ပစ္စည်းအထုပ်ပေါင်း ၂၅၀၀၀၀ ခန့်ကို ဗက်တီးရီးယားပိုးများ ပျံ့နှံ့နေသည်ဟု ယူဆရသောကြောင့် ပြန်လည်သိမ်းဆည်းခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာများက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဟင်းသီးဟင်းရွက်များတွင် အစာအဆိပ်သင့်စေနိုင်သည့် ဗက်တီးရီးယားပိုးတစ်မျိုးကို တွေ့ရှိရသဖြင့် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဟင်းသီးဟင်းရွက်များ၊ အေးခဲပြောင်းဖူးများကို ဟော့ကိုင်းဒိုးနှင့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတို့မှလွဲ၍ နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးပြီးဖြစ်သည်။ ဝယ်ယူစားသုံးသူများအနေနှင့် အဆိုပါ ဟင်းသီးဟင်းရွက်များအတွက် ပြန်အမ်းငွေများရရှိစေရန် ဆက်သွယ်ရန်လိုအပ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မြေထဲပင်လယ်၌ သေဆုံးသူဒုက္ခသည်အရေအတွက်ကို ကြေညာ

**ဂျီနီဗာ မေ ၁၁**

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချသူများအဖွဲ့အစည်း၏ အင်္ဂါနေ့ထုတ်ပြန်ချက်အရ ယခုနှစ်အတွင်း ဒုက္ခသည်များနှင့်ရွှေ့ပြောင်းအခြေချနေထိုင်သူ ၁၃၅၇ ဦးမှာ ဥရောပကိုရောက်ရှိရေး မြေထဲပင်လယ်ကိုကျော်ဖြတ်ရင်း သေဆုံးခဲ့သည်ဟု ဆိုသည်။

သေဆုံးသူများထဲမှ ၉၇၆ ဦးမှာ အီတလီသို့ဝင်ရောက်ရန် မြေထဲပင်လယ်အလယ်ပိုင်းသို့ ဖြတ်ကျော်ရင်းသေဆုံးခဲ့ခြင်းဖြစ်ပြီး အခြား ၃၇၆ ဦးမှာ တူရကီနှင့် ဂရိနိုင်ငံကြား မြေထဲပင်လယ်အရှေ့ပိုင်းတွင် နစ်မြုပ်သေဆုံးခဲ့သည်။

ယခုနှစ်အစောပိုင်းကစတင်၍ ဥရောပကမ်းခြေများသို့ ဒုက္ခသည် ၁၈၇၆၃၁ ဦး ရောက်ရှိခဲ့သည်ဟု နောက်ဆုံးစာရင်းဇယားများအရ သိရသည်။ ၎င်းတို့ထဲမှ ၁၅၅၃၉၉ ဦးမှာ ဂရိနိုင်ငံမှတစ်ဆင့် ဥရောပသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်း ဒုက္ခသည်နှင့်ရွှေ့ပြောင်းအခြေချသူ တစ်သန်းကျော်မှာ ဥရောပသို့သွားရောက်ခဲ့ကြပြီး ၃၇၇၀ မှာ ထပ်မံသွားရောက်ရန် ကြိုးပမ်းရင်း သေဆုံးခဲ့ကြသည်။

**(ဆင်ဟွာ)**

# တူရကီတွင် ကားဗုံးပေါက်ကွဲ သုံးဦးသေဆုံး

**အန်ကာရာ မေ ၁၁**

တူရကီနိုင်ငံ ဒီရာဘာကာမြို့ အရှေ့တောင်ဘက်ရှိ ရဲကားဝင်းအတွင်း အင်္ဂါနေ့က ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၁၂ ဦး အပါအဝင် အခြား ၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မေ ၁၁ ရက်က ပြည်နယ်အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရဲကားအတွင်း ဒဏ်ရာရရှိသူ ခုနစ်ဦးကို ကျန်းမာရေးစစ်ဆေးမှု ခံယူရန် ဆေးရုံသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။ ထိန်းသိမ်းခံရသူများမှာ ကာ့ဒ်အလုပ်သမားပါတီအဖွဲ့ဝင်များဖြစ်ကြောင်း သိရသည်။ ဆေးရုံသို့ရောက်ရှိသော ဒဏ်ရာရရှိသူသုံးဦးမှာ မနေ့က သေဆုံးသွားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တိဗက်၌ ငလျင်လှုပ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**လာဆာ မေ ၁၁**

တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချန်ဒူး၌ ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၁၅ မိနစ်က ပြင်းအား ၅ ဒသမ ၅ မဂ္ဂနီကျု့ရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာအာဏာပိုင်များက ပျက်စီးဆုံးရှုံးမှုပမာဏများနိုင်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံ ငလျင်စောင့်ကြည့်ရေး ဗဟိုဌာနက အဆိုပါငလျင်သည် မြောက်လတ္တီကျု ၃၁ ဒသမ ၉၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု(စ်)၉၄ ဒသမ ၄၄ ဒီဂရီတွင် လှုပ်ခဲ့ခြင်းဖြစ်ပြီး အနက်မှာ ၇ ကီလိုမီတာရှိသည်ဟု ပြောကြားခဲ့သည်။

ငလျင်သည် နာမည်ကျော် ဗုဒ္ဓဘုရားကျောင်း နှစ်ကျောင်းတည်ရှိရာ ကာတာမြို့ကို ဦးတည်၍ လှုပ်ခတ်သွားခဲ့သည်ဟု ငလျင်လေ့လာရေးဗျူရိုမှ ညွှန်ကြားရေးမှူး ဆိုရမ်က ပြောသည်။

ကာတာမြို့မှ အကြီးအကဲတစ်ဦးဖြစ်သူ ဆမ်ဘာက ကွေ့ဒုံးရွာ၌ ပျက်စီးဆုံးရှုံးမှုများရှိကြောင်း ဆင်ဟွာသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်သော ကျေးရွာသို့ သွားရာလမ်းမှာလည်း ပြိုကျပျက်စီးလျက်ရှိကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ငလျင်ဒဏ်ခံရသူများကို ကူညီပေးရန်စက်များလည်း ပေးပို့ထားကြောင်း ကာတာမြို့မှ အာဏာပိုင်များက ပြောသည်။

**(ဆင်ဟွာ)**

# ဗာဂျီးနီးယားအနောက်ပိုင်းပြည်နယ် မဲဆွယ်ပွဲ၌ ဆန်းဒါးကို ကလင်တန်ရှုံးနိမ့်



**ဝါရှင်တန် မေ ၁၁**

အင်္ဂါနေ့က ဗာဂျီးနီးယားပြည်နယ်ယှဉ်ပြိုင်ပွဲ၌ အမေရိကန် ဒီမိုကရက်တစ်ကိုယ်စားပြု သမ္မတလောင်း ဘာနီဆန်းဒါးကို ဟီလာရီကလင်တန် ရှုံးနိမ့်ခဲ့သည်။ သမ္မတလောင်း အဆိုပြုပွဲများတွင် ကလင်တန်အနေနှင့် ရှုံးနိမ့်မှုများ ကြုံတွေ့ရသော်လည်း နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ကိုယ်စားပြု ဟီလာရီကလင်တန်အနေဖြင့် ဖြစ်နိုင်ခြေများစွာရှိနေသေးသည်။

နိုဝင်ဘာ ရွေးကောက်ပွဲတွင် ထရန့်နှင့် ကလင်တန်တို့သည် အဓိကပြည်နယ်များဖြစ်သော အိုဟိုင်းအိုးနှင့် ပင်နီဆဲလ်ဗာနီးယားတို့တွင် အနိုင်ရရှိရန် လိုအပ်သည်။

အင်္ဂါနေ့က အနောက်ဗာဂျီးနီးယားနှင့် နီဘရာစ်ကာ ယှဉ်ပြိုင်မှုတို့တွင် ထရန့်အနိုင်ရခဲ့သည်။ ကြာသပတေးနေ့တွင် ထရန့်နှင့် အောက်လွှတ်တော်နာယက ပေါ်ရိုင်ယန်အပါအဝင် ပါတီထိပ်ပိုင်းခေါင်းဆောင်တို့ တွေ့ဆုံကြမည်ဖြစ်သည်။

**(ရိုက်တာ)**

# ဖိလစ်ပိုင် ဒုတိယသမ္မတရွေးချယ်ပွဲ အကြိတ်အနယ်ယှဉ်ပြိုင်

**မနီလာ မေ ၁၁**

ဥပဒေပြုအထက်လွှတ်တော်အမတ် ဖာဒီနန်မားကို့စ်ဂျူနီယာနှင့် အမျိုးသမီး ကွန်ဂရက်လွှတ်တော်အမတ် လန်နီရော်ဘရီဒိုတို့နှစ်ဦးတွင် ဖိလစ်ပိုင်ဒုတိယသမ္မတမည်သူဖြစ်လာမည်ဆိုသည်ကို အဖြေရရန် နီးကပ်လာနေပြီဖြစ်သည်။

ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် အတည်မပြုရသေးသော မဲရလဒ်များအရ ရော်ဘရီဒို၏ မဲအရေအတွက်သည် မားကို့စ်ရရှိထားသော မဲအရေအတွက်ထက် အနည်းငယ်ပိုနေသည်ကို တွေ့ရပြီး ၁၃၉၄၀၄၅၈ နှင့် ၁၃၇၁၆၆၀၃ တို့ အသီးသီးဖြစ်ကြသည်။

ကနဦးတွင် မားကို့စ်က အသာစီးအနေအထားတွင် ရှိနေသည်ဟုသိရပြီး အတည်မဖြစ်သေးသည့် ရေတွက်မှုများကို ထုတ်ပြန်ခြင်းမပြုရန်၊ တရားဝင်မဲရလဒ်များထုတ်ပြန်မည့်အချိန်ကို စောင့်ကြည့်ရန် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့က တောင်းဆိုထားကြောင်း သိရသည်။

**(ဆင်ဟွာ)**



# ကြီးထွားလာသော ကမ္ဘာ့ပြဿနာ သို့မဟုတ် အကျင့်ပျက်ခြစားမှု

**တင်လင်းအောင်**



ကမ္ဘာ့ဘဏ်အဆောက်အအုံကို တွေ့ရစဉ်။

ကြာသပတေးနေ့နံနက်တွင် ကမ္ဘာ့ထိပ်တန်းပုဂ္ဂိုလ်များ ရောက်လာကြပေတော့မည်။ ဝါရှင်တန်မှ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အခြားအရေးကြီးပုဂ္ဂိုလ်များဖြစ်သည့် (အိုင်အမ်အက်ဖ်)မှ အကြီးအကဲ၊ (ကမ္ဘာ့ဘဏ်)မှ အကြီးအကဲတို့သည့် ဝါရှင်တန်မှ တဖွဲဖွဲဆိုက်ရောက်လာတော့မည်ဖြစ်သည်။ ဖီဖာနှင့် ယူအီးအက်ဖ်အေတို့ကလည်း ၄င်းတို့၏ ဗျူရိုကရက်အရာရှိများကို စေလွှတ်လိုက်မည်ဖြစ်ကြောင်း သိရသည်။ စီးပွားရေးထိပ်သီးခေါင်းဆောင်များသည် ၄င်းတို့၏နောက်လိုက်များနှင့်အတူ လာရောက်စုရုံးကြမည်ဖြစ်သည်။

၄င်းတို့အားလုံး ခမ်းနားထည်ဝါလှသော လန်ဒန်မြို့တော် အဆောက်အအုံတွင် ဒေးဗစ်ကင်မရွန်းအပါအဝင် နိုင်ငံပေါင်း ၄၀ မှခေါင်းဆောင်များနှင့် လာရောက်တွေ့ဆုံကြခြင်းဖြစ်ပြီး အလွန်တရာကြီးကျယ်ရှုပ်ထွေးသော စကားစစ်ပွဲကြီးတွင် ပါဝင်ဆွေးနွေးနေကြခြင်းဖြစ်သည်။ အဆိုပါစကားစစ်ပွဲကြီးမှာ ဟောင်းမသွားနိုင်သည့် ကမ္ဘာ့အရင်းရှင်စနစ်အကြောင်းဖြစ်ပြီး တစ်နေ့နီးပါး ကြာမြင့်ခဲ့သည်။

ထို့အပြင် ယင်းဆွေးနွေးပွဲသည် ကမ္ဘာ့အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ဆွေးနွေးပွဲကို ဦးတည်ဆွေးနွေးခြင်းပင်ဖြစ်ပြီး ကင်မရွန်းက ပထမဆုံးအကြိမ်ကျင်းပသည့် ယင်းဆွေးနွေးပွဲတွင် "အကျင့်ပျက်ခြစားမှုက လုပ်ငန်းခွင်ကိုဖျက်ဆီးပြီး ဆင်းရဲတွင်းသို့တွန်းပို့နေသည့် ထောင်ချောက်ဖြစ်ကာ ပြည်သူလူထုကို အကြမ်းဖက်အုပ်စုအသွင်ဖြစ်ပေါ်စေရုံသာမက ယင်းအကျိုးဆက်ကြောင့် လုံခြုံရေးဆိုင်ရာအောက်ခြေလိုက်စားပြီး ယိုင်နဲ့မှုကိုပါ ဖြစ်ပေါ်စေနိုင်ကြောင်း" ပြောခဲ့သည်။

ကင်မရွန်းအလိုအရ အကျင့်ပျက်ခြစားခြင်းသည် ခိုးမှုကိုကျူးလွန်သည်နှင့် ဆင်တူသည်။ ဆိုလိုသည်မှာ အကောက်ခွန်ကို ကျော်ဖြတ်နိုင်ရန် ပျင်းရိ နေသော အာဏာပိုင်ကို လာဘ်ထိုးခြင်းသဘောကဲ့သို့ဖြစ်သည်။ ထို့အပြင် အာဏာရှင်စနစ်နှင့် အုပ်ချုပ်သော ဥပမာ-နိုင်ဂျီးရီးယား ဗိုလ်ချုပ်တစ်ဦးက ၄င်းတိုင်းပြည်မှ ဘီလီယံပေါင်းများစွာကို တရားမဝင်ရယူပြီး အခြားတိုင်းပြည်ရှိ နိုင်ငံခြားဘဏ်များ တွင် စာရင်းဖွင့်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ကင်မရွန်းက အကျင့်ပျက်ခြစားခြင်းသည် ခိုးမှုနှင့်ဆင်တူသည်ဟု ပြောခဲ့ခြင်းဖြစ်ဟန်တူသည်။

ဆင်းရဲသောနိုင်ငံမှလူများ သရော်တော်တော်ပြောနေသောစကားအရ အကျင့်ပျက်ခြစားခြင်းတွင် မည်းနက်သောမျက်နှာရှိသည်။ (ဗြိတိန်နှင့် အမေရိကတို့တွင် အကျင့်ပျက်ခြစားခြင်းကို တင်စားသောစကား)ဖြစ်သည်။ အချို့အကျင့်ပျက်ခြစားသည့်ပုံစံသည် ကြောင်သူတော်ကြွက်သူခိုးပုံစံနှင့်တူသည်။ တစ်ဖက်က မကောင်းမှုများကိုပြုလုပ်ရန် သဘောတူထားသော်လည်း အခြားတစ်ဖက်တွင် ကောင်းမှုများပြုလုပ်နေပုံကို ဖန်တီးထားသည်။ ထို့ကြောင့် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ကြာသပတေးနေ့တွင်ပြုလုပ်သော ဆွေးနွေးပွဲသည် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရာတွင် တစ်ဖက်တစ်လမ်းမှ ကူညီမှုဖြစ်မည်ဟု ယုံကြည်သည်။

ဗြိတိန်၊ ဥရောပနှင့် အမေရိကတို့သည် အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်ပြီး အငြင်းပွားစရာမရှိခဲ့သောအချိန်များကို ပိုင်ဆိုင်ခဲ့သည်။ အချို့ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများက ဆင်းရဲသောနိုင်ငံများနှင့် လက်တစ်ဖက်က ခိုင်မြဲသောဆက်ဆံရေးကို ဖော်ဆောင်နေသယောင် အခြားတစ်ဖက်ကလည်း ယင်းနိုင်ငံများမှ ပိုင်ဆိုင်မှုများကို တစ်နည်းနည်းဖြင့်ရယူနေပြီး ၄င်းတို့၏စီးပွားရေးခိုင်မာမှုရှိအောင် တည်ဆောက်နေကြသည်။ မည်သို့ပင်ဆိုစေ ဤသည်ကလည်း အကျင့်ပျက်ခြစားမှုတစ်မျိုးပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာထင်သာမြင်သာရှိရေး လေ့လာမှုစာတမ်းက တစ်နှစ်ပြီးတစ်နှစ် ခိုင်မာမှန်ကန်သောအချက်များကို ဖော်ပြနေသည်မှာ ဆင်းရဲသောနိုင်ငံများသည် နိုင်ငံတော်တိုးတက်အောင် တည်ဆောက်ရာတွင် မအောင်မြင်လေလေ လူမှုပတ်ဝန်းကျင်အတွင်း အကျင့်ပျက်ခြစားမှု ပိုမိုဖြစ်လေလေဆိုသည်ကို ဖော်ပြခဲ့သည်။

ကမ္ဘာပေါ်တွင် အကျင့်ပျက်ခြစားမှုမရှိသလောက်နည်းပါးသည့် နိုင်ငံများမှာ ဆွစ်ဇာလန်၊ စင်ကာပူ၊ အင်္ဂလန်နှင့် အမေရိကန်တို့ဖြစ်သည်။ ယင်းနိုင်ငံများကို ကြည့်လျှင် ကမ္ဘာပေါ်တွင် ချမ်းသာကြွယ်ဝသောနိုင်ငံများအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ အဘယ်ကြောင့်နည်း။ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးစသည့်မဏ္ဍိုင်များတွင် အကျင့်ပျက်ခြစားမှုမရှိသလောက် နည်းပါးသောကြောင့်ဖြစ်သည်။

အာရှတွင် တရုတ်နိုင်ငံသည်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်လျက်ရှိသောကြောင့် ရှီကျင့်ဖျင်လက်ထက်တွင် အကျင့်ပျက်ခြစားမှုကို ပြင်းပြင်းထန်ထန်နှိမ်နင်းလျက်ရှိသည်။ ထိုသို့ပြုလုပ်နိုင်မှသာလျှင် နိုင်ငံတော်ကြီးတိုးတက်မည်ဖြစ်ကြောင်း ရှီအနေဖြင့်ယုံကြည်ထားပုံရသည်။

တောင်အာဖရိကနိုင်ငံများသည်လည်း အကျင့်ပျက်ခြစားခြင်းဖြစ်ပွားမှုပိုမိုများပြားလျက်ရှိကာ နိုင်ငံများမှာ ချွတ်ခြုံကျလျက်ရှိသည်။ ဝမ်းနည်းဖွယ်ကောင်းပေစွ။

အချုပ်ဆိုရသော် နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုသည်မှာ အကျင့်ပျက်ခြစားမှုနည်းပါး ကင်းဝေးရမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်နည်းလမ်းနှင့်မဆို အကျင့်ပျက်ခြစားမှုကို မပြုလုပ်ရန် ရှောင်ရှားသင့်ပေကြောင်း။ ။

**ကိုးကား-ဂါဒီယန်**

**ကမ္ဘာပေါ်တွင် အကျင့်ပျက်ခြစားမှုမရှိသလောက် နည်းပါးသည့် နိုင်ငံများမှာ ဆွစ်ဇာလန်၊ စင်ကာပူ၊ အင်္ဂလန်နှင့် အမေရိကန်တို့ဖြစ်သည်။ ယင်းနိုင်ငံများကို ကြည့်လျှင် ကမ္ဘာပေါ်တွင် ချမ်းသာကြွယ်ဝသောနိုင်ငံများအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ အဘယ်ကြောင့်နည်း။ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးစသည့်မဏ္ဍိုင်များတွင် အကျင့်ပျက်ခြစားမှုမရှိသလောက် နည်းပါးသောကြောင့် ဖြစ်**

# အမေရိကန်ထောင်မှ လွတ်မြောက်လာသော ကျူးဘားသူလျှိုငါးဦးကို ရုရှားမှကြိုဆို

**မော်စကို မေ ၁၁**

အမေရိကန်အကျဉ်းထောင်၌ အချိန်အတော်ကြာ အပြစ်ကြွေးဆပ်ခဲ့သော ကျူးဘားသူလျှိုငါးဦးတို့၏ ဇွဲလုံ့လ၊ ခံနိုင်ရည်ရှိမှုနှင့် လွတ်မြောက်နိုင်ရန်အတွက် မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုတို့ကို ဂုဏ်ပြုသောအားဖြင့် သူရဲကောင်းများအဖြစ် ကတ္တီပါကော်ဇောနီဖြင့် ရုရှားတို့ကလက်ခံကြိုဆိုခဲ့သည်။

ကက်စ်ထရိုဆန့်ကျင်ရေးအဖွဲ့က ကွန်မြူနစ်အစိုးရ မငြိမ်သက်အောင် အဖျက်အမှောင့်လုပ်ငန်းများနှင့် ကျူးဘားဟိုတယ်ဗုံးပေါက်ကွဲမှုတို့ကို လုပ်ဆောင်နေချိန် ဖလော်ရီဒါ၌ ကျူးဘားပြည်နှင်ဒဏ်ပေးခံရသူများကို လျှို့ဝှက်ထောက်လှမ်းခဲ့သည့်အတွက် ယင်းတို့ငါးဦးမှာ ပြစ်ဒဏ်ပေးခံခဲ့ရခြင်းဖြစ်သည်။

ကျူးဘားသမ္မတ၏ အစ်ကိုဖြစ်သူ ဖီဒယ်လ်ကက်စ်ထရိုဦးဆောင်၍ အမေရိကန် ကြေးစားအာဏာရှင်တစ်ဦးကို ၁၉၅၉ ခုနှစ် နောက်ပိုင်းတွင် ဖြုတ်ချခဲ့သည်။

ဟာဗားနားသည် အမေရိကန်စီးပွားရေးကို နိုင်ငံပိုင်ပြုလုပ်ရန် ကြိုးစားချိန်နှင့် ဆိုရှယ်လစ်အတွေးအခေါ်များကို လက်ခံယုံကြည်နေချိန် စစ်အေးကာလတွင် ဆိုဗီယက်ယူနီယံသည် ကျူးဘား၏ အင်အားကြီးမားသော နိုင်ငံတကာ အထောက်အပံ့တစ်ခုဖြစ်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်တွင် မော်စကို၏ စီးပွားရေးနှင့် စစ်ရေးအကူအညီများမှာ ညှိုးနွမ်းခဲ့ရသည်။

ကျူးဘားအပေါ်ထားရှိသော အမေရိကန်၏ မူဝါဒပြောင်းပြန်ဖြစ်သွားပြီးနောက်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့က ကျူးဘားသူလျှိုငါးဦးမှ သုံးဦးကို အမေရိကန်အတွက် လျှို့ဝှက်စုံစမ်းပေးသည့်အတွက် ထောင်ဒဏ်နှစ် ၂၀ နီးပါး ပြစ်ဒဏ်ကျခံခဲ့သော ကျူးဘားအမျိုးသားတစ်ဦးနှင့် အလဲအလှယ်ပြုလုပ်ပြီး လွှတ်ပေးခဲ့သည်။



ထိုနေ့၌ပင် ကျူးဘားသို့ တားမြစ်ထားသည့် ကြေးနန်းဆက်သွယ်ရေးကိရိယာများ သယ်ဆောင်လာသည့်အတွက် ငါးနှစ်ကြာထိန်းသိမ်းထားခဲ့သော အမေရိကန်အကူ အလုပ်သမား အလန်ဂရိုးစ်ကိုလည်း ကျူးဘားတို့က လူသားချင်း ထောက်ထားစာနာသည့်အနေဖြင့် ပြစ်ဒဏ်မှ လွှတ်ပေးခဲ့သည်။ ကျန်ရှိနေသော ကျူးဘားလူမျိုးနှစ်ဦးကိုမူ ပြစ်ဒဏ်များပေးဆပ်ပြီးနောက် လွှတ်ပေးခဲ့သည်။

**(ရိုက်တာ)**

# ဖားကန့်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းမှုဖြင့် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**


KIA လက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်တချို့သည် ဧပြီ ၂၉ ရက် ည ၈ နာရီခန့်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ နန့်ယားကျေးရွာအုပ်စု စဘော့မော်ကျေးရွာသို့ မော်တော်ယာဉ်နှစ်စီးဖြင့် အရပ်သားအသွင်ဝင်ရောက်၍ ကျေးရွာသို့ အလည်အပတ်ရောက်ရှိနေသူငါးဦးနှင့် အိမ်ရှင်ဖြစ်သူနှစ်ဦး စုစုပေါင်း ခုနစ်ဦးကို အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ထိုသို့ အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ရွာသူ ရွာသားများအား ကယ်တင်ရန်နှင့် မြို့/ရွာအနီးရှိ KIA စခန်းပုန်းအား ရှင်းလင်းရန် တပ်မတော်စစ်ကြောင်းများက ပြည်သူ့စစ်ဌာနေအဖွဲ့များနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်း ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်မှ ၁၀ ရက်အထိ KIA လက်နက်ကိုင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲ ၁၃ ကြိမ်ဖြစ်ပွားခဲ့ပြီး KIA လက်နက်ကိုင်အဖွဲ့၏ သင်တန်းကျောင်းတစ်ခုနှင့် စခန်းပုန်းငါးခုကို ရှင်းလင်းနိုင်ခဲ့ကာ အလောင်းတစ်လောင်း၊ လက်နက်မျိုးစုံ လေးလက်၊ ကျည်မျိုးစုံ ၁၈၁ တောင့်၊ ကျည်အိမ်မျိုးစုံငါးခု၊ အာရ်ပီဂျီဗုံးသီးငါးလုံး၊ ဒေသန္တရမိုင်း ၁၃ လုံး၊ ကျည်ကာအင်္ကျီတစ်ထည်နှင့် မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကာ တပ်မတော်မှ စစ်သည်တချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းမှုအား အာရုံလွှဲပြောင်းရန်အတွက် KIA လက်နက်ကိုင်အဖွဲ့သည် ဖားကန့်မြို့နယ်အတွင်း လူသွားလမ်းနှင့် ကားလမ်းမကြီးများ၊ လူနေရပ်ကွက်များတွင် မိုင်းထောင်ဖောက်ခွဲခြင်း၊ တပ်စခန်းများ၊ မြို့မရဲစခန်းနှင့် ရဲကင်းများကို လက်နက်ကြီးများ၊ လက်ပစ်ဗုံးများဖြင့် ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခြင်း စုစုပေါင်း(၁၆)ကြိမ် ပြုလုပ်၍ ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန်နှင့် တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းရေးအစီအမံအား နှောင့်နှေးရပ်တန့်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး သက်ဆိုင်ရာ နယ်မြေအတွင်း ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

KIA လက်နက်ကိုင်အဖွဲ့မှ အကြောင်းမဲ့ ဖမ်းဆီးထားသည့် ခုနစ်ဦးအနက် မေ ၂ ရက်တွင် ငါးဦးကို ပြန်လည် စေလွှတ်ပေးခဲ့သော်လည်း ကျန်နှစ်ဦးကို ပြန်လည်စေလွှတ်ပေးခြင်းမရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အဖမ်းခံထားရသူများကို ကယ်ဆယ်နိုင်ရေးနှင့် ယင်းနယ်မြေအတွင်း KIA လက်နက်ကိုင်အဖွဲ့၏ စခန်းပုန်းများ မရှိစေရေး ဆက်လက်နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဖားကန့်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ရှိစေရန်နှင့် ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် သက်ဆိုင်ရာ နယ်မြေအလိုက် ရှောင်တခင် စစ်ဆေးခြင်း၊ လှည့်ကင်းဆောင်ရွက်ခြင်းများအား နယ်မြေခံတပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့စစ်များ၊ ဘာသာရေးအသင်းအဖွဲ့များ အပါအဝင် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း၍ လုံခြုံရေးများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)






## ထူးကြီးမြို့တွင် ဓာတ်ဆီဆိုင် မီးလောင်မှုဖြစ်ပွား

**အင်္ဂပူ မေ ၁၁**

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ အမှတ်(၃)ရပ်ကွက် သမာဓိလမ်းနှင့် အညာတန်းလမ်းဆုံရှိ ဦးဖုန်း (ခ) ဦးကျော်စိုး၏ လိုင်စင်ရ ဓာတ်ဆီဆိုင်တွင် မေ ၁၀ ရက် ည ၁၁နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုယ်ပိုင်မီးစက်ဖြင့် ဆီပန့်ဂေါက်ဖွင့်စဉ် သားဖြစ်သူ မောင်နေခြည်တင်အောင်သည် မီးပလပ်ခေါင်းကို ဆွဲဖြုတ်ရာမှ လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ အင်္ဂပူ၊ ထူးကြီး၊ မဲဇလီကုန်း၊ ကွင်းကောက်နှင့် မြန်အောင်မြို့တို့မှ မီးငြှိမ်းသတ်ယာဉ်၊ မီးသတ်စက်ယာဉ်၊ ရေသယ်ယာဉ်များနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ငြှိမ်းသတ်ခဲ့သဖြင့် နံနက် ၀၀း၄၅ နာရီတွင် လုံးဝမီးငြှိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးဖုန်း(ခ)ဦးကျော်စိုး၏ ဆီဆိုင်၊ ဦးထွန်းကျော်ဦး၏ ဓာတ်မြေသြဇာ စိုက်ပျိုးရေးပစ္စည်းဆိုင်နှင့် ဦးစောလှိုင်၏ ဆိုင်ကယ်ပြင်ဆိုင်တို့ မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးဖုန်း(ခ)ဦးကျော်စိုးတွင် ဝဲဘက်လက်မောင်း ဆီပူလောင်ဒဏ်ရာ (မစိုးရိမ်ရ)၊ ၎င်း၏သားဖြစ်သူ မောင်နေခြည်တင်အောင်တွင် ဆီပူလောင်ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် ဟသ်ာတခရိုင်ဆေးရုံသို့ ပို့၍ ဆေးကုသလျက်ရှိကြောင်းနှင့် လျှပ်စစ်မီးပေါ့ဆစွာ သုံးစွဲသူ ဦးဖုန်း(ခ)ဦးကျော်စိုးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ဖခင်အမည်မှန်

ဖားကန့်မြို့ မရိုကထောင် အလက အဌမတန်း(B)မှ မနူးနူးမိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည် ၁၃/လရန(နိုင်)၀၀၇၀၇၂ ဖြစ်ပါကြောင်း။ **ဦးအောင်ကြည်**

## အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးထွန်းငွေ၏ သမီး မရွှေစင်ထွန်း ၉/လဝန(နိုင်)၁၆၉၄၂၁အား မရွှေဇင်ထွန်း ၉/လဝန(နိုင်)၁၆၉၄၂၁ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

လယ်ဝေးမြို့၊ အထက (၁) စတုတ္ထတန်း(B)မှ မထက်မြက်လင်းလက်၏ အမည် မှန်မှာ မထက်မြတ်လင်းလက်ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ကြည် ၉/လဝန(နိုင်)၀၀၀၇၅၃ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၃)ပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၅ခုနှစ် တရားမ ပြင်ဆင်မှုအမှတ် ၄၉၃ ကြော်ငြာတွင် လျှောက်ထားသူ အမှတ်စဉ် (၂) ဒေါ်သီဂီဆွေ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးနေဦး)ဟုလည်းကောင်း၊ လျှောက်ထားခံရသူ အမှတ်စဉ် (၁) ဒေါ်လှရှင် (ကွယ်လွန်သူ ဦးသိန်းအောင်၏ဇနီး)ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**စာအုပ်စာပေလူ့မိတ်ဆွေ**

နိုင်ငံခြားရေးဝန်ကြီးဌာန
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ပါလုပ်ငန်းပစ္စည်းများကို မြန်မာကျပ်ငွေ ဖြင့် ဆောင်ရွက်/ဝယ်ယူလိုပါသည်။

(က) (၆)လက်မအဝီစိတွင်းတူးဖော်ရန်နှင့် ရေပိုက်လိုင်းများအပါ -နေပြည်တော်
(ခ) ဂါလန်(၂၀၀၀)ဆံ့ ရေကန်ဆောက်လုပ်ခြင်း -နေပြည်တော်
(ဂ) မော်တော်ယာဉ်ဌာနစုရှိ ရုံးဝန်ထမ်းများ အတွက် ရေချိုးခန်းနှင့် ရေအိမ်များဆောက်လုပ်ခြင်း (၁၀'×၈'×၁၂' Septictank) -နေပြည်တော်
(ဃ) မော်တော်ယာဉ်ဌာနစု(ရန်ကုန်)ဆီဂိုဒေါင် ပြုပြင်ခြင်း -ရန်ကုန်
(င) ယာဉ်အပိုပစ္စည်းများ သိုလှောင်ရုံအား မွမ်းမံခြင်း -ရန်ကုန်
(စ) မော်တော်ယာဉ်ဌာနစု(နေပြည်တော်) ယာဉ်မောင်းများနားနေဆောင်မွမ်းမံခြင်း -နေပြည်တော်
(ဆ) မော်တော်ယာဉ်ဌာနစု(နေပြည်တော်) ဆီသိုလှောင်ရုံ တိုးချဲ့မွမ်းမံခြင်း -နေပြည်တော်
(ဇ) မော်တော်ယာဉ်ဌာနစု(နေပြည်တော်)လက်ရှိ အဝီစိတွင်း(၄လက်မတွင်း)အားမွမ်းမံခြင်း -နေပြည်တော်
(ဈ) ကားဂျိုက် ၈၀ခု ဝယ်ယူခြင်း -နေပြည်တော်
(ည) Hand Tool Box ၃၅ပုံးဝယ်ယူခြင်း -နေပြည်တော်

၂။ **တင်ဒါပိတ်မည့်ရက်/** - (၂၇-၅-၂၀၁၆)ရက်(သောကြာနေ့)
**အချိန်** ၁၆း၃၀နာရီ

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန် အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**မော်တော်ယာဉ်ဌာနစု**
**ဖုန်း-၀၆၇-၄၁၂၄၅၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဂျောလေ၏သမီး မမေစောဦး (ခ)မခင်အေးမေ ၁၃/တခလ(နိုင်) ၀၇၁၉၉၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မမေစောဦး(ခ)မခင်အေးမေ**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အောက်လာကျေးရွာနေ မမေရီယံ၏ အမည်မှန်မှာ မမေရီယဉ်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန် မှာ ၁၈-၆-၁၉၉၇ ဖြစ်ပါသည်။

## OTS (99)၏ ကျောင်းဆင်းနှစ်ပတ်လည် အထိမ်းအမှတ် ဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၉)၏ ၁၈နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည် အထိမ်းအမှတ် စုပေါင်းဆွမ်းဆက်ကပ်ခြင်းနှင့် အလှူဒါနပြုလုပ်ခြင်းကို ၁၅-၅-၂၀၁၆ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘုန်းကြီးလမ်းရှိ ရန်ကုန်ကျောင်းတိုက်တွင်လည်းကောင်း၊ နံနက် ၁၀နာရီတွင် ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတွင်လည်းကောင်း ပြုလုပ်ကြမည်ဖြစ်ပြီး ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲများကို ၁၅-၅-၂၀၁၆ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ M3 Food Center ပိတောက်ခန်းမတွင်လည်းကောင်း၊ နေပြည်တော်ရှိ၊ မန္တလေးယူနန်စားသောက်ဆိုင် တတိယထပ်တွင်လည်းကောင်း၊ မန္တလေးမြို့ရှိ ကန်တော်ကြီး ကုက္ကိုလ်ကျွန်းစားသောက်ဆိုင်တွင်လည်းကောင်း ကျင်းပပြုလုပ်ကြမည်ဖြစ်ပါသဖြင့် သူငယ်ချင်းအားလုံး စုံညီစွာ တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။ **OTS (99) သူငယ်ချင်းများ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပင်စိမ်းကင်းရွာနေ ဦးပြောင်း၏သမီး မမြနှင်း ၅/ရဉန(နိုင်)၀၇၃၂၉၇နှင့် မနှင်းနှင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မမြနှင်း(ခ)မနှင်းနှင်း**

**အမှတ် ၅၄၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ မြေကွက်ပေါ်ရှိ နှစ်ခန်းတွဲ ရှစ်ထပ် ကန်ထရိုက်တိုက်အဆောက်အအုံ၏ ရှစ်လွှာ (ဝဲ)ဘက်ခြမ်းတိုက်ခန်းနှင့် ဒါဘာအခန်းအပါအဝင် စုစုပေါင်းအခန်း နှစ်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

## အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရှစ်လွှာ (ဝဲ)ဘက်ခြမ်း၊ အလျား ၁၇'×အနံ ၇၅' အကျယ်ရှိ တိုက်ခန်းနှင့် အပေါ်ထပ်ဒါဘာအခန်းအပါအဝင် စုစုပေါင်းအခန်း နှစ်ခန်းအား တရားဝင် လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးစိုးသူအောင် ၁၂/စခန(နိုင်)၀၆၁၅၁၆ နှင့် ဒေါ်ဆုသက်မွန် ၁၂/စခန(နိုင်)၀၆၈၂၈၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ် မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဥ်-၆၇၀၂)**
**အမှတ် ၅၆၁၊ (M.A.C Tower) အခန်း ၃၀၂၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံခရီးသွားလာ ရေးဥပဒေ(မူကြမ်း)အား အချောသတ်ပြင်ဆင်ညှိနှိုင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ညီနောင်အသင်းများမှ ဆွေးနွေးလိုသူများ၊ မြန်မာနိုင်ငံခရီးသွား လာရေးဥပဒေအား စိတ်ဝင်စားသူများ၊ အသိပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အခြားသော ပြင်ပပုဂ္ဂိုလ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလိုပါက မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃-၅-၂၀၁၆ ရက်
**အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ
**နေရာ** - UMFCCI မင်းရဲကျော်စွာလမ်း၊ ရန်ကုန်ရုံး

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန(ရန်ကုန်)ရုံးဝင်း၏ မြောက်ဘက်ခြံစည်းရိုး (အရှည် ၆၀၀ပေ)ကို အသစ်ပြန်လည်ကာရံရန်အတွက် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် သိရှိလိုသောအချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများအား ၂၀-၅-၂၀၁၆ ရက် သောကြာနေ့ ၁၅း၀၀ နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

**မြေတိုင်းဦးစီးဌာန**
**ပြည်တော်အေးရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၇၀၁၆**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်နေ ဦးမျိုးလွင်၏သမီး မခိုင်ဝေဖြိုး ၅/ကလထ(နိုင်)၂၄၆၂၄၀သည် ၎င်း၏ နိုင်ငံကူးလက်မှတ်စာအုပ် (နံပါတ်မမှတ်မိ)ပြည်တွင်း၌ကျ ပျောက်ခဲ့ပါကြောင်း ကြေညာအပ်ပါသည်။
**ဖုန်း-၀၉-၄၀၀၄၁၉၆၁၁**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ထောက်ကြံ့အိုင်ကျေးရွာနေ ဦးထွန်းညိမ်း၏ သားမောင်ဟိန်းမိုးအောင် ၅/ကနန(နိုင်)၀၈၇၃၂၂သည် ၎င်း၏ နိုင်ငံကူးလက်မှတ်စာအုပ် (နံပါတ်မမှတ်မိ)ပြည်တွင်း၌ကျပျောက်ခဲ့ပါကြောင်း ကြေညာအပ်ပါသည်။
**ဖုန်း-၀၉-၄၀၀၄၁၉၆၁၁**

# သစ်တောဦးစီးဌာနမှ ဖမ်းမိသစ်များသယ်ဆောင်လာစဉ် ရွာသားတစ်စုက ပြန်လည်လုယူ

**တိုက်ကြီး မေ ၁၁**



တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သက်နှင့် သစ်တောဝန်ထမ်းများ အဖွဲ့သည် တိုက်ကြီးမြို့ ဘွက်ကုန်းအုပ်စု ဝံကိုက်ကျေးရွာမြောက်ဘက် လယ်ကွင်းအတွင်း မေ ၇ ရက် နံနက် ၆နာရီခွဲက တရားမဝင်သစ်များရှာဖွေရာ ကျွန်းသစ်များနှစ်လုံးစီတင်ထားသောလှည်းလေးစီးနှင့် ကောက်ရိုးပုံအောက်တွင် ဝှက်ထားသော တရားမဝင် ကျွန်းသစ် ၅၂လုံး၊ ၁၂ ဒသမ ၉၉၆၄ တန်၊ ကျွန်းတိုင် သုံးလုံး၊ ၀ ဒသမ ၃၄၂ တန်၊ ကျွန်းဘုံတို ၁၀လုံး၊ ၀ ဒသမ ၇၉၄ တန်၊ ကျွန်းစုစုပေါင်း ၁၄ ဒသမ ၀၃၂၄ တန်နှင့် သစ်မာတစ်လုံး၊ ၀ ဒသမ ၄၅၆ တန်တို့ကို ရှာဖွေတွေ့ရှိ ခဲ့သည်။

အဆိုပါရှာဖွေတွေ့ရှိသော လှည်းလေးစီးအစိတ်အပိုင်းများနှင့် ကျွန်းသစ်များကို လုံခြုံစိတ်ချရသောနေရာသို့ သယ်ဆောင်ရာ အငှားယာဉ်သုံးစီးပေါ်သို့ တင်ဆောင်ပြီးချိန် နံနက် ၁၁ နာရီခွဲ က ဝံကိုက်ကျေးရွာမှ အမျိုးသား၊ အမျိုးသမီး ၂၀ ခန့်သည်တုတ်၊ ဓားများကိုင်ဆောင် လျက်ဖမ်းဆီးထားသော လှည်းလေးစီး တင်ဆောင်ထားသော ကားပေါ်သို့ တက်ကာ လှည်းနှင့်ဆက်စပ်ပစ္စည်းများ ချည်နှောင်ထားသော ကြိုးများကို ဓားဖြင့်ခုတ်ဖြတ်၍ လှည်းလေးစီး၏ အစိတ်အပိုင်းအားလုံးကို ယူကာ ရွာအတွင်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်။

ထိုဖြစ်စဉ်ကြောင့် ဥက္ကံရဲစခန်းသို့ ဆက်သွယ်၍ အကူအညီတောင်းခဲ့ရာ ရဲတပ်ကြပ်ကြီး အေးသိန်းနှင့် တပ်ဖွဲ့ဝင်များက မွန်းတည့် ၁၂ နာရီတွင် အခင်းဖြစ်ပွားရာသို့ရောက်ရှိလာပြီး ဖြစ်စဉ်များကိုရှင်းပြခဲ့ကြောင်း လှည်းလေးစီးအား တုတ်၊ ဓားဖြင့် အဓမ္မပြန်လည်ရယူသွားခဲ့သော ဝံကိုက်ကျေးရွာမှ လူတစ်စုကို ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် ဥက္ကံရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# စိတ်ကြွရူးသွပ်ဆေးပြားရောင်းချသူဖမ်းဆီး

**မုဒုံ မေ ၁၁**

မုဒုံမြို့နယ်၌ မေ ၉ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစုမှ ရဲအုပ်ကျော်ဆန်း၊ ရဲတပ်ကြပ်ကြီး အောင်မျိုးဌေး၊ ရဲတပ်ကြပ်ကြီး ဇော်မျိုးလင်းတို့ ပါဝင်သော အဖွဲ့သည် မေ ၉ ရက်က မူးယစ်ဆေးဝါးသတင်းအရ မုဒုံမြို့နယ် သာယာကုန်းကျေးရွာ တိုးဂိတ်တွင် စောင့်ဆိုင်းနေစဉ် မုဒုံမြို့ဘက်မှ မော်လမြိုင်မြို့ဘက်သို့ ဝင်းသူ(ခ)ပုတို မော်လမြိုင်မြို့နေသူ မောင်းနှင်ပြီး ထူးအောင်လှမ်း(ခ)သားထူး မော်လမြိုင်မြို့နေသူ၊ ကျော်ဇင်ဦး(ခ)ပေါ်တာ မော်လမြိုင်မြို့နေသူတို့ လိုက်ပါလာသော ယာဉ်အမှတ် Mon AJ/-----ယာဉ်ကို ရပ်တန့်စစ်ဆေးရာ စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးပြား ၃၇၉ ပြား၊ အလေးချိန် ၃၇ ဒသမ ၉ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၈၉၅၀၀၀ နှင့် ငွေစက္ကူ ၂၆၀၀၀ တို့ကို ရှာဖွေတွေ့ရှိရသဖြင့် ၎င်းတို့သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ပြည်သူလူထုနှင့်ပူးပေါင်း၍ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီး

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့တို့မှ နယ်မြေအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်လျက်ရှိသည်။ မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန် (အနောက်)မှ တပ်ဖွဲ့ဝင်များသည် မေ ၈ ရက်က မူးယစ်ဆေးဝါးသတင်းအရ သင်္ဃန်းကျွန်းမြို့နယ်နေသူ ထွန်းဝေအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၂ ပြား သိမ်းဆည်းရမိသည်။

အလားတူ သာကေတမြို့နယ်နေ အောင်နိုင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြားနှင့် ၎င်း၏နေအိမ်သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ မြတ်မင်းမောင်မောင်သော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅ ပြား သိမ်းဆည်းရမိပြီး ကွင်းဆက်သတင်းအရ သာကေတမြို့နယ် (၇)အရှေ့ရပ်ကွက်ရှိ နေအိမ်တစ်အိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံတွင် မိုးကြည်အား ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀ ကိုလည်းကောင်း၊ အလားတူ ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) တိုးချဲ့ရပ်ကွက် ဥက္ကလာသီရိလမ်း အမှတ်(၄)၊ ဟိုတယ်တစ်ခုအတွင်းရှိ အခန်း (၁၀၈)ကိုရှာဖွေရာ အခန်းတွင် ဇော်မင်းဦးအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၄၅၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)၌ မူးယစ်ဆေးဝါးဖမ်းမိ

**တာချီလိတ် မေ ၁၁**

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁) တာချီလိတ်အထွက် မယ်ဆိုင်အဝင်တွင် အငှားယာဉ် စီးနင်းလာသူ တစ်ဦးအား ထိုင်းနိုင်ငံ တာဝန်ရှိသူများက မသင်္ကာ၍ X-Ray ဖြင့် စစ်ဆေးရာ အလေးချိန် ၂ ဒသမ ၅ ကီလိုရှိ Ice မူးယစ် ဆေးဝါးများအား မေ ၁၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အသက် (၂၅နှစ်)ရှိ မြန်မာနိုင်ငံသား အားဖာသည် ရွှေတာချီ ဆိုင်ကယ်အသင်းမှ ကျောနံပါတ်(၁၃၁) သိန်းဝင်းအောင်၏ တက္ကစီဆိုင်ကယ်အား ငှားရမ်းပြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ သွားရောက်ရာ အမှတ်(၁) တံတားထိပ်တွင် ထိုင်းတာဝန်ရှိသူများက မသင်္ကာသဖြင့် အားဖာ၏ကျောပိုးအိတ် အား X-Ray စက်ဖြင့် စစ်ဆေးရာမှ အဆိုပါ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုနှင့်ပတ်သက်ပြီး တက္ကစီဆိုင်ကယ် မောင်းနှင်သူ သိန်းဝင်းအောင်နှင့် ပတ်သက်ခြင်း ရှိ၊ မရှိ မြန်မာနှင့်ထိုင်း တာဝန်ရှိသူများက စစ်ဆေးလျက်ရှိပြီး ပတ်သက်ခြင်းမရှိပါက အငှားယာဉ် မောင်းနှင်သူကို လွှတ်မြောက်အောင် ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအရေး ကူညီဆောင်ရွက် ပေးနေသည့် CNCMC ကော်မတီဝင် ကိုသန်းထွန်းအောင်က ပြောပြသည်။

"မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းတွေကို နှစ်နိုင်ငံစလုံးက အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာဘက်မှာ အခုလို X-Ray စက်လို ခေတ်မီစက်ကိရိယာတွေ မရှိတဲ့အတွက် မူးယစ်ဆေးဝါးတွေက လွတ်သွားပြီး တစ်ဖက် နိုင်ငံရောက်မှ အဖမ်းခံရတယ်ဆိုတော့ တိုင်းပြည်သိက္ခာကျတယ်။ ဒီတော့ ကျွန်တော်တို့ မြန်မာဘက်ကလည်း X-Ray စက်လို ခေတ်မီစက်ကိရိယာတွေနဲ့ ကြပ်ကြပ်မတ်မတ် စစ်ဆေးအရေးယူဖို့ လိုအပ်နေပါတယ်" ဟု ဝမ်ကောင်းရပ်ကွက်နေ ဦးစည်သူမောင်က ပြောပြသည်။

**မောင်ယဉ်ကျေး**

## ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ပရိဘောဂအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ (၇၂)ကျောင်းအတွက် စာသင်ခုံ ၃၆၂၆ ခုံပြုလုပ်ရန် ပရိဘောဂလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) (၄)ယောက်တွဲစာသင်ခုံ(မြင့်) ၁၂၄၅ ခုံ - စာရေးခုံ (၆×၁ $\frac{၁}{၂}$×၂ $\frac{၁}{၂}$)' ထိုင်ခုံ (၆×၁×၁ $\frac{၁}{၂}$)'

(ခ) (၄)ယောက်တွဲစာသင်ခုံ(နိမ့်) ၂၃၈၁ ခုံ - စာရေးခုံ (၄ $\frac{၁}{၂}$×၁ $\frac{၁}{၃}$×၁ $\frac{၅}{၆}$ )' ထိုင်ခုံ (၄ $\frac{၁}{၂}$×၁ $\frac{၁}{၆}$ ×၁)'

၂။ **တင်ဒါပိတ်မည့်ရက်/အချိန် -** ၃၀-၅-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်နယ်ပညာရေးမှူးရုံး၊ မွန်ပြည်နယ်တွင် ၁၆-၅-၂၀၁၆ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၅၇-၂၅၈၁၄
(ခ) မွန်ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၂၇၂၆၄

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် ကနီမြို့နယ်များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်/အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၁၆ ရက် (ညနေ ၄း၃၀ နာရီ)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၅-၂၀၁၆ ရက် (နံနက် ၁၀း၀၀ နာရီ)

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ယင်းမာပင်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၇၃၀၂၃၊ ၀၉-၇၉၁၃၁၅၇၅၂**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အခြေခံပညာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့်သင် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေနိုင်ရန်အတွက် ကျောင်းသုံးဗလာစာအုပ် ရိုက်နှိပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဝယ်ယူမည့်ဒါဇင်အရေအတွက်** - ၈၄၂၆၈- ဒါဇင်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၅-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်** - ၁၈-၅-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီ
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ထားဝယ်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အခြေခံပညာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဘတ်ဂျက်ဌာန၊ ဖုန်း-၀၅၉-၂၃၉၆၁၊ ၀၅၉-၂၃၉၆၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## တောင်ငူခရိုင်၊ ဖြူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်လျက်ရှိသော ကျောက်စရစ်၊ သဲ၊ အုတ်နှင့်အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၅-၂၀၁၆ရက် ၁၆း၀၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၇-၅-၂၀၁၆ရက် ၁၀း၀၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - တည်ဆောက်ရေး(၁)၊ မဟာကုန်း ဆည်မြောင်းဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(၄)ရုံး၊ ဖြူးမြို့

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူး(၄)ရုံး၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖြူးမြို့တွင် ၁၂-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး (၁)၊ ဖြူးမြို့**
**ဖုန်း-၀၅၄-၄၀၁၀၀၊ ၀၉-၇၈၀၆၃၉၆၈၅**


ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်းကလေးများအတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
Sat+Sun(တစ်ပါတ် ၂ ရက်) 9:30 to 11:30 a.m. June 4 စပါမည်၊
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 14 May
10-11:30 (Mon~Thurs) 17 May
1 - 2:30 (Mon~Thurs) 1 Jun
10-11:30 (Mon~Thurs) 13 Jun

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 22 May
7:30 - 9 (Mon~Thurs) 23 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
6 - 7:30 (Mon~Thurs) 30 May

BASIC WRITING
7:30 - 9 (Mon~Thurs) 6 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 22 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 30 May
12 - 3:00 (Sat + Sun) 4 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 30 May
3:30 - 5 (Mon~Thurs) 6 Jun

VOCAB ENRICHMENT
10-11:30 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May

BASIC GRAMMAR
3:30 - 5 (Mon~Thurs) 9 May
9 - 12:00 (Sat + Sun) 14 May

INTERMEDIATE WRITING
10-11:30 (Mon~Thurs) 13 Jun

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 17 May
12 - 3:00 (Sat + Sun) 22 May
3:30 - 5 (Mon~Thurs) 30 May

BASIC GRAMMAR
7:30-10:30 (Sat + Sun) 29 May

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 16 May
12 - 3:00 (Sat + Sun) 29 May

BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 16 May
1 - 2:30 (Mon~Thurs) 23 May
4:30-7:30 (Sat + Sun) 28 May
7:30-10:30 (Sat + Sun) 4 Jun

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 18 Jun

IELTS (Preparation)
4:30-7:30 (Sat + Sun) 4 Jun

IELTS (Writing)
12:30-3:30 (Sat+Sun) 28 May

IELTS (Preparation)
1 - 3:30 (Mon~Thurs) 6 Jun

IELTS (Speaking)
7:30 - 9 (Mon~Thurs) 6 Jun

IELTS (Writing)
7:30 - 9 (Mon~Thurs) 16 May

IELTS (Reading)
1 - 3:00 (Mon~Thurs) 6 Jun

IELTS (Grammar)
10-11:30 (Mon~Thurs) 20 Jun

✱ *ကျောဖုံးမှ*

ဇွန်လထဲရောက်မှ အလုပ်သမား ၇၅ ဦးကျော် ပြန်လည်စိစစ်ခန့်ထားမယ်လို့ အလုပ်ရှင်ဘက်ကပြောပါတယ်'' ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေးဝင်းက ပြောသည်။

ဆန္ဒဖော်ထုတ် အလုပ်သမားများတောင်းဆိုသည့် ကျန်လုပ်သားများ အလုပ်ပြန်လည်ခန့်ထားရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က အလုပ်သမားများ အလုပ်ပြန်လည်ရရှိရန်စီစဉ်ထားကြောင်းလည်း သိရသည်။

''အလုပ်ပြန်လည်ခန့်ထားရေး တောင်းဆိုမှုနဲ့ပတ်သက်လို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးမှာရှိတဲ့ အလုပ်သမားအဖွဲ့တွေ၊ စက်မှုကြီးကြပ်ရေး တာဝန်ရှိသူတွေ၊ ကျုန်စက်ရုံတွေက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံ ညှိနှိုင်းပြီး အလုပ်သမား ၅၆ ဦးကို အလုပ်အကိုင်ခန့်ထားဖို့ ညှိနှိုင်းစီစဉ်ထားပါတယ်''ဟု ၎င်းက ပြောသည်။

''ကြားကာလနစ်နာကြေး တောင်းဆိုမှုနဲ့ပတ်သက်ပြီးတော့လည်း အဲဒီစက်ရုံမှာ အလုပ်ပြန်လည်ခန့်ထားတဲ့အခါ ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမယ်လို့ ပြန်လည်ပြောကြားထားပါတယ်။

''အလုပ်သမားတွေက အလုပ်ကထုတ်ခံရတဲ့ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်အချို့နဲ့ပတ်သက်ပြီး အရေးယူပေးဖို့ တောင်းဆိုထားတာလည်းရှိပါတယ်။ နောက်ပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေနဲ့ အရေးယူထားမှုတွေကိုလည်း ပယ်ဖျက်ပေးဖို့တောင်းဆိုပါတယ်။ ဒါတွေကို တိုင်းဒေသကြီးအစိုးရနဲ့ စိစစ်ညှိနှိုင်းဆောင်ရွက်ပေးမယ်လို့ ကျွန်တော်တို့က ပြောပါတယ်။ လက်မှတ်အတုဖြစ်တယ်၊ အစစ်ဖြစ်တယ် ဆိုတာတွေနဲ့ပတ်သက်ပြီး ဒါတွေဟာ လမ်းမပေါ်မှာ စစ်ဆေးလို့ရတဲ့ကိစ္စမဟုတ်ဘူး။ စက်ရုံမှာရှိတဲ့အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးရဦးမယ်။ စစ်ဆေးနိုင်တဲ့အဖွဲ့အစည်း ဖွဲ့ပြီး လက်မှတ်တွေကို စစ်ဆေးသွားမှာ ဖြစ်တယ်။ လက်မှတ်အတုဆိုရင် အတုထိုးထားတဲ့သူကို ဥပဒေကြောင်းရ တရားစွဲဆိုနိုင်ပါတယ်။ ဒါပေမယ့် ဆန္ဒဖော်ထုတ်အလုပ်သမားတွေက ဆက်လက် ဆန္ဒဖော်ထုတ်သွားမယ်လို့ ပြောပါတယ်''ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

❍ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းသည် မေ ၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံတွင် လေ့ကျင့်နေခြင်းဖြစ်ပြီးခြေစမ်းပွဲ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် မေ ၁၆ ရက်တွင် တရုတ်(တိုင်ပေ)လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ရန်ကုန်အသင်း မာဇီယာကိုအနိုင်ရသော်လည်း AFC Cup အုပ်စုအဆင့်မှ ထွက်ခဲ့ရ

**ရန်ကုန် မေ ၁၁**

AFC Cup ဘောလုံးပြိုင်ပွဲ အုပ်စု (G) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာကလပ် ရန်ကုန်အသင်းနှင့် မော်လ်ဒိုက်ကလပ် မာဇီယာအသင်းတို့ ယနေ့ညပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ နိုင်ပွဲရယူနိုင်ခဲ့သော်လည်း တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသည့် မိုဟန်ဘေဂန်နှင့် တောင်တရုတ်ပွဲတွင် တောင်တရုတ်အသင်း က သုံးဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ရန်ကုန်အသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာကလပ်အသင်းများမှာ ၂၀၁၃ ခုနှစ်မှစ၍ AFC Cup ပြိုင်ပွဲတွင် အုပ်စုအဆင့်ကို ကျော်လွှန်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ရန်ကုန်အသင်းရော ရောဝတီအသင်းပါ အုပ်စုမှထွက်ခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်အသင်းမှာ အဓိက ကစားသမားများဖြစ်သည့် ခင်မောင်လွင်နှင့် ကျော်ကိုကိုတို့ ပွဲပယ်ခံထားရသောကြောင့် ပွဲထွက်လူစာရင်းကို အနည်းငယ်ပြောင်းလဲခဲ့သည်။ ပွဲအစပိုင်းတွင် မာဇီယာတိုက်စစ်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၁၈ မိနစ်တွင် မာဆယ်လိုက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၅၄ မိနစ်တွင် ကြည်လင်း၊ ၆၅ မိနစ်တွင် ဇော်မင်းထွန်းတို့က ရန်ကုန်အတွက် ဂိုးများထပ်မံသွင်းယူခဲ့သည်။ မာဇီယာအတွက် ချေပဂိုးများကို ၅၁ မိနစ်တွင် အဗ္ဗဒူလာ၊ ၈၂ မိနစ်တွင် အီဆာအစ္စမေးလ်တို့က သွင်းယူခဲ့ပြီး ၆၃ မိနစ်တွင် ရရှိသည့် ပယ်နယ်တီကို ရန်ကုန်ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် အုပ်စုပွဲစဉ်အပြီးတွင် ရှစ်မှတ်ရရှိသော်လည်း တတိယနေရာမှ ထွက်ခဲ့ရသည်။

လာအို၌ ကစားသည့် လာအိုတိုယိုတာနှင့် ရောဝတီအသင်းပွဲတွင် ရောဝတီက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုပွဲစဉ်အတွင်း ဒုတိယမြောက်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။

**ရဲရင့်ရှိုင်း**

❖ *ကျောဖုံးမှ*

ဝင်စတန်ရိုက် ခေါင်းတိုက်သွင်းယူခဲ့ပြီး ပွဲပြီးချိန်တွင် အိမ်ရှင်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် မန်ယူအသင်းဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရခဲ့သော်လည်း ဝက်စ်ဟမ်းက ဂိုးပေါက်ငြိမ်းခြောက်မှု ကိုးကြိမ်ရရှိပြီး ခြောက်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ မန်ယူအသင်းမှာ သုံးကြိမ်သာဂိုးကန်သွင်းခွင့်ရခဲ့ပြီး နှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့ကာ ဂိုးအဖြစ်ပြောင်းလဲခဲ့သည်။ ယနေ့ပွဲတွင် မန်ယူမြို့ခံ ပြိုင်ဘက်မန်စီးတီး ပရိသတ်များက ဝက်စ်ဟမ်းအသင်းဘက်မှ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ဝက်စ်ဟမ်းနှင့် မန်ယူပွဲစဉ်တွင် မန်ယူအသင်းသားများ ဝက်စ်ဟမ်းကွင်းသို့ သွားရာလမ်းတွင် ဝက်စ်ဟမ်းပရိသတ်များ၏ နှောင့်ယှက်ခြင်းခံခဲ့ရပြီး သတ်မှတ်ပွဲချိန်ထက် ၄၅ မိနစ်နောက်ကျကာ ယှဉ်ပြိုင်ကစားခဲ့ရသည်။

ပွဲစဉ် (၃၇) အပြီးတွင် မန်ယူအသင်းသည် ရမှတ် ၆၃ မှတ်ဖြင့် အဆင့် (၅) တွင် ရပ်တည်နေပြီး ဝက်စ်ဟမ်းအသင်းက ရမှတ် ၆၂ မှတ်ဖြင့် အဆင့်(၆)မှ ဖိအားပေးလျက်ရှိသည်။ ရာသီပိတ်ပွဲစဉ် (၃၈) ကို မေ ၁၅ ရက်တွင် အသင်းအားလုံး ည ၈ နာရီခွဲ တစ်ချိန်တည်း ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မန်ယူက အိမ်ကွင်း၌ ဘုန်းမောက်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဝက်စ်ဟမ်းက အဝေးကွင်း၌ စတုတ်စီးတီးကို သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။




မန်ယူအသင်းသားများ စီးလာသော ယာဉ်အား ဝက်စ်ဟမ်းပရိသတ်များ ဟန့်တားနှောင့်ယှက်စဉ်


စတော့ဈေးကွက်တင်ခြင်း နှင့် ရင်းနှီးမြှုပ်နှံသူများ၏ အခန်းကဏ္ဍ

''စတော့ဈေးကွက်အကြောင်းစိတ်ဝင်စားသူများအတွက် ရန်ကုန်စတော့အိပ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်နေသော နည်းစနစ်များ၊ စာရင်းဝင်ကုမ္ပဏီဖြစ်ရန် ကျော်လွှားအောင်မြင်ရသည့်အဆင့်များ၊ စတော့ရှယ်ယာဈေးနှုန်းများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်နည်းများကို ရန်ကုန် စတော့အိပ်ချိန်း၊ CB Securities နှင့် KBZ Stirling Coleman Securities တို့မှ ကျွမ်းကျင်ပညာရှင်များမှဟောပြောသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်အပ်ပါသည်။''


U THET TUN OO
EXECUTIVE SENIOR MANAGER
YANGON STOCK EXCHANGE


MR. MARTIN
SECURITIES REPRESENTATIVE I KBZ STIRLING COLEMAN SECURITIES COMPANY LTD.


U THAUNG HAN
MANAGING DIRECTOR
CB SECURITIES LTD.


MS. JENNA PHU
ACCOUNT EXECUTIVE I KBZ STIRLING COLEMAN SECURITIES COMPANY LTD.

ကျင်းပမည့်နေရာ — မင်္ဂလာခန်းမ၊ UMFCCI (မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း) အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် — ၁၄-၅-၂၀၁၆ (စနေနေ့)၊ နေ့လည် (၁)နာရီမှ (၄)နာရီထိ

Organized by — MTSH

Supported by — CB SECURITIES We help you make a difference; KBZSC KBZ STIRLING COLEMAN SECURITIES CO., LTD.

စာရင်းပေးသွင်းရန်

အမည်၊အကြောင်းအရာ၊ကုမ္ပဏီ၊တယ်လီဖုန်းနံပါတ် နှင့် အီးမေးလ် လိပ်စာတို့နှင့် အတူ (၁၃-၅-၂၀၁၆) ရက်နေ့ နောက်ဆုံးထားပြီး
Email: tak234.mtsh@gmail.com, phyokyawthu1081@gmail.com
Tel: 09 500 1387, 09 42111 8967 သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

## ထင်သာမြင်သာပြုပြင်စရာ

# ရေမြောင်းများတွင် အမှိုက်များပိတ်ဆို့၍ စွန့်ပစ်ရေများ တင်ကျန်နေသဖြင့် ရပ်ကွက်ပြည်သူတို့အခက်တွေ့



ရန်ကုန်မြို့ရှိ မြို့နယ်တို့တွင် ပူပြင်းခြောက်သွေ့သောရာသီ၌ အများဆုံး ပြည်သူများ ရင်ဆိုင်နေရသော အခက်အခဲတစ်ခုမှာ ရပ်ကွက်ရေမြောင်းများ ပိတ်ဆို့နေ၍ စွန့်ပစ်ရေများလမ်းပေါ် လျှံကျနေခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပွားရာတွင် အများဆုံးမှာ လှိုင်သာယာမြို့နယ်တွင် ဖြစ်ပေါ်လျက်ရှိသည့်အတွက် အမှတ်(၇)ရပ်ကွက်၊ အမှတ်(၁၉) ရပ်ကွက်နှင့် အမှတ်(၂၀) ရပ်ကွက်တွင် ကွန်ကရစ်ခင်းထားသော လမ်းအချို့သာမကမခင်းရသေးသော လမ်းများတွင်လည်း မြောင်းရေများ လျှံနေမှုကြောင့် အများပြည်သူ သွားလာမှုအခက်အခဲ ကြုံတွေ့ရလျက်ရှိသည်။

"ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်ကတော့ ရပ်ကွက်ထဲကကျူးကျော်တဲ တွေရှင်းလင်းတာထက် ရေစီးရေလာပိတ်နေတဲ့ ရေမြောင်းအားလုံးကိုပင်မရေမြောင်းထဲစီးနိုင်အောင် မြေပြင်အခြေအနေကြည့်ပြီး ပထမဦးစားပေးလုပ်သွားမယ်လို့ ဧပြီလတာဝန်စတင်ထမ်းဆောင်ချိန်က ပြောထားတယ်။ အခုထိတော့ မြောင်းရေတွေလမ်းပေါ်လျှံနေတာ ကျသွားတာမရှိသေးဘူး။ လုပ်တာလည်း မတွေ့သေးဘူး"ဟု အမှတ်(၇)ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

ရပ်ကွက်/ကျေးရွာ တို့ရှိမြေနိမ့်ပိုင်းတို့တွင် အိမ်များအောက်၌ နွံ၊ မိုး၊ ဆောင်းစွန့်ပစ်ရေများ အဆိုပါ ရပ်ကွက်သုံးခုတွင် အများဆုံးခိုအောင်းလျက်ရှိပြီး ကွန်ကရစ်လမ်းခင်းပေးရာတွင် ငွေကြေးထည့်ဝင်နိုင်သော၊ ငွေကောက်ခံ၍ရသော လမ်းများကိုသာ ကွန်ကရစ်လမ်း အများဆုံးခင်းပေးခဲ့သည့်အတွက် ငွေကြေးမထည့်နိုင်သော လမ်းတိုများ ယနေ့တိုင် မြောင်းရေလျှံမှုကို အများဆုံး ကြုံတွေ့နေရခြင်းဖြစ်ကြောင်း၊ မေယုလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း **(အပေါ်ပုံ)** လှိုင်သာယာ ရပ်ကွက်နေပြည်သူတို့ထံမှ သိရသည်။

**(၁၆၄)**

# သူငယ်တန်း (KG) သင် ဆရာ ဆရာမများအား လေ့ကျင့်သင်တန်းပေး



**ရန်ကုန် မေ ၁၁**

ကမာရွတ်မြို့နယ်အတွင်း သူငယ်တန်း (KG) သင် ဆရာ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့်ဆင့်ပွားသင်တန်းကို ဧပြီ ၂၆ ရက်မှ စတင်ကာ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်ကာ သူငယ်တန်း (KG)တက်ရောက်မည့် ကလေးငယ်များ၏ ပညာရေးသင်ရိုးသစ်နှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေဖြစ်မှု၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မှု၊ ပညာရေးအရလိုက်လျောညီထွေဖြစ်မှုများကို တွေ့ရကြောင်းကိုလည်း ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

အဆိုပါ သင်ရိုးသစ်သည် အသက်ငါး နှစ်အရွယ် ကလေးငယ်များအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်းလမ်းများကို အသုံးပြုပြီးပြုစုပျိုးထောင်ပေးမည့် ပညာရေးစနစ်ဖြစ်ကြောင်း သိရသည်။

ဆရာ ဆရာမများအား အဓိကသင်ကြားပေးနေသည့် ဖွံ့ဖြိုးမှုနယ်ပယ် (၆)ရပ်မှာကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ စာရိတ္တမိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊ အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း၊ ပတ်ဝန်းကျင် လောကကို သိရှိနားလည်ခြင်းစသော အချက်များဖြစ်ကြောင်း သိရသည်။ သင်တန်းကို ဧပြီ ၂၆ ရက်မှ စတင်ကာ မေ ၁၀ ရက်ထိ သင်ကြားပို့ချခဲ့ပြီး ကမာရွတ်မြို့နယ်အတွင်းမှ ဆရာ ဆရာမ ၆၂ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# အခမဲ့ကွင်းဆင်းကုသ

**ပုသိမ်ကြီး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှုကြီးမှူး၍ မြန်မာ့တိုင်းရင်း ဆေးပညာအကြောင်းပညာပေးဟောပြောပွဲနှင့် အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းကို မေ ၆ ရက် နံနက် ၉ နာရီက မင်းကန်ကျေးရွာအုပ်စု ဇီးတောကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ခရိုင်တိုင်းရင်းဆေးပညာ ဦးစီးမှူး ဒေါ်မေကြည်ဦးကနှလုံးရောဂါနှင့် ဆီးချိုရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စာရေး ဆရာမာဃိန္ဒ (ပုသိမ်ကြီး)က ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့တိုင်းရင်းဆေးပညာခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောကြသည်။ ထို့နောက်မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဦးသစ်လွင်နှင့် ဝန်ထမ်းများက ဇီးတောကျေးရွာမှပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



**ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဆူးဂဏန်းကျေးရွာအုပ်စု ဝေ့ချောင်းလေးကျေးရွာ၌ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း) ဦးအေးကျော်က ဆောက်လုပ်လှူဒါန်းသည့် ရင်ငြိမ်းအေး စာကြည့်တိုက်အား မေလပထမပတ်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးအဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်**
မီးမီး

## သတင်းတိုများ

### သာစည်ပြင်ကျေးရွာသို့ ရေဖြန့်ဝေ

**ရမ်းဗြဲ**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် သာစည်ပြင်ကျေးရွာအုပ်စု သာစည်ပြင်ကျေးရွာတွင် သောက်သုံးရေရှားပါးမှုအတွက် ရွာနှင့်(၁/၄)မိုင်ကွာဝေးသော သဘာဝရေအရင်းအမြစ်ဖြစ်သည့် တရောင်းချောင်းသဲတွင်းမှရေအား တောင်ကုန်းပေါ်သို့ စက်ဖြင့်တွန်းတင်၍ရွာသို့ ရေသွယ်ယူနိုင်ရန်အတွက် မေလပထမပတ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများအား ရေစုပ်တင်ရန် ကုန်ကျမည့် စက်သုံးဆီအတွက်လိုအပ်ငွေများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(၁၅၇)

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး

**ကြို့ပင်ကောက်**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ဘီးကွဲကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေသည့် အခမ်းအနားကို မေလပထမပတ်က ကျင်းပခဲ့ရာ ကြို့ပင်ကောက်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးခင်မောင်မြင့် ဦးဆောင်သော ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကျေးရွာပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၀၅၅)

### သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ပေါင်**

မွန်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီက ပေါင်မြို့နယ် ပင်လယ်ကမ်းနီးကျေးရွာဖြစ်သော အလုပ်ကျေးရွာ ရွာလယ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူး ဦးသောင်းထိုက်က သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ရခြင်း ရည်ရွယ်ချက်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကျေးရွာနေပြည်သူလူထု လိုက်နာကျင့်သုံးရမည့်ဆောင်ရန်ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**တာချီလိတ်**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင် သုသာန်မြေ၌ မေ ၈ ရက် နံနက်က ချုံနွယ်အမှိုက်ကင်းစင်ပြီး မြို့သန့်ရှင်းသာယာရေး မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများနှင့် မဇ္ဈိမလူမှုရေးအသင်းအဖွဲ့များက ချုံနွယ်နှင့်အပင်များ၊ အမှိုက်များကို ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### ရေသန့်ဆေးထုပ်များ လှူဒါန်း

**ရန်ကုန်**

ပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို သုံးစွဲနိုင်ရန် အထောက်အကူပေးသည့် အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ၁၁/၁၄ ရပ်ကွက်တွင် ရေသန့်ဆေးထုပ်တစ်သိန်းလှူဒါန်းခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို မေလပထမပတ်က ပြုလုပ်ခဲ့သည်။

ရေသန့်ဆေးထုပ်များကို ဒလမြို့နယ် ပြည်သူများအတွက် P&G (Procter& Gamble) နှင့် မိတ်ဖက်အဖွဲ့အစည်းများက ရေ လီတာ ၁၀ ဘီလီယံလှူဒါန်းခြင်းအထိမ်းအမှတ်ဂုဏ်ပြုခြင်းဖြင့် ရေသန့်ဆေးထုပ်များကို အခမဲ့ပေးလှူခြင်းဖြစ်သည်။ ထိုသို့ သောက်ရေသန့်ထုပ်များ လှူဒါန်းခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှတစ်ဆင့်လှူဒါန်းခြင်းဖြစ်ပြီး ၁၁/၁၄ ရပ်ကွက်နေအိမ်များရှိ သောက်သုံးရေများအတွင်း ရေသန့်ဆေးများ လက်တွေ့ထည့်ကာ သရုပ်ပြခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

# လေဘေးသင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများထောက်ပံ့

**ရေစကြို မေ ၁၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့်ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)မှလှူဒါန်းသော သွပ်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လှူဒါန်းသောအိမ်ဆောက်ပစ္စည်းနှင့်ဆန်ရိက္ခာများကို လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက်ကအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများက သွပ်များကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်မြထွေးက အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာတို့ကို လေဘေးသင့်အိမ်ထောင်စုများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ထောက်ပံ့ပေးအပ်ကြသည်။

လေဘေးသင့်ကျေးရွာအုပ်စု ၁၂ အုပ်စုမှအမိုးလန်အိမ် ၃၂၉လုံး၊ အမိုးလန်ဘုန်းတော်ကြီးကျောင်းသုံးကျောင်း၊ ပြိုကျပျက်စီးသွားသည့် အိမ်အလုံး ၂၀တို့အတွက် ဆည်မြောင်းဦးစီးဌာနမှ သွပ်ချပ်ရေ ၅၀၀၀၊ တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနမှ အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေကျပ် ၇၅၀၀၀၀၀ နှင့်ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၁၇၄၄၂၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ငလျင်အရေး တွေး၍မပူ သတိမူလော့ . . .

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားခဲ့ဖူးသော ဘေးအန္တရာယ်များအနက် ငလျင်လှုပ်ခြင်းသည် ရှောင်လွှဲ၍မရသလို ကြိုတင်၍လည်းမသိရှိနိုင်သော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ ထို့ကြောင့်ပင် ငလျင်လှုပ်မည့်အရေးကို တွေးတောပူပန်ခြင်းဖြင့် စိတ်ဖိစီးမှုဖြစ်ရန်မလိုအပ်ပေ။ သို့ရာတွင် ငလျင်၏သဘောသဘာဝကိုမူ ကောင်းစွာနားလည်သဘောပေါက်ကာ သတိရှိနေကြရန် လိုအပ်သည်။

ရှေးခေတ်အခါများက ငလျင်လှုပ်ခြင်းသည် မြေစောင့်နတ်မင်းက ဒဏ်ခတ်ခြင်းဖြစ်သည်ဟုလည်းကောင်း၊ မြေအောက်ရှိ ရောမသတ္တဝါကြီး အိပ်ပျော်နေရာမှ နိုးထလာခြင်းဖြစ်သည်ဟုလည်းကောင်း စွဲမှတ်ယုံကြည်ခဲ့ကြသည်။ အကယ်စင်စစ် ငလျင်လှုပ်ခြင်းမှာ ကမ္ဘာ့ကျောက်ချပ်လွှာကြီးများ တစ်ခုနှင့်တစ်ခု တွန်းတိုက်ရွေ့လျားခြင်းပင်ဖြစ်သည်။ ဤမြေကမ္ဘာကြီးသည် အက်ပြီး မကွဲသေးသော ကြက်ဥပမာပင်ဖြစ်သည်။ အက်ကြောင်းများကြောင့် ပြတ်ထွက်နေသော်လည်း အကာပိုင်းရှိ အကျွံအချွဲများနှင့် ကပ်ငြိနေသည့်အတွက် ဝေးရာသို့ ကွဲကွာသွားခြင်းမရှိသော ကြက်ဥအခွံကွဲစကလေးများနှင့် သဏ္ဌာန်တူသည့် ကျောက်ချပ်လွှာကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက ပေါလောမျောလျက် တည်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို ကျောက်ချပ်လွှာအစုအဖွဲ့ပေါင်း နှစ်ဆယ်ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းကျောက်ချပ်လွှာကြီးများသည် တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကြသလို တစ်ခါတစ်ရံ၌မူ တစ်နေရာဆီသို့ ကွဲထွက်သွားကြလေ့ရှိသည်။ ကျောက်ချပ်လွှာကြီးများ ရွေ့လျားကြသည့်အခါ ကမ္ဘာ့တိုက်ကြီးများကလည်း ယင်းတို့နှင့်အတူ လိုက်ပါရွေ့လျားရင်း တည်နေရာနှင့် တည်နေပုံများက အခါအားလျော်စွာ ပြောင်းလဲနေကြရသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာခြားနေသော တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၃၅ သန်းခန့်က တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြရာမှ ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် လိုက်ပါရွေ့လျားရင်း ပထဝီအနေအထား ပြောင်းလဲလာခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းရှိ ပူလောင်နေသည့် ကျောက်ချော်ရည်များသည် မြင့်မားသောဖိအားနှင့် တွန်းကန်မှုတို့ကြောင့် ကမ္ဘာ့မျက်နှာပြင် အခွံပိုင်းသို့ တိုးထွက်ရောက်ရှိလာခြင်းဖြင့် အခွံလွှာအသစ်ကို ဖြစ်ပေါ်လာစေသည်။ အသစ်ဖြစ်ပေါ်လာသည့် အခွံလွှာ၏အောက်သို့ ရောက်ရှိသွားသော မူလအခွံဟောင်းမှာ အလွန်ပူလောင်နေသည့် အတွင်းပိုင်းထိတိုင် ကျရောက်သွားပြီး အရည်ပျော်သွားကြသည်။ ဤနည်းအားဖြင့် ကမ္ဘာ့မြေမျက်နှာပြင် အခွံပိုင်းသည် အမြဲတမ်း ပြောင်းလဲလျက်ရှိနေသည်။

ရှေးခေတ် ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေတိုက်ကြီးများ၏ အနိမ့်ပိုင်းနေရာများဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ အကယ်စင်စစ်အားဖြင့် သမုဒ္ဒရာကြမ်းပြင်များ တည်ရှိနေသော ကျောက်ချပ်လွှာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေသည့် ကျောက်ချပ်လွှာကြီးများမှာ တစ်ဆက်တစ်စပ်တည်း မဟုတ်သလို မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်း မဟုတ်ပေ။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယမ်တို့ ရောနှောနေသည့် ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့် မဂ္ဂနီဆီယမ်တို့ ရောနှောနေသည့် Basalt ခေါ် မီးတောင်ချော်နက်ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ကမ္ဘာ့တိုက်ကြီးများ၏ ကျောက်သားမြေလွှာများသည် ယင်းတို့ထက်ပို၍ လေးလံမာကျောသော သမုဒ္ဒရာကြမ်းပြင် မီးတောင်ချော်နက်ကျောက်များပေါ်၌ တည်ရှိနေကြသည်။ ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းတွင် အလွန်ပူလောင်ပြီး အရည်ပျော်နေသည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် သမုဒ္ဒရာကြမ်းပြင်ကွဲထွက်ရာ အက်ကြောင်းများမှတစ်ဆင့် တိုးထွက်လာပြီး အပေါ်ယံသို့ ရောက်ရှိသည့်အခါ အေး၍မာကျောသွားကြပြီး သမုဒ္ဒရာကြမ်းပြင်အသစ်ကို ဖြစ်ပေါ်လာစေသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်သည် အက်ကွဲကြောင်း၏ တစ်ဖက်တစ်ချက်ဆီသို့ ရွေ့လျားလျက်ရှိနေသည်။ သို့ရာတွင် ရွေ့လျားသည့်နှုန်း အလွန်နှေးကာ တစ်နှစ်တာအတွင်း စင်တီမီတာအနည်းငယ်မျှသာ ခရီးပေါက်ရောက်သည်။ ယင်းကဲ့သို့ ရွေ့လျားနေကြရင်း ကမ္ဘာ့တိုက်ကြီးများ၏အစွန်းသို့ ရောက်ရှိလာသည့်အခါ ပိတ်ဆို့ခံရသကဲ့သို့ဖြစ်ပြီး တိုက်ကြီးများ၏အောက်သို့ ဝင်ရောက်ကျဆင်းသွားသည်။ နက်ရှိုင်းသည့် အတွင်းပိုင်းသို့အရောက်တွင် ပြင်းထန်လွန်းသောအပူရှိန်ကြောင့် အရည်ပျော်သွားသည်။ ဤနည်းဖြင့် သမုဒ္ဒရာကြမ်းပြင်တို့သည် အမြဲတမ်းဆိုသလို အသစ်နှင့်အဟောင်း လဲလှယ်ဖြစ်ပေါ်လျက် ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် ကွဲထွက်ရာမှ အက်ကွဲကြောင်းများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့ဒေသအနှံ့တွင် လှုပ်ခတ်ခဲ့သောငလျင်များ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပြတ်ရွေ့ကြောင်း (Fault)ဟု ခေါ်ဆိုကြသော အက်ကွဲကြောင်းများတစ်လျှောက်နှင့် အနီးတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သမုဒ္ဒရာရေပြင်အောက် တောင်တန်းများအထိရောက်ရှိသော ယင်းအက်ကွဲကြောင်းများမှတစ်ဆင့် နက်ရှိုင်းသောအတွင်းပိုင်းရှိ အလွန်ပူလောင်သည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာပေါက်ကွဲပြီး အပြင်သို့ တိုးထွက်လာကြကာ ကျောက်ချပ်လွှာများကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သောငလျင်များကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာပေါ်ရှိပြတ်ရွေ့ကြောင်းကြီးများအနက် San Andreas Fault သည် အလွန်ထင်ရှားသော ကမ္ဘာသိ ပြတ်ရွေ့ကြောင်းကြီးဖြစ်သည်။ ယင်းပြတ်ရွေ့ကြောင်းသည် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေရှိ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌တည်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကြီးသည် ကျောက်ချပ်လွှာကြီး နှစ်ခုပေါ်၌ ခွလျက်တည်ရှိနေသည်။ ပစိဖိတ်ကျောက်ချပ်လွှာပေါ်၌ တစ်စိတ်တစ်ပိုင်းတည်ရှိနေပြီး မြောက်အမေရိကကျောက်ချပ်လွှာပေါ်၌ ကျန်အစိတ်အပိုင်းက တည်ရှိနေသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကို ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးက ပိုင်းခြားထားလျက်ရှိသည်။


၂၀၁၀ ခုနှစ်က လှုပ်ခတ်ခဲ့သော ဟေတီငလျင်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများ။

ကယ်လီဖိုးနီးယားပြည်နယ်၏ တစ်စိတ်တစ်ပိုင်း တည်ရှိရာနေရာဖြစ်သော ပစိဖိတ်ကျောက်ချပ်လွှာသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနေစဉ် ကျန်တစ်စိတ်တစ်ပိုင်းတည်ရှိနေသော မြောက်အမေရိက ကျောက်ချပ်လွှာကြီးက ဆန့်ကျင်ဘက်အရပ်ဖြစ်သော အရှေ့တောင်ဘက်သို့ ရွေ့လျားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ကျောက်ချပ်လွှာကြီးနှစ်ခု၏ဆုံရာဖြစ်သော ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီး တစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် ငလျင်ကြီးများ ဖြစ်ပေါ်လေ့ရှိသည်။

သာဓကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၄ ခုနှစ်က အင်အားအလွန်ပြင်းထန်သောငလျင်ကြီး လှုပ်ခဲ့ပြီးဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးမှ ကီလိုမီတာ ၅၀ ခန့်သာ ကွာဝေးသလို မြို့ပတ်ဝန်းကျင်၌လည်း သေးငယ်သောပြတ်ရွေ့ကြောင်းများ အများအပြားတည်ရှိနေသည်။ ၁၉၉၄ ခုနှစ် ငလျင်ကြီးသည် ထိုပြတ်ရွေ့ကြောင်းငယ်ကလေးများထဲမှ ပြတ်ရွေ့ကြောင်းတစ်ခုကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။

အလားတူပင် ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြီးသည်လည်း ပြတ်ရွေ့ကြောင်းများနှင့်နီးကပ်သော နေရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ငလျင်ကြီးသည် မြို့တော်တိုကျိုနှင့် ယိုကိုဟားမားဆိပ်ကမ်းမြို့များကို ဆိုးဆိုးရွားရွား ပျက်စီးစေခဲ့သည်။

ထို့အတူ သမ္မတနန်းတော် အဆောက်အအုံကြီးပါ ပြိုကျခဲ့သည့်အတွက် အုပ်ချုပ်ရေးယန္တရားကိုပါ တုံ့ဆိုင်းသွားစေခဲ့သော ဟေတီငလျင်သည်လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှု ကြီးမားလွန်းသောကြောင့် လမ်းပန်းဆက်သွယ်ရေးကိုပါ ပြတ်တောက်သွားစေခဲ့သော ချီလီငလျင်သည်လည်းကောင်း၊ လူအသေအပျောက် အလွန်များခဲ့သည့် တရုတ်နိုင်ငံ စီချွမ်ငလျင်သည်လည်းကောင်း၊ မြို့တစ်မြို့လုံးနီးပါးကို အသစ်ပြန်လည်တည်ဆောက်ခဲ့ရသည့် ဂျပန်နိုင်ငံ ကိုဘေးငလျင်သည်လည်းကောင်း၊ မကြာသေးမီကမှ ဖြစ်ပွားခဲ့သော နီပေါငလျင်နှင့် အီကွေဒေါငလျင်တို့သည်လည်းကောင်း အရွယ်အစားအမျိုးမျိုးရှိကြသည့် ပြတ်ရွေ့ကြောင်း ကြီးငယ်အသွယ်သွယ်တို့ကို ဗဟိုပြုလျက် သို့တည်းမဟုတ် ပြတ်ရွေ့ကြောင်းများ၏ အနီးပတ်ဝန်းကျင်ကို ဗဟိုပြုလျက် ဖြစ်ပွားခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်တွင် သိပ္ပံနှင့် နည်းပညာများ အလွန့်အလွန် တိုးတက်နေသည့်တိုင် ငလျင်လှုပ်မည့်အရေးကို ကြိုကြိုတင်တင် ခန့်မှန်းနိုင်ခြင်းမရှိကြသေးပေ။ ကမ္ဘာ့ငလျင်လှုပ်ခတ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးပြီးဖြစ်သော ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ ငလျင်လှုပ်ခတ်မှု၏ အဦးအစဖြစ်သော မြေအောက်လှုပ်ရှားမှုများကို အချိန်ရနိုင်သလောက် ကြိုတင်ထောက်လှမ်းသိရှိနိုင်သည့် တိုင်းတာရေးစခန်းကွန်ရက်ကြီးကို ဒေါ်လာသန်း ၅၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။

ငလျင်အစ မြေအောက်လှုပ်ရှားမှုများကိုတိုင်းတာသည့် စခန်းပေါင်းတစ်ထောင်ကျော်ကို စီရင်စုတစ်ခုချင်းစီအလိုက် တစ်နိုင်ငံလုံး၌ ကွန်ရက်အဖြစ်ဖြန့်ကြက်ကာ ငလျင်ကြိုတင်သတိပေးဌာနနှင့် ချိတ်ဆက်ထားခဲ့သော ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်မည့်အရေးကို စက္ကန့်ပိုင်းမျှသာ ကြိုတင်သိရှိနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသအရှေ့ဘက် မိုင် ၈၀ ခန့်အကွာနေရာ၏ မြေအောက်အနက် ၁၅ ဒသမ ၂ မိုင်ကို ဗဟိုပြု၍ ၉ ဒသမ ၀ မဂ္ဂနီကျူရှိ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး လှုပ်ခတ်ခဲ့သည်။

ဆက်သွယ်ရေးစနစ် အလွန်ကောင်းမွန်ပြီး တုံ့ပြန်ဆောင်ရွက်မှု အလွန်မြန်ဆန်သည့် ဂျပန်နိုင်ငံသည် စက္ကန့်ပိုင်းမျှသာကြိုသိရသည့် ငလျင်လှုပ်မည့်အရေးကို နိုင်ငံတစ်ဝန်း အချိန်ရနိုင်သလောက် ကြိုတင်ထုတ်ပြန်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုကြီးမားကျယ်ပြန့်ခဲ့သည့်တိုင် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည့် အဆိုပါပျက်စီးဆုံးရှုံးမှုနှင့် နှိုင်းစာလျှင် လူအသေအပျောက် အလွန်နည်းပါးခဲ့သည်။ ထိုအင်အားပြင်းငလျင်ကြီးကြောင့် ဂျပန်ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက်သို့ ၇၉ ပေခန့် ရွေ့သွားခဲ့သည့်အပြင် အပေါ်ဘက်သို့လည်း ၁၀ ပေခန့် မြင့်တက်လာခဲ့သည်။

ငလျင်လှုပ်မည့်အရေးကို လူတို့က ကြိုတင်မသိရှိနိုင်၊ မခန့်မှန်းနိုင်ကြသေးသော်လည်း တိရစ္ဆာန်မျိုးစိတ်အချို့က အာရုံခံစား၍ ကြိုတင်သိရှိနိုင်သည်ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ ငလျင်မလှုပ်မီ ထောင်နှင့်ချီသောဖားများ လမ်းပေါ်သို့တက်ရောက်လာခဲ့ကြသလို တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ငလျင်မလှုပ်မီ ရာပေါင်းများစွာသောမြွေများ မြေပြင်ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းများကို ကြုံတွေ့ခဲ့ကြရသည်။

ငလျင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာလှုပ်ရှားမှုများကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များ အပြောင်းအလဲဖြစ်သည့်အပေါ် တိရစ္ဆာန်အချို့က အာရုံခံသိရှိနိုင်ကြသည်ဟု သုတေသီအချို့က ယုံကြည်ခဲ့ကြသည်။ ငလျင်လှုပ်ရန် နာရီပိုင်းခန့်အလို၌ နွားများ ဂနာမငြိမ်ဖြစ်လာခြင်း၊ ခွေးများ အုပ်စုလိုက်အူခြင်း၊ ငှက်များ အသိုက်ပြောင်းရွှေ့ခြင်း၊ စင်ရော်များ ရေပြင်ပေါ်၌ပျံသန်းနေရာမှ ကုန်းပေါ်သို့ အုပ်စုလိုက်ဦးတည်ပျံသန်းခြင်း၊ မိကျောင်းများ ခေါင်းထောင်လာခြင်း၊ ဝက်များ ဆောက်တည်ရာမရဘဲ အော်မည်ပြေးလွှားခြင်းစသော ထူးခြားသည့်အပြုအမူများသည် အချို့သောငလျင်များနှင့် တိုက်ဆိုင်ခဲ့သည်ကို သုတေသီအချို့က သတိပြုမိခဲ့ကြသည်။

သို့ရာတွင် တိရစ္ဆာန်အချို့၏ ထူးခြားသောအပြုအမူများသည် ငလျင်လှုပ်တော့မည့် ရှေ့ပြေးနိမိတ်များဖြစ်သည်ဆိုသော ခိုင်လုံတိကျသည့် ထုတ်ပြန်ချက်မျိုးကို လုပ်ဆောင်နိုင်ခြင်း မရှိကြသေးပေ။ အဘယ်ကြောင့်ဆိုသော် သုတေသနပြုစမ်းသပ်ချက် အကြိမ်ပေါင်းများစွာတွင် အနည်းစုကသာ တိုက်ဆိုင်မှန်ကန်ပြီး အများစုကမူ ငလျင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှုမရှိကြသောကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့်စမ်းသပ်သည့် သုတေသနကဲ့သို့သော စမ်းသပ်ချက်အများအပြားက ထိုယူဆချက်များ မှန်ကန်ခြင်းမရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်။ ငလျင်လှုပ်မည့်အရေးကို တိကျစွာ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သေးသည့်အတွက် ငလျင်ကြောပေါ်၌ကျရောက်နေသည့် မြို့ရွာများနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ငလျင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးသက်သာအောင် ကြိုကြိုတင်တင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ငလျင်ဘေးအန္တရာယ်ကို ကြိုတင်တွေးဆပြီး ပူပင်သောကပွားနေကြရန် မလိုအပ်သော်လည်း လျှပ်တစ်ပြက်ရန်သူနှင့်တူသော ငလျင်ဘေးကိုမူ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေသင့်ကြပေ။ အထူးသဖြင့် ငလျင်လှုပ်ခဲ့ဖူးသော မြို့ရွာဒေသများ၊ ငလျင်လှုပ်ခဲ့ဖူးခြင်းမရှိသည့်တိုင် ငလျင်ကြောအတွင်း ကျရောက်နေသည့် မြို့ရွာဒေသများသည် ငလျင်အန္တရာယ်ကို ကြုံတွေ့ကြရနိုင်သော နေရာများပင်ဖြစ်ကြသည်။

စာမျက်နှာ ၁၇ သို့

**ခိုင်လုံသောအထောက်အထားများအရ မြန်မာနိုင်ငံ၏သမိုင်းတွင် အများဆုံးကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်မှာ ငလျင်ဖြစ်သည်ကို သိရှိထားကြရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ သဘာဝအတားအဆီးများသည် အခြားသော သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်တိုင် ငလျင်၏ထိုးနှက်မှုများကိုမူ ခါးစည်းခံခဲ့ကြရကြောင်း အတိတ်ဖြစ်ရပ်များစွာတို့က သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လှုပ်ခဲ့ဖူးသော မြေငလျင်ပေါင်းများစွာတို့သည် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားအားလုံးတို့ကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြရန် သတိပေးထောက်ပြလျက်ရှိနေကြသည်။**

# သံဖြူဇရပ်မြို့နယ်အတွင်း ကျေးရွာအားလုံးနီးပါးတွင် ရေရှားပါးလျက်ရှိ

**သံဖြူဇရပ် မေ ၁၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအချို့တွင် မတ်လဆန်းပိုင်းမှစတင်၍ ရေတွင်းများ ရေခန်းခြောက်လာခဲ့ခြင်းကြောင့် ရေရှားပါးပြတ်လပ်လာပြီး ရေကိုဝယ်ယူသုံးစွဲခဲ့ကြရကာ ဧပြီလနောက်ဆုံးပတ်မှစ၍ မြို့နယ်အတွင်းမှ ပင်လယ်ကမ်းခြေနှင့်နီးသော ကျိုက္ခမီမြို့ ပငကျေးရွာနှင့် ကရုပ္ပိကျေးရွာများအပါအဝင် ကျေးရွာအားလုံးနီးပါးနှင့် မြို့ပေါ်ရပ်ကွက်အားလုံးတို့တွင် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့လာခဲ့ရကြောင်း သိရသည်။

"ကျိုက္ခမီမြို့အပါအဝင် ပငကျေးရွာ၊ ကရုပ္ပိကျေးရွာ စတဲ့ပင်လယ်နဲ့ နီးတဲ့ရွာတွေဆိုရင် ရေငန်တွေကြောင့် ရေချိုရေ အရင်းအမြစ် မရနိုင်တော့တဲ့အတွက် သံဖြူဇရပ်မြို့ပေါ်က စက်ရေတွင်းရှိသူအချို့နဲ့ စက်မှုဝန်ကြီးဌာန ရော်ဘာစက်ရုံက ရေအကူအညီကိုရယူပြီး ရေလိုအပ်နေတဲ့နေရာတွေကို အကူအညီပေးနေပါတယ်။ ရေလိုအပ်နေတဲ့ ရပ်ကွက်/ ကျေးရွာတွေကများနေလို့ ရေလှူတဲ့အဖွဲ့တွေဟာ မိုးလင်းက မိုးချုပ်တဲ့အထိ ပို့ပေးနေရလို့ သံဖြူဇရပ်မှာ ရေရရှိရေး အခက်အခဲရှိမှာတောင် စိုးရိမ်နေရတယ်။ မိုးရွာမယ့်အခြေအနေလည်း မတွေ့ရသေးဘူး"ဟု မုဒိတာနလုံးသား ရေလှူအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။



သံဖြူဇရပ်မြို့နယ်အတွင်း ကျေးရွာအများအပြားတွင် ရေရှားပါးပြတ်လပ်နေသည့်အတွက် မြို့နယ်အတွင်းရှိ စေတနာရှင် အလှူရှင်များ လူမှုရေးအဖွဲ့များက သောက်သုံးရေများကို နေ့စဉ်နေ့တိုင်း ဖြန့်ဝေပေးနေရကြောင်း၊ ရေပေးဝေလှူဒါန်းရာတွင် အလှူရှင်အဖွဲ့များက ရေတင်ယာဉ် ၂၅ စီးခန့်ဖြင့် ဖြန့်ဝေပေးလျက်ရှိပြီး မီးသတ်ဦးစီးဌာနမှ ယာဉ်နှင့် ပငကျေးရွာမှ မီးသတ်ယာဉ်တို့ဖြင့်လည်း ရေသယ်ယူပေး၍ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ပြည်သူ့ဝန်ဆောင်မှုရှေးရှုသော ရဲလုပ်ငန်းစီမံချက်ရှင်းလင်း

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ ရက် ၁၀၀ စီမံချက်ဆောင်ရွက်ရန်အတွက် ရှင်းလင်းပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ မေ ၉ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဇော်မိုးသန်းက ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်း(Service Oriented Policing)နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးအတွက် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်စီမံချက်များကို ဆက်လက်ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှင်းလင်းပွဲတက်ရောက်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်များမှ ခရိုင်နှင့် မြို့နယ်ရဲအရာရှိများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# အသက်မွေးဝမ်းကျောင်းနှင့် ဗဟုသုတပညာရပ်များ စီမံခန့်ခွဲမှုသင်တန်း ထားဝယ်မြို့၌ဖွင့်လှစ်

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ ပြည်သူများ အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အကူဖြစ်စေမည့် အသက်မွေးဝမ်းကျောင်းနှင့် ဗဟုသုတပညာရပ်များဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို ထိုင်းနိုင်ငံ Kanchanaburi Provincial Centre of Skills Development က ကြီးမှူး၍ ကျောက်မော်ရပ် မြို့မယဉ်ငေးသာသနာ့ရိပ်သာ၌ မေ ၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းကိုယ်စား ဦးယုနိုင်က အမှာစကားပြောကြားပြီး Kanchanaburi Provincial Centre of Skills Development အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းနှင့် ဗဟုသုတပညာရပ်များဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းတွင် မိုက်ခရိုကွန်ပျူတာသင်တန်းနှင့် မော်တော်ဆိုင်ကယ်ပြင် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၁၈ ရက်အထိဖြစ်ကာ သင်တန်းသား ၄၀ တက်ရောက်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**






# ဆောမြို့တွင် စာပေဟောပြောပွဲကျင်းပ

**ဆော မေ ၁၁**

ဂန့်ဂေါခရိုင် ဆောမြို့၏ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် သုတပညာစုပေါင်းရှာအဖွဲ့က ကြီးမှူး၍ စာပေဟောပြောပွဲများကို မေ ၇ ရက်နှင့် ၈ ရက်က ကျင်းပခဲ့သည်။

မေ ၇ ရက်ညက ဆောမြို့ ရှင်မာလဲမြတ်စွာဘုရားအနီးရှိ ကွင်းပြင်၌လည်းကောင်း၊ မေ ၈ ရက်တွင် လောင်းရှည်မြို့ အားကစားကွင်း၌လည်းကောင်း ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါစာပေဟောပြောပွဲများတွင် ဆရာမောင်ကြင်(သစ်ယာကောက်)၊ ဆရာမ မသီတာ(စမ်းချောင်း)၊ ဆရာဗေလုဝ၊ မင်းကိုနိုင်၊ ဆရာဇော်ခိုင်ဦးတို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ စာပေဟောပြောပွဲနှင့်အတူ ရန်ကုန်မြို့ မျိုးဆက်သစ်စာပေကလည်း စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းပို့ချ

**မင်းလှ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ဖွင့်လှစ်ပို့ချသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများမှ အချိန်ဇယားအလိုက် သင်တန်းဆက်လက်ပို့ချသည်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၆၆ ဦး၊ စာရေးဝန်ထမ်း ၆၀ တက်ရောက်သင်ကြားပြီး သင်တန်းကို မေ ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

*စာမျက်နှာ ၁၆ မှ*

ခိုင်လုံသောအထောက်အထားများအရ မြန်မာနိုင်ငံ၏သမိုင်းတွင် အများဆုံးကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်မှာ ငလျင်ဖြစ်သည်ကို သိရှိထားကြရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ သဘာဝအတားအဆီးများသည် အခြားသော သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်တိုင် ငလျင်၏ထိုးနှက်မှုများကိုမူ ခါးစည်းခံခဲ့ကြရကြောင်း အတိတ်ဖြစ်ရပ်များစွာတို့က သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လှုပ်ခဲ့ဖူးသော မြေငလျင်ပေါင်းများစွာတို့သည် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားအားလုံးတို့ကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြရန် သတိပေးထောက်ပြလျက်ရှိနေကြသည်။ မြန်မာနိုင်ငံတွင်လှုပ်ခဲ့သော ငလျင်အကြိမ်ရေများစွာအနက် ထူးထူးခြားခြားပျက်စီး ဆုံးရှုံးမှုများပြားခဲ့သည့် ငလျင်အချို့ကို လေ့လာသုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။ ၁၇၆၂ ခုနှစ် ဧပြီ ၂ ရက်က ရခိုင်ပြည်နယ်၌လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိသည့် ငလျင်ကြီးသည် ရခိုင်ကမ်းခြေ ကုန်းမြေအစိတ်အပိုင်းအချို့ကို ပင်လယ်ရေအောက်သို့ ရောက်ရှိသွားစေခဲ့သည်။

၁၈၃၉ ခုနှစ် မတ် ၂၃ ရက်က အင်းဝ၌လှုပ်ခတ်ခဲ့သော မာကယ်လီစကေးအဆင့် ၉ ရှိ ငလျင်ကြီးသည် လူပေါင်း ၃၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ အမရပူရတစ်မြို့လုံးကို ပျက်သုဉ်းစေခဲ့ပြီး ဧရာဝတီမြစ်ရေကိုပင် ခေတ္တခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့သည်။

၁၈၅၈ ခုနှစ် ဩဂုတ် ၂၄ ရက်က ပြည်မြို့၌လှုပ်ခဲ့သည့် မာကယ်လီစကေး အဆင့် ၈ ရှိသည့် ငလျင်ကြီးသည် အဆောက်အအုံများစွာကိုဖျက်ဆီးခဲ့ပြီး စေတီတော်အချို့ကို မြေခစေခဲ့သည်။ ဧရာဝတီမြစ်ရေကို တစ်ခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့ပြီး မြစ်အောက်ကြမ်းပြင်များကိုလည်း အပေါ်သို့ ကြွတက်လာစေခဲ့သည်။

၁၉၃၀ ပြည့်နှစ် မေ ၅ ရက်က ပဲခူးမြို့၌လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၁၀ ရှိသည့် ငလျင်ကြီးသည် ပဲခူးတစ်မြို့လုံးကို သုသာန်တစ်စပြင်ကဲ့သို့ ဖြစ်သွားစေခဲ့သည်။ အဆောက်အအုံအားလုံးနီးပါးကို ပြိုကျစေခဲ့ပြီး လူပေါင်း ၅၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးစေတီတော်မြတ်ဖြစ်သည့် ရွှေမော်ဓောစေတီတော်ကို ပြိုကျစေခဲ့ပြီး စိန်ဖူးတော်ကို မြေခစေခဲ့သည်။

၁၉၃၂ ခုနှစ် မေ ၂၃ ရက်က ပြင်ဦးလွင်၌လှုပ်ခဲ့သော ငလျင်ကြီးသည် ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်အကြားရှိ တောင်အများအပြားကို ပြိုကျသွားစေခဲ့သည်။ ထိုအင်အားပြင်းငလျင်ကြီးသည် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မိတ္ထီလာ၊ မကွေးစသောမြို့များကိုပါ တုန်ခါသွားစေခဲ့သလို ထိုင်းနိုင်ငံမြောက်ပိုင်းအထိပင် တုန်ခါမှုများကို သက်ရောက်သွားစေခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဩဂုတ် ၂၃ ရက်က ပူတာအို၌လှုပ်ခဲ့သော ငလျင်ကြီးသည် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတို့ကို တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းသွားစေခဲ့သည်။ ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်က စစ်ကိုင်း၌လှုပ်ခဲ့သော မာကယ်လီစကေး အဆင့် ၉ ရှိသည့် ငလျင်ကြီးသည် မန္တလေးမြို့ပေါ်ရှိ အဆောက်အအုံဟောင်းများကို ပြိုကျစေခဲ့ပြီး လူ ၅၀ နီးပါးကို အသက်ဆုံးရှုံးသွားစေခဲ့သည်။ အဆိုပါ အင်အားပြင်းငလျင်ကြီးသည် စစ်ကိုင်းတံတားကြီးကိုပါ နေရာအနည်းငယ် ရွေ့သွားစေခဲ့သည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့၌လှုပ်ခဲ့သည့် မာကယ်လီစကေး အဆင့် ၇ ခန့်ရှိ ငလျင်သည် တိုက်တာအဆောက်အအုံ ၆၀ ကျော်ကို ကွဲအက်သွားစေပြီး လူလေးဦးကို ဒဏ်ရာရရှိစေခဲ့သည်။ ကမ္ဘာ့အထင်ရှားဆုံး စေတီတော်မြတ်ဖြစ်သည့် ရွှေတိဂုံစေတီ၏ စိန်ဖူးတော်ကိုပါ ယိုင်နဲ့သွားစေခဲ့သည်။ လူအသေအပျောက်မရှိသော်လည်း ထူးခြားသည့်အချက်မှာ ထိုငလျင်မတိုင်မီ အကြိုငလျင်ငယ်များနှင့် နောက်ဆက်တွဲငလျင်ငယ်များ အကြိမ်ရေများစွာ လှုပ်ခဲ့ခြင်းပင်ဖြစ်သည်။

၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်က ပုဂံညောင်ဦးဒေသ၌လှုပ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည့် ငလျင်သည် လူနှစ်ဦးမျှကိုသာ အသက်ဆုံးရှုံးစေခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သည့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် စေတီပုထိုးများကို မြေခစေခဲ့သည့်အတွက် ကမ္ဘာကျော်လူသိများသော ငလျင်တစ်ခုဖြစ်ခဲ့သည်။ အဆိုပါငလျင်သည် ဧရာဝတီမြစ်ရေစီးဆင်းနေမှုကို ခေတ္တတုံ့ဆိုင်းသွားစေခဲ့ပြီး မင်းဘူး ရွှံ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းမကြီးကို နှစ်ပေခန့် မြင့်တက်သွားစေခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကြိမ်ပေါင်းများစွာလှုပ်ခဲ့သော ငလျင်များကြောင့် ငလျင်ဇုန်ရပ်ဝန်းများလည်း အများအပြားပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသ ငလျင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင် ငလျင်ဇုန်ရပ်ဝန်း စသည်ဖြင့် ဖြစ်ပေါ်လာခဲ့ပြီး ငလျင်ဇုန်ရပ်ဝန်း တစ်ခုချင်းစီ၏အတွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအများအပြား ပါဝင်လျက်ရှိနေကြသည်။

ငလျင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခုဖြစ်သည့်အတွက် ငလျင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်အသွယ်သွယ်တို့ကို အတတ်နိုင်ဆုံး လျော့ပါးသက်သာအောင် ကြိုတင်စီမံ ဆောင်ရွက်ကြရမည်သာဖြစ်သည်။ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော အရည်အသွေးနိမ့် အဆောက်အအုံများနှင့် တံတားများ၊ ဓာတ်ပြုပေါက်ကွဲစေနိုင်သော ဓာတုပစ္စည်းသိုလှောင်ရုံများ၊ ဓာတ်ဆီဆိုင်များ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ၊ စနစ်တကျ ဆောက်လုပ်တပ်ဆင်ထားခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် ဓာတ်အားခွဲရုံများ စသည်တို့သည် ငလျင်ဘေးနှင့် ကြုံတွေ့ရသည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေနိုင်သောအရာများ ဖြစ်ကြသည်။

သို့ဖြစ်၍ အင်အားပြင်းငလျင်များ၏ဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသော အဆောက်အအုံများကို ခေတ်သစ်နည်းပညာများဖြင့် ဆောက်လုပ်နေထိုင်ခြင်း၊ ဓာတ်ဆီဆိုင်နှင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို လူနေအိမ်များနှင့် အလှမ်းဝေးရာ၌သာ ဖွင့်လှစ်ရောင်းချစေခြင်း၊ ဓာတုပစ္စည်းသိုလှောင်ရုံများကို လူနေရပ်ကွက်နှင့်ဝေးရာ၌သာ ထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် ထရန်စဖော်မာများ စသည်တို့ကို ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျ တွက်ချက်တည်ဆောက် တပ်ဆင်ထားခြင်း၊ ငလျင်ဘေးကျရောက်သည့်အခါ လုပ်ဆောင်ရမည့် နည်းလမ်းများကို အများသူငါတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုတင်နှိုးဆော်သတိပေးထားခြင်း၊ ငလျင်၏ သဘောသဘာဝများကို ကောင်းစွာသိရှိအောင် ပညာပေးပို့ချခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်တန်းပေးထားခြင်း စသည်တို့သည် ငလျင်ဘေးကြုံရသည့်အခါ ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးရမှုများကို များစွာလျှော့ချပေးနိုင်မည့် နည်းလမ်းကောင်းများပင် ဖြစ်ကြပေသည်။ ။

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ကျောက်ပန်းတောင်း မေ ၁၁**

ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ တောင်သူလယ်သမားများ အနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်နိုင်စေရန် ရည်ရွယ်၍ တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆-၂၀၁၇)ကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၈၂)စက်မှုလယ်ယာစခန်း၌ မေ ၉ ရက်က စတင်ဖွင့်လှစ်ထားကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမျိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးစိုးလွင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ စတင်တာဝန်ယူသည့် ရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ရန်လမ်းညွှန်ချက်အရ စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)မှ ပြည်သူအကျိုးပြုသင်တန်းများကို ရက် ၁၀၀ အတွင်းဖွင့်လှစ်ရန် ညွှန်ကြားခဲ့သဖြင့် ယခုသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလ ၁၂ ရက်တာကာလအတွင်း တောင်သူများ သိသင့်သိထိုက်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ကိုင်တွယ်မောင်းနှင်မှုနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်က သင်တန်းတက်ရောက်လာကြသည့် တောင်သူများ အနေဖြင့် ရာသီဥတုပူပြင်းသောကာလဖြစ်သော်လည်း သင်တန်းကာလအတွင်း အချိန်ကိုတန်ဖိုးရှိအောင် အကျိုးရှိရှိ အသုံးချ၍ သင်ကြားပို့ချပေးသည့် စက်ကိရိယာများ ထိန်းသိမ်းနည်း၊ မောင်းနှင်နည်း ပညာရပ်များကို လေ့လာသင်ယူသွားကြစေလိုကြောင်းနှင့် မိမိတို့ကျေးရွာများသို့ ပြန်လည်ရောက်ရှိရာတွင်လည်း လုပ်ငန်းခွင်များတွင် မိမိတို့သင်တန်းအတွေ့အကြုံများကို နီးစပ်ရာဆွေမျိုးမိတ်ဆွေများအား လက်ဆင့်ကမ်း မျှဝေပေးသွားကြစေလိုကြောင်း မှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားစုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၉ ရက်မှ ၂၀ ရက်အထိ ၁၂ ရက် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ ညောင်ဦးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**နေအောင်(iprd)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရေစကြို မေ ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း လေဘေးသင့်ခဲ့သောကျေးရွာများရှိ အိမ်ထောင်စုများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)မှ လှူဒါန်းသော သွပ်များနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လှူဒါန်းသော အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ပွဲကို ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၉ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြထွေးက ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများကို လေဘေးသင့်ပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**ဇန်းမောက် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ခရိုင်စားသုံးသူရေးရာဦးစီးဌာနကကြီးမှူး၍ မေ ၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇန်းမောက်မြို့နယ်ပညာရေးမှူး ဒေါ်တင်ပုက အမှာစကားပြောကြားပြီး ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်အုံးနှင့် ဦးစီးမှူး ဦးသန်းထွန်းတို့က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်း၊ စားသုံးသူများ ရရှိသင့်သော အခွင့်အရေးများ၊ ကုန်ပစ္စည်းများဝယ်ယူရာတွင် စားသုံးသူများ သတိပြုရမည့်အချက်များ၊ စားသုံးသူအား ထိခိုက်နစ်နာစေနိုင်သည့် အန္တရာယ်ရှိသော စား



သောက်ကုန်ပစ္စည်းများအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် ဆောင်ရွက်ပေးနေသော လုပ်ငန်းများအကြောင်းတို့ကို ဆရာ ဆရာမများအား ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။

ကျောင်းသား ကျောင်းသူ ကလေးငယ်များအနေဖြင့် စားသုံးရန်မသင့်သော အစားအစာများကို ဝယ်ယူစားသောက်ခြင်း မပြုမိအောင် ဆရာ ဆရာမများက လမ်းညွှန်နိုင်စေရန်ရည်ရွယ်၍ ဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲသို့ ဇန်းမောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ခဲ့သည်။ ဟောပြောပွဲအပြီးတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ဇန်းမောက်မြို့နယ် မြနန္ဒာရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ အောင်သာကုန်းကျေးရွာအုပ်စု၌လည်းကောင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# နွေစပါးစံကွက်ရိတ်သိမ်းမှုမှ ၁၆၇ တင်းနှုန်းထွက်ရှိ



**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စုရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ဧက စံကွက်ကို မေ ၆ ရက်က ရိတ်သိမ်းခဲ့ရာ စပါးအစိုတစ်ဧက ၁၆၇ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# အမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်ရန် ဆွေးနွေး

**ဝါးခယ်မ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်လုပ်ငန်းများမှ အဓိကလုပ်ငန်းတစ်ခုဖြစ်သည့် အမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ဝါးခယ်မမြို့နယ်အသင်းရုံး၌ မေ ၉ ရက်က တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးက အမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် လက်ရှိဆောင်ရွက်မှုအခြေနေများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နယ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သန့်ရှင်းရေးဆောင်ရွက်မည့်လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် ဆွေးနွေးခဲ့ကြသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# ရေရှားပါးနေသောကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**ကျောင်းကုန်း မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်နေသော လူသန့်ချောင်ကျေးရွာအုပ်စု မရမ်းကုန်းကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေလပထမပတ်အတွင်းက သွားရောက်လှူဒါန်းခဲ့သည်။

ရေဂါလန် ၄၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝန်း သောက်သုံးရေ အခက်တွေ့လျက်ရှိရာတွင် ကျောင်းကုန်းမြို့လည်း အပါအဝင်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လိုက်လံလှူဒါန်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မျိုးစေ့ဘဏ်စနစ်ဖြင့် မျိုးသန့်ပြန့်ပွားအောင်ဆောင်ရွက်ခြင်း ပညာပေးဆွေးနွေး

**မြိုင် မေ ၁၁**

ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနကောင်စီ (The Australian Centre for International Agricultural Research-ACIAR)အထောက်အပံ့ဖြင့် ရရှိခဲ့သော ပဲစင်းငုံ မျိုးကောင်းမျိုးသန့်များကို တောင်သူများလက်သို့ စိုက်ချိန်အမီ ဖြန့်ဖြူးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမွန်အိ၊ လက်ထောက်ဦးစီးမှူး ဦးမောင်မောင်ဦးနှင့် ဝန်ထမ်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသူများအဖွဲ့က သင်းမကျေးရွာသို့ မေ ၉ ရက်က သွားရောက်ခဲ့ပြီး တောင်သူများနှင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒုတိယဦးစီးမှူးက တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးတွင် အားနည်းလျက်ရှိသည့်အတွက် တောင်သူအများစုသည် စားသုံးရန်ထုတ်လုပ်သောသီးနှံ (Grain)များကို မျိုးအဖြစ် အသုံးပြုလျက်ရှိကြောင်း၊ ပဲစင်းငုံစိုက်ပျိုးရာတွင် ထွက်ရှိလာသောသီးနှံများ အရည်အသွေးမြင့်မားလာရေး၊ ပြည်ပဈေးကွက်ရရှိရေးအတွက် သန့်စင်သော မျိုးစေ့များ (Purified Seed) ကို အသုံးပြုစိုက်ပျိုးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မျိုးသန့်ပြန့်ပွားရေးအတွက် မျိုးစေ့အငှားစနစ်(မျိုးစေ့ဘဏ်စနစ်)ဖြင့် ဖြန့်ဖြူးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မျိုးသန့်ဆက်လက်ပြန့်ပွားရေးအတွက် မျိုးကွဲပယ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများက နားလည်လက်ခံကာ မျိုးစေ့အငှားစနစ်ဖြင့် မျိုးသန့်ငှားခြင်းဆောင်ရွက်ရန် သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

**အောင်ကျော်မြင့်**



# သက်ငယ်ပန်းချီဆရာလေးများ၏ ပန်းချီများပြသ

**မန္တလေး မေ ၁၁**

မျိုးဆက်သစ် သက်ငယ်ပန်းချီဆရာလေးများ၏ ပန်းချီပြပွဲဖွင့်ပွဲကို မေ ၉ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ပန်းချီပြခန်း၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ပန်းချီဆရာကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပန်းချီဆရာကြီး ဦးခင်မောင်စန်းက ပြပွဲဖွင့်လှစ်ပြသရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ ဒီကလေးတွေ အရွယ်မှာ ဒါတွေ မသိတတ်သေးဘူး။ ဒီပန်းချီဆရာလေးတွေ တော်ကြပါတယ်။ ပန်းချီ အနုပညာကို စိတ်ဝင်စားပြီး အရောင်တွေ ခွဲခြားနိုင်တာကိုလည်း တွေ့ရတယ်။ ဒါကြောင့်လည်း ခုနှစ်ယောက်နဲ့ ပန်းချီကား ၁၁၀ ကျော်ပါတဲ့ ပြပွဲလုပ်နိုင်တာပါ။ ဒီလိုပွဲ မျိုးတွေ မကြာခဏ ပြုလုပ်သင့်ပါတယ်" ဟု ဆရာကြီး ဦးဇော်ဝင်းက ပြော သည်။

အဆိုပါပန်းချီပြပွဲတွင် သက်ငယ်ပန်းချီဆရာလေးများရေးဆွဲထားသော ရေဆေး၊ အခရိုင်းလစ်ပန်းချီကား ၁၁၀ ကို ပြသထားပြီး မေ ၉ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါပန်းချီပြခန်း၌ မေ ၂၈ ရက်တွင် ကလေးပန်းချီဆရာ ၃၀ ကျော်၏ ပန်းချီကား ၁၅၀ ကျော်ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရက် ၁၀၀ စီမံကိန်းရန်ပုံငွေဖြင့် ချောင်းကူးတံတား တည်ဆောက်ပြီးစီး

**ကန်ကြီးထောင့် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရေတွင်းကုန်းလေးကျေးရွာ ကျုံလမုချောင်းကူးတံတား အရှည်ပေ ၂၀၀ ကို ကျေးရွာပြည်သူများမှ ကိုယ့်အားကိုယ်ကိုး၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်း ၂၀၀ ဖြင့် ကွန်ကရစ်ပိုင်တိုင်စိုက်ထူခြင်းလုပ်ငန်းတွင် ရပ်သွားသဖြင့် ၂၀၁၄-၂၀၁၅ ကျေးလက်ဦးစီးဌာနမှ ရန်ပုံငွေကျပ်သိန်း ၅၀၊ လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၂၀၊ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ်သိန်း ၅၀ ထောက်ပံ့မှုဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ တိုင်၊ ရက်မများထိ ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်သော်လည်း ကွန်ကရစ်ကြမ်းခင်းရန် လိုအပ်ငွေ ကျပ်သိန်း ၇၇ ဒသမ ၆၀ ကို ကျေးလက်ဦးစီးဌာနမှ ပထမရက် ၁၀၀ စီမံကိန်းရန်ပုံငွေ ထောက်ပံ့မှုဖြင့် လုပ်ငန်းဆက်လက်အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေကို ခရိုင်ကျေးလက်ဦးစီးမှူး ဦးစတင့်ဝေ ကွင်းဆင်း၍ ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးထိန်းသိမ်းရမည့် နည်းလမ်းများကို ကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းပြီး စုစုပေါင်းတံတားကုန်ကျငွေ ၃၇၉ ဒသမ ၆ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်တွင် သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ရေလှူဒါန်း

**နတ်တလင်း မေ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် လဲတောကျေးရွာအုပ်စုသို့ မေ ၁၀ ရက် နံနက်ပိုင်းက လဲတောရွာ၊ ညောင်ပင်ကုန်းရွာ၊ ဌက်ကုန်းရွာများတွင် သောက်သုံးရေအခက်အခဲမရှိစေရန် သာသနပါလကျောင်းတိုက် ဆရာတော် ဦးခေမိန္ဒ ဦးဆောင်၍ မြို့နယ် မီးသတ်ယာဉ်နှစ်စီး၊ ကိုယ့်အားကိုယ့်ကိုး မီးသတ်ယာဉ်တစ်စီး၊ ရေသန့်ဘူးကြီး ၃၀၀ စုစုပေါင်းရေဂါလန် ၅၆၀၀ ကို အိမ်ခြေ ၁၆၅ အိမ် လူဦးရေ ၃၃၅ ဦးတို့ကို ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(ဝ၆၂)



# ဇီးကိုင်းတောင်စေတီ တည်ဆောက်ပြီးစီး ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကျင်းပ

**တောင်ကုတ် မေ ၁၁**

တောင်ကုတ်မြို့နယ် နတ်မောက်ကျေးရွာတွင် ၂၀၁၅ ခုနှစ်က မိုးသည်းထန်စွာရွာသွန်း၍ တောင်မြေများ ပြိုကျသဖြင့် ရှေးဟောင်းသမိုင်းဝင် ဇီးကိုင်းတောင်စေတီတော်မြတ်ကြီး ပျက်စီးယိုယွင်းခဲ့၍ အလိုတော်ပြည့်ဆရာတော် ဒေါက်တာဘဒ္ဒန္တအရိယဝံသ ဩဝါဒကိုခံယူကာ နေလသစွာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျောက်တောင် ဦးစီး၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ဉာဏ်တော် ၅၄ ပေရှိ စေတီတော်မြတ်ကြီးအား ငွေကျပ် သိန်း ၇၀၀ ကျော် အကုန်ကျခံကာ တည်ထားပြီးစီး၍ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မေ ၄ ရက်က အဆိုပါ ဘုရားရင်ပြင်ပေါ်၌ ကျင်းပခဲ့သည်။

ရွှေထီးတော်တင်လှူပွဲသို့ ကြွရောက်လာကြသော ဧည့်ပရိသတ်များကို စတုဒိသာထမင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း မေ ၃ ရက်မှ ၆ ရက် ညပိုင်းတွင် ရွှေမန်းချမ်းသာဇာတ်သဘင်ဖြင့် ဖျော်ဖြေ၍ နေ့ပိုင်းတွင် ရခိုင်ရိုးရာ ကျင်ကိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရက် ၁၀၀ အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကြံခင်း မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်း ခြောက်ခုနှင့် ကျေးရွာချင်းဆက်တံတားနှစ်စင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ မေလပထမပတ်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မီမီခိုင်နှင့် ဝန်ထမ်းများက ခုံကြီးအုပ်စု ကျော်ငုံကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော ရေရရှိရေး ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခဲ့ရာ ပိုက်လိုင်းသွယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိနေပြီး လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် သန်း ၅ ဒသမ ၀၀ ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၄ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ကာတွန်းပြိုင်ပွဲ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ပန်းချီပြိုင်ပွဲတို့ကို လသာမြို့နယ် အထက(၂)မြည်လာခန်းမ၌ လည်းကောင်း၊ ဇွန် ၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဗဟန်းမြို့နယ် ရွှေတောင်ကြားရှိ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်နှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ပိုစတာပြိုင်ပွဲကို လသာမြို့နယ် အထက(၂) မြည်လာခန်းမ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းဘေးရှိ ရုံးခန်း၌ အခမဲ့ ထုတ်ပေးလျက်ရှိပြီး ဖြည့်စွက်ပုံစံကို ဇွန် ၃ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရသောကျေးရွာများသို့ ကော့သောင်းမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ NLD လူငယ်များအဖွဲ့တို့ စုပေါင်း၍ မေ ၉ ရက်က ပါချန်မြစ်ကမ်းတစ်လျှောက် ရွာများကို သောက်ရေသန့်နှင့် သုံးရေများ လှူဒါန်းစဉ်

**(တိုင်းဒေသကြီး ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မုန်တိုင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ပေါင် မေ ၁၁**

မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ပေါင်မြို့နယ်အတွင်းမှ ပင်လယ်ကမ်းခြေကျေးရွာဖြစ်သော အလုပ်ကျေးရွာ အထက (ခွဲ)ကျောင်း အစည်းအဝေးခန်းမ၌ မေ ၉ ရက်က ကျင်းပခဲ့သည်။

"အလုပ်ကျေးရွာက မွန်ပြည်နယ်မှာ ပင်လယ်ကမ်းခြေနဲ့ အနီးစပ်ဆုံးကျေးရွာဖြစ်တယ်။ မိုးရာသီကာလမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မုန်တိုင်းဘေးအန္တရာယ် ကျရောက်နိုင်တဲ့ရွာဖြစ်တယ်။ ဒါကြောင့် ဒီကျေးရွာမှာ ဘေးအန္တရာယ်နဲ့ပတ်သက်ပြီး အသက်အန္တရာယ်မရှိအောင် အချိန်မီရွှေ့ပြောင်းနိုင်အောင် ဒီဟောပြောပွဲနဲ့ သရုပ်ပြပွဲပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

"ဒီနေ့ကတော့ အကြိုသိရှိအောင် ဆွေးနွေးဟောပြောပွဲ လုပ်တယ်။ မနက်ဖြန် မေ ၁၀ ရက်မှ လက်တွေ့သရုပ်ပြမယ်။ ကျွန်တော်တို့က ဖွဲ့စည်းထားတဲ့ (စီမံချက်)အတိုင်း သတင်းပေးမယ်။ အရေးပေါ်အခြေအနေသတ်မှတ်မယ်။ သူတို့ရဲ့နေအိမ်ကနေမှ သတ်မှတ်ထားတဲ့ အလုပ်ကျေးရွာ မြေလွတ်နေရာဖြစ်တဲ့ စာသင်ကျောင်းကို ရွှေ့ပြောင်းမယ်။ သက်ကြီးရွယ်အိုတွေ ကလေးသူငယ်တွေ မသန်စွမ်းတဲ့လူတွေ ကိုယ်ဝန်ဆောင်မိခင်တွေကို ရွှေ့ပြောင်းတဲ့အခါ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တွေနဲ့ အသုံးပြုမယ်။ သာမန်လူတွေကတော့ သူဟာသူ စခန်းကို အပြေးလာမယ်။ ဒါက မနက်ဖြန် ကျွန်တော်တို့လုပ်မယ့် သရုပ်ပြကွက်တွေပါ"ဟု ဟောပြောပွဲအပြီး နောက်တစ်ရက်တွင် ဆက်လက်ပြုလုပ်သွားမည့် သရုပ်ပြမှုများနှင့်ပတ်သက်၍လည်း ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းရွှေနှင့် ဆွစ်ဇာလန်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ(SDC)မှ မွန်ပြည်နယ်တာဝန်ခံ ဦးထက်ဝေဇင်တို့က မုန်တိုင်းဘေးအန္တရာယ် ကြုံတွေ့ပါက စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲနှင့် ရဲတပ်ဖွဲ့မှ သောက်ရေသန့်လှူဒါန်း

**ညောင်လေးပင် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့ကြီးမှူး၏ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောပွဲကို ညောင်လေးပင်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု အောင်ကြီးကျေးရွာ စာသင်ကျောင်း၌ မေ ၉ ရက်က ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးက မူခင်းကျဆင်းရေးဆိုင်ရာများကိုလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများနှင့် စည်းကမ်းလိုက်နာရေးကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးနှင့် ညောင်လေးပင်မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဇော်တို့ ဦးဆောင်၍ ပွင့်တန်ဆာ၊ ပိန်းဇလုပ်၊ မဒေါက်နှင့် ညောင်လေးပင် နယ်မြေရဲစခန်းများမှ ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များက ရာသီဥတုပူပြင်း၍ သောက်သုံးရေ ရှားပါးပြတ်လပ်နေသော အောင်ကြီးကျေးရွာမှ ပြည်သူများအတွက် သောက်ရေသန့် ဂါလန် ၂၀၀၀ ကို လှူဒါန်းခဲ့သည်။

အောင်ကြီးကျေးရွာ၌ ယခင်က ရေကန်ကြီးနှစ်ကန်နှင့် ရေတုံကင်များမှ ရေကို အသုံးပြုခဲ့ရာမှ ယခုနှစ်တွင် ကန်ရေများခန်းခြောက်လာပြီး သောက်သုံးရေ ရှားပါးလာခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မြို့နယ်ရဲတပ်ဖွဲ့က သောက်ရေသန့်များ လာရောက်လှူဒါန်းပေးသဖြင့် ကျေးရွာနေပြည်သူများအတွက် များစွာအဆင်ပြေစေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**နေလင်း(ညောင်လေးပင်)**

# ဘားအံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်

**ဘားအံ မေ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း၌ ကျေးရွာချင်း ဆက်သွယ်သွားလာနိုင်သော မြေသားလမ်းများ၊ ရေပွန်နှင့် ကတ္တရာလမ်းများကို ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်ဖြင့် ရက် ၁၀၀ ကာလအတွင်း အကောင်အထည်ဖော်ပြီးစီးရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းလုပ်ငန်းများအနေဖြင့် မြို့နယ်အတွင်းရှိ သိုက်တော-လှကဗိုင်း မြေသားလမ်း အရှည် ၁ မိုင် ၁ ဖာလုံနှင့် အဆိုပါလမ်းပေါ်ရှိ ပေ ၂၀ ရေပွန်တံစင်၊ တောင်ကလေး-ကော့ထော်ကတ္တရာလမ်း အရှည်တစ်မိုင်၊ ဘားကပ်ကျေးရွာအုပ်စုနှင့် ရသေ့ပျံကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ဘားကပ်-တောကြီးကုန်း-ရေတွင်းကုန်း-နတ်စင်ကုန်း ကျေးရွာချင်းဆက် မြေသားလမ်း အရှည် ၄ မိုင် ၄ ဖာလုံ မြေသားအမာခံခင်းခြင်းတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ရက် ၁၀၀ စီမံချက်အရ သံလွင်တံတားအနီးမှစတင်၍ ကတ္တရာလမ်း တစ်မိုင်ခင်းခြင်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်ရာနေရာများသို့ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဦး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းတို့က မေ ၉ ရက်က ကွင်းဆင်းကြည့်ရှုကာ လုပ်ငန်းများကို ရက် ၁၀၀ ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် စစ်ဆေးခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# နှမ်းစိုက်ခင်းများအောင်မြင်၍ နှမ်းအထွက်နှုန်းကောင်းရန် တောင်သူများမျှော်လင့်နေ

**စဉ့်ကိုင် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းမှ စိုက်ပျိုးရေလုံလောက်စွာမရသော ဒေသများတွင် တောင်သူများအနေဖြင့် ရေလိုအပ်ချက်နည်းသော နှမ်းများကိုစိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် အထွက်နှုန်းကောင်းရန် တောင်သူများက မျှော်လင့်နေကြသည်။

စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ် ဧပြီလကုန်နှင့် မေလဆန်းအတွင်း မိုးသီးများကြွေခြင်း လေပြင်းတိုက်ခတ်ခြင်းများကြောင့် လူနေအိမ်များ ပျက်စီးခဲ့သော်လည်း နှမ်းခင်းများအတွက်မူ လိုအပ်သောမိုးရေ ရရှိခဲ့သဖြင့် နှမ်းစိုက်ခင်းများ အထူးအောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ ယခုနှစ် မုတ်သုံလေမှာလည်း မေ ၂၈ ရက်နောက်ပိုင်းမှသာ ဝင်ရောက်မည်ဖြစ်၍ ယင်းအချိန်တွင် စိုက်ခင်းများ ရိတ်သိမ်းပြီးဖြစ်သောကြောင့် မိုးကြောင့် စိုက်ခင်းများပျက်မည်ကိုလည်း စိုးရိမ်ရန်မလိုတော့ကြောင်း၊ မုတ်သုံမဝင်မီ ရာသီဥတုဖောက်ပြန်မှု မရှိပါက ယခုနှစ် နှမ်းအထွက်နှုန်းကောင်းမွန်ရန် မျှော်လင့်ထားကြောင်း တောမကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**အောင်မင်း(စဉ့်ကိုင်)**



ရေးမြို့နယ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ရန်မျိုးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ မေ ၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးမြင့်သော် ဦးစီး၍ ဆိုင်ကယ်စီးနင်းသူများကို ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းစေရန် ဆောင်ရွက်စဉ်။
နေမျိုးထွဋ်(ရေး)

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင်ပြေစေရေး တွေ့ဆုံဆွေးနွေး

**တောင်ကုတ် မေ ၁၁**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့် ဝန်ထမ်းများသည် မေလပထမပတ်က တရဆကျေးရွာသို့ သွားရောက်ပြီး ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ နွေရာသီ ရေပြတ်လပ်မှုမရှိစေရေးနှင့် မြစိမ်းရောင် ကျေးရွာရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ အဆင်ပြေစေရေး ကိစ္စရပ်များကို တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါ ကျေးရွာ၏အရှေ့ဘက် ကားလမ်းမကြီးဘေးတွင် ရေထွက်သည့်နေရာကို ကံပိုင်မဟာဝိဟာရ ကျောင်းထိုင်ဆရာတော်ကြီးက ငွေကျပ် ၃၇ သိန်းဖြင့် မြေငါးကေဝယ်ယူ၍ ကျေးရွာအတွက် လှူဒါန်းထားကြောင်း နှင့်ယင်းမြေပေါ်၌ ရေကန်တစ်ကန်တူးဖော်ပေးစေလိုကြောင်း တင်ပြခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဒီနှစ် ပရီမီယာလိဂ်ရဲ့ နှုတ်ဆက်ပွဲစဉ်တွေ




ဒီတစ်ပတ် စနေ၊ တနင်္ဂနွေမှာတော့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ် ဘောလုံးပွဲစဉ် နောက်ဆုံးပွဲတွေကို ယှဉ်ပြိုင်ရင်း နှုတ်ဆက်တော့မှာဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ချန်ပီယံအဖြစ် လက်စတာတို့ အောင်ပွဲခံသွားခဲ့ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာတိုက်ပွဲကတော့ ပြင်ထန်မှုတွေနဲ့ ယှဉ်ပြိုင်ရဦးမှာဖြစ်ပါတယ်။ ဒ့ါအပြင် ချန်ပီယံ လက်စတာနဲ့ ပရီမီယာလိဂ်ချန်ပီယံဟောင်း ချယ်လ်ဆီးတို့ရဲ့စတမ်းဖို့ဘရစ်ကွင်းမှာ တွေ့ဆုံမှုကလည်း ပရိသတ်တွေကို စူးရှတဲ့ အမှတ်တရတွေဖြစ်ပေါ်စေဦးမှာ သေချာနေပြန်ပါတယ်။

**အာဆင်နယ်နှင့် ဗီလာ**

တန်းဆင်းသွားပြီးဖြစ်တဲ့ ဗီလာဟာ ဒီပွဲမှာလည်း အားထည့်ကစားဖို့တော့ လျော့နည်းနေပါလိမ့်မယ်။ ပိုင်ရှင်အပြောင်းအလဲဖြစ်ဖို့ သေချာလုနီးပါးဖြစ်နေတဲ့ ဗီလာတို့က အာဆင်နယ်ကွင်းမှာ အမှတ်မျှော်လင့်နိုင်ဖို့ မလွယ်ပါဘူး။ အာဆင်နယ်တို့ကလည်း ဖလားလက်မဲ့ရာသီကို ဖြတ်သန်းနေရပေမယ့် ဂုဏ်သိက္ခာအတွက် ဒီပွဲကို အောင်ပွဲနဲ့အတူ နှုတ်ဆက်ဖို့ ကြိုးစားပါလိမ့်မယ်။ အာဆင်နယ်အတွက် အခက်အခဲမရှိ နိုင်ပွဲရယူပါလိမ့်မယ်။

**မန်ယူနှင့် ဘုန်းမောက်**

ပွဲတိုင်း စိုးရိမ်သောကတွေနဲ့ ဖြတ်သန်းနေရတဲ့ မန်ယူတို့လည်း အခုနောက်ဆုံးပွဲစဉ်အဖြစ် ဘုန်းမောက်ကို အနိုင်ရရှိရေးလိုအပ်နေပြန်ပါတယ်။ မန်ယူရဲ့ ကစားအားကတစ်နှစ်ပတ်လုံး လိုအပ်ချက်တွေရှိနေပြီး ရာသီကုန်ချိန်အထိ နေရာစုံမှာ အားနည်းချက်တွေရှိနေဆဲပါပဲ။ ဘုန်းမောက်တို့က အခုတလော ခြေစွမ်းတွေ ဆက်တိုက်ကျဆင်းနေပြီး အနိုင်ရလိုစိတ်ပြင်းထန်မှုလည်း ကျဆင်းနေပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ရဲ့ နောက်ဆုံးပွဲစဉ်မှာ မန်ယူအတွက် ရလဒ်ကောင်းပိုင်ဆိုင်ရဖို့ရှိနေတာ အမှန်ပါပဲ။

**ချယ်လ်ဆီးနှင့် လက်စတာ**

နှစ်သင်းစလုံး အမှတ်မလိုအပ်တော့ပေမယ့် ချန်ပီယံသစ် လက်စတာဟာ ချန်ပီယံဟောင်း ချယ်လ်ဆီးကွင်းမှာသွားကစားရမယ့်ဒီပွဲအတွက် နိုင်ပွဲရအောင် ပုံဖော်ထုဆစ်ပါလိမ့်မယ်။ ချယ်လ်ဆီးတို့က ကစားအားပြန်တက်လာပေမယ့် ချန်ပီယံဆိုတဲ့ ဂုဏ်သိက္ခာကိုမြှင့်တင်ဖို့ လက်စတာကို ကြိုးစားလာပါလိမ့်မယ်။ ဒီပွဲက စိတ်ဝင်စားစရာကောင်းပြီး ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာကလည်း စိတ်လှုပ်ရှားစရာဖြစ်နေပါတယ်။ တစ်သင်းလုံး စိတ်ဓာတ်မြင့်မားပြီး အောင်ပွဲခံစိတ်ဓာတ်တွေဆူဝေနေတဲ့ လက်စတာတို့ပဲ ဂိုးမပြတ်နိုင်ပေမယ့် ကပ်ပြီးနိုင်သွားနိုင်ပါတယ်။

**ဆွမ်ဆီးနှင့် မန်စီးတီး**

နောက်ဆုံးပွဲစဉ်အထိ တိုက်ပွဲဝင်စိတ်ဓာတ်ထားပြီးကစားနေတဲ့ မန်စီးတီးတို့လည်း ဒီပွဲမှာ အမှတ်ပြည့်ရရှိရေး အမြင့်ဆုံးစွမ်းဆောင်မှုတွေနဲ့ အားထည့်ကစားရပါဦးမယ်။ ဆွမ်ဆီးတို့ကလည်း အသင်းကြီးတွေနဲ့ရင်ဆိုင်တိုင်း ကစားအားမချတမ်း အားထုတ်နိုင်တာမို့ မန်စီးတီးက အနိမ့်ဆုံးတစ်မှတ်ရယူနိုင်အောင် ကြိုးစားလာပါလိမ့်မယ်။ ဒီပွဲမှာ နှစ်သင်းစလုံးရလဒ်ကောင်းဖို့ ပြိုင်တူအားထုတ်မှာမို့ တစ်မှတ်စီခွဲယူကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ဝက်စ်ဘရွန်းနှင့် လီဗာပူး**

ရာသီကုန်ပွဲစဉ်တွေမှာ ခြေစွမ်းပြနေတဲ့ လီဗာပူးအတွက်တော့ အဝေးကွင်းဆိုပေမယ့် ခြေကုန်ဖွင့်ပြီး နိုင်ပွဲနဲ့ပိတ်သိမ်းဖို့ ကြိုးစားလာပါလိမ့်မယ်။ ဝက်စဘရွန်းတို့ကလည်း အတိမ်းအစောင်းမရှိအောင် ပြင်ဆင်ညှိခံမှာမို့ လီဗာပူးတို့ မျှော်မှန်းချက်ပြည့်ဝဖို့ သိပ်တော့မလွယ်ပါဘူး။ အသင်းလိုက်ကစားအားရော တိုက်စစ်မှူးတွေရဲ့အားထုတ်မှုတွေပါကောင်းမွန်လာတဲ့ လီဗာပူးတို့ပဲ အနိုင်ယူသွားဖို့ ရာခိုင်နှုန်းများနေပါတယ်။

**နယူးကာဆယ်နှင့် စပါး**

ကစားအားပြန်ကောင်းလာတဲ့ နယူးကာဆယ်တို့အတွက် စပါးနဲ့ပွဲမှာတော့ ရုန်းကန်ရဖို့ရှိနေပါတယ်။ စပါးဟာ ဒီနှစ်ဘောလုံးရာသီမှာ ရလဒ်ကောင်းအောင် အားထုတ်နိုင်တဲ့အသင်းဖြစ်ပြီး ပွဲတိုင်းအမှတ်ရအောင် ကစားနိုင်တာမို့ အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ နယူးကာဆယ်တို့ကတော့ ရပ်တည်မှုသေချာအောင် ဒီပွဲမှာ အမှတ်ပြည့်ရယူရေးမျှော်မှန်းပေမယ့် စပါးရဲ့လက်ရှိခြေစွမ်းအရ တစ်မှတ်ရရင်ပဲ ရလဒ်ကောင်းလို့ သတ်မှတ်ရပါလိမ့်မယ်။

**ဆောက်သမ်တန်နှင့် ပဲလေ့စ်**

ပဲလေ့စ်ရဲ့လောလောဆယ်ခြေစွမ်းက အားရစရာတော့မရှိပါဘူး။ သရေပွဲ၊ ရှုံးပွဲတွေနဲ့ ဖြတ်သန်းနေရတဲ့ ပဲလေ့စ်တို့ကို ဆောက်သမ်တန်က ဒီရာသီနောက်ဆုံးပွဲမှာ အမှတ်ဗလာနဲ့ အိမ်ပြန်လွှတ်ပါလိမ့်မယ်။ ဆောက်သမ်တန်တို့ လက်ရှိခြေစွမ်းက ပုံမှန်ဖြစ်နေပြီး အိမ်ကွင်းလည်းဖြစ်တာကြောင့် ဒီပွဲမှာ အသာစီးရသွားကာ အမှတ်ပြည့်လည်း ရယူသွားနိုင်ပါတယ်။

**အဲဗာတန်နှင့် နော့ဝှစ်ချ်**

ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်ယူကို အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ နော့ဝှစ်ချ်တို့ အခုပွဲမှာလည်း အဲဗာတန်ကွင်းမှာ ပွဲမချောင်နိုင်ပါဘူး။ အဲဗာတန်တို့က အိမ်ကွင်းမှာဆိုရင် အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားနိုင်ပြီး တိုက်စစ်မှူးတွေကလည်း ပြိုင်ဘက်နောက်တန်းကို အချိန်ပြည့်ခြိမ်းခြောက်နိုင်သူတွေဖြစ်ပါတယ်။ နော့ဝှစ်ချ်ရဲ့ အသင်းလိုက်ကစားအားကောင်းပေမယ့် အဲဗာတန်ရဲ့ အိမ်ရှင်စိတ်ဓာတ်ကြောင့် သုံးမှတ်ဆိုတာ အဲဗာတန်တို့အတွက်ပဲ ဖြစ်သွားပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

## ချန်ပီယံလိဂ်ဖလားရဖို့မျှော်လင့်တဲ့ ဗာဒီ

ယခုနှစ် ပရီမီယာလိဂ်မှာ ထူးထူးခြားခြားတန်းတက်လာတဲ့လက်စတာက နာမည်ကြီးအသင်းတွေကို ကျော်ဖြတ်ပြီးတဲ့နောက် လက်စတာအသင်းရဲ့အနာဂတ်ဟာ ပရီမီယာလိဂ်ဖလားရယူဖို့အပြင် ချန်ပီယံလိဂ်ဖလားရဖို့ဖြစ်တယ်လို့ လက်စတာအသင်းကို ဂိုး တွေဆက်တိုက်သွင်းပေးခဲ့တဲ့ တိုက်စစ်မှူး ဗာဒီက ပြောဆိုလိုက်ပါတယ်။ တန်းတက်အသင်း တိုက်စစ်မှူးဗာဒီဟာ ဒီနှစ် ပရီမီယာလိဂ်မှာ စုစုပေါင်း ၂၄ ဂိုးသွင်း ယူပေးခဲ့ပြီး ပရီမီယာလိဂ်ဖလားကိုပါ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့်ရာသီမှာ ပရီမီယာလိဂ်ကို ဆက်ထိန်းဖို့နဲ့ ချန်ပီယံလိဂ်ဖလားရဖို့ မျှော်လင့်ထားပါတယ်လို့ အင်္ဂလန်တိုက်စစ်မှူး ဗာဒီက ဆိုပါတယ်။ ဗာဒီအနေနဲ့ လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ကစားဖို့ စိတ်လှုပ်ရှားနေတယ်လို့ဆိုပါတယ်။ ဂျိမ်းဗာဒီဟာ လာမယ့်ရာသီမှာ ပရီမီယာလိဂ်ချန်ပီယံနဲ့အတူ ဆက်လက်ရှိနေမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ထိပ်တန်းဂိုးသွင်းသမားဖြစ်ပေမယ့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ တစ်ပတ် ပေါင် ၇၅၀၀၀ သာ ရရှိမှာဖြစ်ပါတယ်။







## မန်ယူနည်းပြအလုပ်ကို ကာကွယ်မယ်ဆိုတဲ့ ဗန်ဟားလ်

မန်ယူအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာနဲ့ အက်ဖ်အေဖလားဆွတ်ခူးနိုင်မှုဟာ ဒီနှစ်အတွက် ကြီးမားတဲ့အောင်မြင်မှုဖြစ်တယ်လို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ ဗန်ဟားလ်အနေနဲ့ မန်ယူကနေထွက်ခွာရလိမ့်မယ်လို့ ထင်ကြေးပေးပြောဆိုနေကြပေမယ့် လက်ရှိ မန်ယူအသင်းရဲ့အောင်မြင်မှုဟာ လာမယ့်ရာသီအတွက် ဗန်ဟားလ်ကို နည်းပြဆက်လုပ်ဖို့ တွန်းအားတွေဖြစ်လာတယ်လို့ ဆိုပါတယ်။ မန်ယူအသင်းအနေနဲ့ လက်ကျန်ပွဲတွေကို အနိုင်ရအောင် ကစားသွားဖို့သေချာနေတာပါ။ အဲဒီကနေတစ်ဆင့် ချန်ပီယံလိဂ်ဝင်ခွင့်နေရာဖြစ်တဲ့ စတုတ္ထနေရာကို ဆက်ထိန်းသွားဖို့ရှိနေပါတယ်။ မန်ယူအနေနဲ့ လက်ကျန်ပွဲ နှစ်ပွဲအလိုမှာ ပဉ္စမနေရာမှာရှိပါတယ်။ မန်ယူနဲ့ မန်စီးတီးတို့က စတုတ္ထနေရာအတွက် အားပြိုင်နေတာပါ။ လာမယ့်ပွဲကျန်နှစ်ခုမှာ မန်ယူအနေနဲ့ အနိုင်ရဖွယ်ရှိနေတာကြောင့် မန်စီးတီးကိုကျော်ပြီး မန်ယူက ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ရရှိသွားနိုင်ပါတယ်။

**ကောင်းမြတ်သူ ➢ စုစည်းသည်**

## ဝက်စ်ဟမ်းက ခေါ်ယူမယ်ဆိုတဲ့ ဝေါကော့

အာဆင်နယ်အသင်းမှာ ပုံမှန်ခြေစွမ်းပြခွင့်မရဖြစ်နေတဲ့ တိုက်စစ်မှူး ဝေါကော့ကို ဝက်စ်ဟမ်းက ခေါ်ယူဖို့ကမ်းလှမ်းထားပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဝေါကော့ဟာ ပုံမှန်ကစားခွင့်ရဖို့ ရုန်းကန်ကြိုးစားနေသူဖြစ်ပါတယ်။ ဝက်စ်ဟမ်းက လာမယ့်ရာသီမတိုင်မီမှာ ဝေါကော့ကို အရခေါ်ယူသွားဖို့လိုလားနေတယ်လို့ ဆိုပါတယ်။ နည်းပြ ဆလာဗင်ဘီလစ်က ဝေါကော့ကို ခေါ်ယူဖို့စိတ်ဝင်စားနေပြီး ငွေပုံအောခေါ်ယူသွားဖွယ်ရှိနေပါတယ်။ ဝေါကော့ဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ အင်္ဂလန်အသင်းနဲ့လွဲချော်ခဲ့ပြီးနောက် ပုံမှန်ကစားခွင့်တွေလည်း ဆုံးရှုံးသွားခဲ့တာပါ။ နည်းပြ ဘီလစ်အနေနဲ့ ဆောက်သမ်တန်ကစားသမားဟောင်းဝေါကော့ရဲ့အနာဂတ်ကို မြှင့်တင်ပေးဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ ဂျီရုဒ်၊ ဆန်ချက်တို့ ခြေစွမ်းပြကောင်းမှုကြောင့် ဒီနှစ်ရာသီမှာ ခြေစွမ်းပြကစားနိုင်မှုအားနည်းခဲ့ရပါတယ်။ လူစားအဖြစ်သာ ပုံမှန်ကစားနေခဲ့ရတဲ့အတွက် ဝေါကော့ဟာ နေရာမရဖြစ်ခဲ့ရပါတယ်။




မြန်မာ့အမြန်ဆုံးကွန်ရက်..
ပိုမိုမြန်ဆန်လာပြီ
အသေးစိတ်သိရှိလိုပါက ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။
ooredoo
4G PLUS
4G PLUS
4G PLUS

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
# တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ (၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၂-၅-၂၀၁၆ ရက်မှ ၁၃-၆-၂၀၁၆ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေ ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၆-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၃၁၀၂၄ နှင့် ၀၆၇-၄၃၁၀၂၅ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**

---

## ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော ပရိဘောဂများနှင့် လျှပ်စစ်ပစ္စည်းများတို့ကို ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁၃-၅-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၂၇-၅-၂၀၁၆ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## ရေနံစိမ်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း
## စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်းကိစ္စ
## (Letter of Expression of Interest)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံမြေများမှ ထွက်ရှိလာသော ရေနံစိမ်းများကို ရေနံချဆိပ်ကမ်းအသီးသီးမှ မန်းသံပုရာကန် ရေနံချက်စက်ရုံသို့ တင်ပို့နိုင်ရန်အတွက် မြစ်တွင်းသွားရေယာဉ်/ဆီတွဲများအား ငှားရမ်း၍ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းအား ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြစ်တွင်းသွားရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အဆိုပါငှားရမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါက စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Letter of Expression of Interest)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI(Letter of Expression of Interest)တွင် တင်ပြရန် လိုအပ်သည့် အချက်အလက်များကို မြစ်တွင်းသွားရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်လိုသူများသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ရေနံထုတ်လုပ်ရေးဌာနတွင် ၂၀၁၆ခုနှစ် မေ ၉ရက်မှစ၍ ဇွန် ၃၀ရက်အထိ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းရရှိနိုင်ပါသည်။

၃။ တင်သွင်းလာသော စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလျှောက်လွှာ (Letter of Expression of Interest)များအနက် အချက်အလက်များနှင့် ပြည့်စုံသော ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီနှင့်အဖွဲ့အစည်းများကို ပဏာမစိစစ်ရွေးချယ်ပြီး တင်ဒါစနစ်ဖြင့် ရွေးချယ်ခေါ်ယူသွားမည် ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**

---

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့

| | | |
|---|---|---|
| (၁) | အရာရှိနေအိမ်လုံးချင်း (၃၆'×၃၂')+(၁၅'×၁၄') RC (၁)ထပ် | (၁)လုံး |
| (၂) | အစည်းအဝေးခန်းမ+ဧည့်ရိပ်သာ (၆၀'×၃၀') RC (၂)ထပ် | (၁)လုံး |
| (၃) | ဝန်ထမ်းနေအိမ် (၂၀'×၂၀') RC (၂)ထပ် | (၁)လုံး |
| (၄) | မော်တော်ယာဉ်ရပ်နားဆောင် (၄၀'×၁၅')ကွန်ကရစ်ခင်း၊ ဇင့်သွပ်မိုး | (၁)လုံး |
| (၅) | ရုံးပင်မဂိတ် (၂)ခုကြား ကွန်ကရစ်လမ်းခင်းခြင်း(၁၅၀'×၁၅') | (၁)ခု |

(ခ) ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်း၊ အေးသာယာမြို့

| | | |
|---|---|---|
| (၁) | အရာရှိ (၄)ခန်းတွဲ (၁၀၀'×၄၀') RC (၃)ထပ် | (၁)လုံး |
| (၂) | ဝန်ထမ်းအိမ်ရာခြံစည်းရိုး အုတ်တံတိုင်းကာရံခြင်း (၆၈၈') | (၁)ခု |

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အထက်ဖော်ပြပါဆောင်ရွက်လိုသည့် လုပ်ငန်းများအလိုက် အတိုင်းအတာများ၊ ဒီဇိုင်းပုံစံများကို လက်ရှိမြေပြင်အခြေအနေ အတိုင်းအတာအရ အသေးစိတ်တွက်ချက်၍ ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် ပုံစံများကို ၁၉-၅-၂၀၁၆ရက် (ကြာသပတေးနေ့) မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) (၁၆း၀၀) နာရီ နောက်ဆုံးထားတင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၆၈၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန
## ၂၀၁၆-၂၀၁၇ခုနှစ်၊ ပညာသင်နှစ်
## အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ (ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီး၊ မင်းတပ်၊ ကလေး၊ မုံရွာ၊ ပခုက္ကူ၊ လားရှိုး၊ ပင်လုံ၊ တောင်ကြီး၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ လှိုင်ကော်၊ နေပြည်တော်၊ မကွေး၊ ပြည်၊ တောင်ငူ၊ စစ်တွေ၊ ဟသ်ာတ၊ မအူပင်၊ ပုသိမ်၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ပင်းပက်၊ မြင်းခြံ၊ ချောင်းဦး၊ ရွာမ၊ လက်ခုပ်ကုန်း၊ တီးတိန်၊ မန္တလေး) စုစုပေါင်း(၃၃)ကျောင်းတို့တွင် သင်တန်းသားသစ်များခေါ်ယူမည် ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) အောင်မြင်သူဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူ ဖြစ်ရမည်။

၃။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာအစိုးရ စက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမှုများအတိုင်း လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းအောင်လက်မှတ် (Certificate) ရရှိပြီးပါက အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့် ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအားတစ်ဦးလျှင်တစ်လ ၃၀၀၀ိ/-နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ် ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
- (က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
- (ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း(Electronics Technology)
- (ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
- (ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
- (င) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
- (စ) ရေခဲသေတ္တာနှင့်လေအေးပေးစက်နည်းပညာသင်တန်း(Refrigeration and Air Conditioning Technology)
- (ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
- (ဇ) သုတနည်းပညာသင်တန်း (Information Technology)

၇။ သင်တန်းများကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု(စံ)သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအဆင့်များရရှိစေရန် စာတွေ့ ၃၀%နှင့် လက်တွေ့ ၇၀%သင်ကြားပေးမည် ဖြစ်ပါသည်။

**သင်ကြားရမည့် ဘာသာရပ်များ**

၈။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်-

| | |
|---|---|
| (က) မြန်မာစာ | (င) ဓာတုဗေဒ |
| (ခ) အင်္ဂလိပ်စာ | (စ) မိမိသင်တန်း၏ အထူးပြုဘာသာရပ် |
| (ဂ) သင်္ချာ | (ဆ) ပုံဆွဲဘာသာရပ် |
| (ဃ) ရူပဗေဒ | |

၉။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၁၁-၅-၂၀၁၆ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၄-၅-၂၀၁၆ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးမှယာဉ်များအတွက် တာယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားများအား ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသော အချက်များကို ပစ္စည်းဝယ်ယူရေးနှင့်သိုလှောင်ရေးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရွာတော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် ဖုန်း-၀၆၇-၅၁၀၂၂၀၊ ၀၆၇-၅၁၀၂၂၁၊ ၀၉-၅၄၀၉၂၂၊ ၀၉-၅၀၈၂၈၈၅၊ ၀၉-၄၄၈၅၃၅၇၉၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၂။ | **ရောင်းချမည့်ပစ္စည်းများ** | - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သင်္ကန်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအရွယ်အစားအမျိုးမျိုးနှင့် အခြားချုပ်ထည်များ |
| ၃။ | **ဈေးပြိုင်ရောင်းချမည့်ရက်** | - ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) |
| ၄။ | **ဈေးပြိုင်ရောင်းချမည့်အချိန်** | - နံနက် ၁၀း၀၀နာရီ |
| ၅။ | **ဈေးပြိုင်ရောင်းချမည့်နေရာ** | - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ အစည်းအဝေးခန်းမ၊ နေပြည်တော် |

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း**

---

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန
## ရှမ်းပြည်နယ်(တောင်ကြီး)၊ လင်းခေးခရိုင်၊ လင်းခေးမြို့

၁။ သစ်တောဦးစီးဌာန၊ လင်းခေးခရိုင်၊ လင်းခေး၊ မိုးနဲ၊ မိုင်းပန်မြို့နယ်တို့ရှိ အောက်ဖော်ပြပါပုံစံ(၈)ဝင် ကျွန်းသစ်/ပိတောက်သစ်/တမလန်းသစ်/ခွဲသား/ တိုင်များ၊ သစ်စက်အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများအား လင်းခေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ၇-၆-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတွင် လက်ရှိမျက်မြင်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ကြီး)အတွင်းသာ သယ်ယူရန်နှင့် ပြည်နယ်ကျော်သယ်ယူခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်ချက်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် | | | စုစုပေါင်း(တန်) |
|---|---|---|---|---|---|
| | | လုံးတန် | ခွဲသားတန် | တိုင် | |
| ၁။ | ကျွန်း | ၀.၅၁၆၀ | - | - | ၀.၅၁၆၀ |
| ၂။ | သစ်မာအုပ်စု(၁) (ပိတောက်၊ တမလန်း) | ၂၇.၄၇၄၈ | ၁.၀၈၂ | ၂၁ လုံး | ၂၈.၅၅၆၈ |
| | စုစုပေါင်း | ၂၇.၉၉၀၈ | ၁.၀၈၂ | ၂၁ လုံး | ၂၉.၀၇၂၈ |

၃။ **ဆက်စပ်ပစ္စည်းများ**

